# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# (၁၉) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၅ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီတွင်ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီဖွဲ့စည်းကြောင်း ကြေညာခြင်း | ၄ |
| ၆ | မက်မန်းမြို့နယ်ရှိ နမ့်နန်းချောင်းမှ ရေအားလျှပ်စစ် ထုတ်လုပ်နိုင်ရေးအတွက် ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၆ |
| ၇ | ပွင့်ဖြူမြို့နယ်ရှိ ကျေးရွာလူထုက သဘောမတူဘဲ၊ တိုင်းဒေသကြီး အစိုးရ၏ ခွင့်ပြုချက်မရဘဲ စက်သုံးဆီအရောင်းဆိုင်သစ် ဆောက်လုပ်ခြင်းကို မည်သို့အရေးယူဆောင်ရွက်မည်နှင့် မည်သည့်ဌာနမှ မည်ကဲ့သို့ ခွင့်ပြုထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၈ | ချီဖွေငယ်ရေးအားလျှပ်စစ် စီမံကိန်းဆောင်ရွက်ခဲ့သည့် CPI ကုမ္ပဏီမှ ဒေသခံတောင်သူများ၏ ခြံမြေနစ်နာမှုနှင့် သီးနှံပင်များ လျော်ကြေးပေးရန် ကျန်ရှိနေသူများကို ကုမ္ပဏီမှ မည်သည့်အချိန်တွင် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၅ |
| ၉ | တောင်ဥက္ကလာပမြို့နယ်၊ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး ၄ ထပ်ဆောင်အား ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလမတိုင်မီ အသစ်ဖွင့်လှစ်ပြီး ဆေးကုသရေးလုပ်ငန်းများ စတင်ပေးနိုင်ရန် မည်သို့စီစဉ် ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၉ |

| | | |
|---|---|---|
| ၁၀ | လေရှီးမြို့နယ်ရှိ ဟိန်ကွတ်၊ ပိန္နဲကုန်း၊ ကော်လ်ကန်၊ ရန်နွေး၊ အောင်ဇေယျ၊ ထိန်းဖာရံနှင့် ကျဲကော့ ကျေးရွာများ၏ ကျေးလက်ကျန်းမာရေး ဌာနခွဲများအား စံကိုက်အဆောက်အဦ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၁ |
| ၁၁ | သနပ်ပင်မြို့နယ်ရှိ ဉာဏ်ကျွန်းကျေးလက် ကျန်းမာရေးဌာနခွဲအား ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့် ပေးရန်နှင့် လောင်မီး၊ ကမာဖရုံ၊ အပိုင်နှင့် ကသဲကုန်းကျေးရွာများတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ များဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၃ |
| ၁၂ | ပြင်ပသူနာပြု အကူသင်တန်းများကို တရားဝင်ဖွင့်လှစ်ခွင့် ပြုထားခြင်း ရှိ/မရှိနှင့် ပြင်ပသူနာပြု သင်တန်းများ၏ အရည်အချင်းများကို မည်သည့်ဌာနက မည်ကဲ့သို့ စနစ်တကျ ကြီးကြပ်ဆောင်ရွက် နေသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၇ |
| ၁၃ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော တရားလွှတ်တော် ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း | ၃၃ |
| ၁၄ | ဦးဉာဏ်ဟိန်း၊ သံဖြူဇရပ်မဲဆန္ဒနယ်က တင်သွင်းသည့် မြန်မာ့လျှပ်စစ် ဖြန့်ဖြူးရေးကဏ္ဍတွင် လျှပ်စစ်မီးလင်းရေးကော်မတီများထံ ရင်းနှီးငွေ ထည့်ဝင်ရန် ဝန်ထုပ်ဝန်ပိုး ဖြစ်နေရရှာသော ဆင်းရဲသား အများပြည်သူ များလည်း ဝန်ထုပ်ဝန်ပိုးမဖြစ်ဘဲ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရန် နောင်အခါ ဖြန့်ဖြူးရေးတွင် ပြည်ထောင်စုလျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဌာနမှ သင့်တင့်သော ဈေးနှုန်းသတ်မှတ်ပေးခြင်း၊ အရင်းကျေကာလ နှင့် အကျိုးခံစားခွင့်ကာလ သတ်မှတ်ပေးခြင်း တို့ကို ခိုင်မာသော စာချုပ်ချုပ်ပြီး အများပိုင်ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ဖြန့်ဖြူး စေသောစနစ်ကောင်းတစ်ရပ် ဖော်ထုတ်ပေးပါရန်အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၅၄ |
| ၁၅ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၀) ရက် မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၆၁ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# (၁၉)ရက်မြောက်နေ့ အစီအစဉ်

# [ ၁–၃–၂၀၁၉ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီတွင် ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တို့၏ အမည်စာရင်းကိုလည်းကောင်း၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကို လည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးတင်အေး၊ မက်မန်း မဲဆန္ဒနယ်၏ **မက်မန်းမြို့နယ်ရှိ နမ့်နန်းချောင်းမှ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေးအတွက် ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်၏ **ပွင့်ဖြူမြို့နယ်ရှိ ကျေးရွာလူထုက သဘောမတူဘဲ၊ တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုချက်မရဘဲ စက်သုံးဆီ အရောင်းဆိုင်သစ် ဆောက်လုပ်ခြင်းကို မည်သို့ အရေးယူဆောင်ရွက် မည်နှင့် မည်သည့်ဌာနမှ မည်ကဲ့သို့ ခွင့်ပြုထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးဇုံးတိန့်၊ ချီဖွေ မဲဆန္ဒနယ်၏ **ချီဖွေငယ်ရေအားလျှပ်စစ်စီမံကိန်း ဆောင်ရွက်ခဲ့သည့် CPI ကုမ္ပဏီမှ ဒေသခံတောင်သူများ၏ ခြံမြေ နစ်နာမှုနှင့် သီးနှံပင်များ လျော်ကြေးပေးရန် ကျန်ရှိနေသူများကို ကုမ္ပဏီမှ မည်သည့်အချိန်တွင် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဒေါက်တာဦးစောနိုင်၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၏ **တောင်ဥက္ကလာပ မြို့နယ်၊ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး (၄) ထပ်အဆောင်အား ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလမတိုင်မီ အသစ်ဖွင့်လှစ်ပြီး ဆေးကုသရေး လုပ်ငန်းများ စတင်ပေးနိုင်ရန် မည်သို့ စီစဉ်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးကျော်ငွေ၊ လေရှီး မဲဆန္ဒနယ်၏ **လေရှီးမြို့နယ်ရှိ ဟိန်ကွတ်၊ ပိန္နဲကုန်း၊ ကော်လ်ကန်၊ ရန်နွေး၊ အောင်ဇေယျ၊ ထိန်းဖာရုံနှင့် ကျဲကော့ ကျေးရွာများ၏ ကျေးလက်ကျန်းမာရေးဌာနခွဲများအား စံကိုက် အဆောက်အဦ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **သနပ်ပင်မြို့နယ်ရှိ ညဏ်ကျွန်း ကျေးလက်ကျန်းမာရေးဌာနခွဲအား ကျန်းမာရေးဌာနအဖြစ် အဆင့်**

**တိုးမြှင့်ပေးရန်နှင့် လောင်မီး၊ ကမာဖရဲ၊ အပိုင်နှင့် ကသဲကုန်းကျေးရွာများတွင် ကျေးလက်ကျန်းမာရေးဌာနခွဲများ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၏ **ပြင်ပသူနာပြုအကူသင်တန်းများကို တရားဝင်ဖွင့်လှစ်ခွင့်ပြုထားခြင်း ရှိ၊ မရှိနှင့် ပြင်ပသူနာပြုသင်တန်းများ၏ အရည်အချင်းများကို မည်သည့်ဌာနက မည်ကဲ့သို့ စနစ်တကျ ကြီးကြပ်ဆောင်ရွက်နေသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဦးဉာဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်က တင်သွင်းသည့် **"မြန်မာ့လျှပ်စစ်ဖြန့်ဖြူးရေးကဏ္ဍတွင် လျှပ်စစ်မီးလင်းရေးကော်မတီများထံ ရင်းနှီးငွေထည့်ဝင်ရန် ဝန်ထုပ်ဝန်ပိုး ဖြစ်နေရရှာသော ဆင်းရဲသား အများပြည်သူများလည်း ဝန်ထုပ်ဝန်ပိုးမဖြစ်ဘဲ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရန် နောင်အခါဖြန့်ဖြူးရေးတွင် ပြည်ထောင်စုလျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သင့်တင့်သောဈေးနှုန်းသတ်မှတ်ပေးခြင်း၊ အရင်းကျေကာလနှင့် အကျိုး ခံစားခွင့်ကာလသတ်မှတ်ပေးခြင်းတို့ကို ခိုင်မာသော စာချုပ်ချုပ်ပြီး အများပိုင် ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ဖြန့်ဖြူးစေသော စနစ်ကောင်းတစ်ရပ် ဖော်ထုတ်ပေးပါရန်"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးဝင်းမြင့်အောင်၊ ဒီပဲယင်း မဲဆန္ဒနယ်၊

(ခ) ဦးသာအောင်၊ မြို့သစ် မဲဆန္ဒနယ်၊

(ဂ) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၊

(ဃ) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၊

၉။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၀)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၁၉)ရက်မြောက်နေ့ မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်**

**(၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်)**

**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၄၀၁ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၂.၆၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစောနိုင်(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ကျွန်တော် ဒေါက်တာစောနိုင်၊ တောင်ဥက္ကလာပမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၀၁ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၂၄ ဦး ရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ခွင့် ၁ ရက်၊

(၂) မြောင်မဲဆန္ဒနယ်မှ ဦးဌေးငွေ ခွင့် ၁ ရက်၊

(၃) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၁ ရက်၊

(၄) အမရပူရမဲဆန္ဒနယ်မှ ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့် ခွင့် ၁ ရက်၊

(၅) ကဝမဲဆန္ဒနယ်မှ ဦးလှသန်း ခွင့် ၁၆ ရက်၊

(၆) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၇) ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ခွင့် ၁ ရက်၊

(၈) မှော်ဘီမဲဆန္ဒနယ်မှ ဦးအောင်ဝင်း ခွင့် ၁ ရက်၊

(၉) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၁၀) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊

(၁၁) ခင်ဦးမဲဆန္ဒနယ်မှ ဒေါက်တာဝင်းအောင် ခွင့် ၁ ရက်၊

(၁၂) မုဒုံမဲဆန္ဒနယ်မှ ဦးစောထွန်း ခွင့် ၁ ရက်၊

(၁၃) ကျိုက်ထိုမဲဆန္ဒနယ်မှ ဒေါက်တာခင်ဆောင် ခွင့် ၁ ရက်၊

(၁၄) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၁ ရက်၊

(၁၅) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက်၊

(၁၆) ကျောက်တံခါးမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၁ ရက်၊

(၁၇) အုတ်ဖိုမဲဆန္ဒနယ်မှ ဦးဇော်မင်း ခွင့် ၁ ရက်၊

(၁၈) ရေနံချောင်းမဲဆန္ဒနယ်မှ ဦးသာချို(ခ)ဦးတင်ကြိုင် ခွင့် ၁ ရက်၊

(၁၉) ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ခွင့် ၁ ရက်၊

(၂၀) ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဦးမျိုးနိုင် ခွင့် ၁ ရက်၊

(၂၁) အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး ခွင့် ၁ ရက်၊

(၂၂) ညောင်ဦးမဲဆန္ဒနယ်မှ ဦးစော ခွင့် ၁ ရက်၊

(၂၃) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးကျော်တင့် ခွင့် ၁ ရက်နှင့်

(၂၄) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၈ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၄ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**မူကြမ်း**

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၈ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၄ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၃၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီတွင်ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ အမျိုးသမီးနှင့်ကလေးသူငယ်အခွင့် အရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းကိုလည်းကောင်း ပြည်သူ့ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီဖွဲ့စည်းကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီမှာပါဝင်မယ့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနဲ့ ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၈)ရက်မြောက်နေ့ ၂၇-၂-၂၀၁၉ ရက်နေ့တွင် တင်ပြခဲ့ပါတယ်။ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီရဲ့

တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် အမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေး ဆိုင်ရာကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည်မဲဆန္ဒနယ်အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဒေါက်တာဒေါ်ကြည်မို့မို့လွင်၊ စဥ့်ကိုင်မဲဆန္ဒနယ်အားလည်းကောင်း အဖွဲ့ဝင်များအဖြစ်

| | | |
|---|---|---|
| (၁) | ဦးဝင်းနိုင် | မိုးကောင်းမဲဆန္ဒနယ် |
| (၂) | ဒေါ်နန်းသန်းသန်းလွင် | ဘားအံမဲဆန္ဒနယ် |
| (၃) | ဒေါ်ဝင့်ဝါထွန်း | ရွာတောမဲဆန္ဒနယ် |
| (၄) | ဒေါ်နီရွှေလျှန်း | ထန်တလန်မဲဆန္ဒနယ် |
| (၅) | ဒေါက်တာဒေါ်အေဇင်လတ် | ရွှေဘိုမဲဆန္ဒနယ် |
| (၆) | ဒေါ်ခင်စန္ဒီ | လောင်းလုံးမဲဆန္ဒနယ် |
| (၇) | ဒေါ်မိကွန်ချမ်း | ပေါင်မဲဆန္ဒနယ် |
| (၈) | ဒေါ်ယဉ်မင်းလှိုင် | ဂန့်ဂေါမဲဆန္ဒနယ် |
| (၉) | ဦးနိုင်ထူးအောင် | နွားထိုးကြီးမဲဆန္ဒနယ် |
| (၁၀) | ဒေါ်နန်းခင်စော | ကွန်ဟိန်းမဲဆန္ဒနယ် |
| (၁၁) | ဒေါ်ခင်စောဝေ | ရသေ့တောင်မဲဆန္ဒနယ် |
| (၁၂) | ဒေါက်တာဒေါ်ရွှေပုံ | ပဲခူးမဲဆန္ဒနယ်နှင့် |
| (၁၃) | ဗိုလ်မှူးကြီးမြင့်ချို | တပ်မတော်သားပြည်သူ့လွှတ်တော် |

ကိုယ်စားလှယ်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် အမျိုးသမီးနှင့်ကလေးသူငယ် အခွင့်အရေး ဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က အတည်ပြု ကြောင်း ကြေညာပါတယ်။

**မှူကြမ်း**

# ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မက်မန်းမြို့နယ်ရှိ နမ့်နန်းချောင်းမှ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေးအတွက် ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်အေး(မက်မန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မက်မန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေး ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မက်မန်းမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးအနေနဲ့ မက်မန်းမြို့ပေါ်မှာ ကျေးရွာအုပ်စုငါးခုက ကျေးရွာခုနှစ်ရွာမှာ ဒီဇယ်ဆီစက်နှင့် နေ့စဉ်ညနေ ၆ နာရီကနေ ၁၀ နာရီအထိ ၄ နာရီ ကြာလျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပြီးတော့ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနတို့ရဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးစီစဉ်ဆောင်ရွက်မှုနှင့် ဆိုလာများ ထောက်ပံ့ပေးမှုနှင့် ကျေးရွာမီးလင်းရေးကို ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိဒီဇယ်သုံးလျှပ်စစ် အင်ဂျင်စက်အနေနဲ့ နေ့စဉ်မီးပေးနိုင်ဖို့အတွက် ၁၃၈ မိုင်ဝေးတဲ့ ကျိုင်းတုံမြို့ကနေပြီးတော့ လစဉ် ဒီဇယ်စက်သုံးဆီသယ်ယူမှုခက်ခဲခြင်း၊ တစ်လလျှင်ဒီဇယ်ဆီဂါလံ ၁၈၃၄ ဂါလံကုန်ကျတဲ့အတွက် ရေရှည်မှာနိုင်ငံတော်ဘဏ္ဍာငွေနှစ်စဉ်ဆုံးရှုံးကုန်ကျလျက်ရှိတာကို တွေ့ရှိရပါတယ်။ မက်မန်းခရိုင်၊ မက်မန်းမြို့နယ် အေးဂျန့်ကျေးရွာအုပ်စု မွန်တို့ကျေးရွာအနီး နမ့်နန်းချောင်းမှ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေးအတွက် ၂၅-၂-၂၀၁၈ ရက်နေ့မှာ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဦးစီးအရာရှိမြို့ပြအဖွဲ့နှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှ လျှပ်စစ်ကျွမ်းကျင်ပညာရှင်များ၊ ဒေသခံကုမ္ပဏီမှ ကျွမ်းကျင်ပညာရှင်များနှင့် ကနဦးတိုင်းတာခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါတယ်။

အဆိုပါတိုင်းတာခြင်းရရှိတဲ့ အချက်အလက်များပေါ်မူတည်ပြီးတော့ 300 KW ထွက်ရှိနိုင်မယ့် စက်ရုံတည်ဆောက်ခြင်း၊ ရေကာတာနှင့် ကွန်ကရစ်ရေသွယ်မြောင်းတည်ဆောက်ခြင်းအတွက် ပူးပေါင်းခွင့်နဲ့ တွက်ချက်ခဲ့ရာမှာ ခန့်မှန်းကုန်ကျငွေ ၈၅၀ ကျပ်သန်း ရေအားလျှပ်စစ်ထုတ်လုပ်မယ့်

စက်ရုံမှ မက်မန်းမြို့သို့ အရှည်လေးမိုင်ကို 11 KVA လိုင်းတည်ဆောက်ခြင်း ကျပ် ၁၀၀ သန်း မက်မန်းမြို့မှ အေးဂျန့်အထိ အရှည်ခြောက်မိုင်ကို 11 KVA လိုင်းတည်ဆောက်ခြင်း ၁၅၆ သန်း ကုန်ကျမှာဖြစ်ပြီးတော့ နမ့်နန်းချောင်းရေအားလျှပ်စစ်စက်ရုံ တည်ဆောက်နိုင်ရေးအတွက် ခရိုင်စီမံခန့်ခွဲမှုကော်မတီ မက်မန်းခရိုင်ရဲ့ ၁၅-၃-၂၀၁၈ ရက်စွဲပါစာမှတ်(၅/၂၂-၆၀ ၀၇၁)ဦးနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် စီမံကိန်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ် ရန်ပုံငွေ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ပြည်နယ်ရန်ပုံငွေနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်ထောင်စုရန်ပုံငွေဆိုပြီးတော့ ခွဲခြားလျာထားကာ ပြည်နယ်ဝန်ကြီးချုပ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရုံးကို တင်ပြထားရှိခဲ့ပေမယ့် လုပ်ငန်းဆောင်ရွက်ခွင့်မရရှိခဲ့ဘဲ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မယ့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုစာရင်းမှာလည်း ဆောင်ရွက်ခွင့်ရရှိရေးအတွက် ထပ်မံပြီးတော့ ထည့်သွင်းလျာထားလျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါ။ ဒါကတော့ ခရိုင်ကို တင်ပြတဲ့စာဖြစ်ပါတယ်။ ဒါကတော့ ပြည်နယ်ကို တင်ပြတဲ့စာဖြစ်ပါတယ်။ ဒါကတော့ သူတို့ သက်ဆိုင်ရာ ဒေတာအချက်အလက်တွေဖြစ်ပါတယ်။ လုပ်မည့်လုပ်ငန်းလျာထားချက်ဖြစ်ပါတယ်။ ဒါ Google ကထုတ်လုပ်တဲ့ တွေ့မြင်ရတဲ့ပုံဖြစ်ပါတယ်။ ဒါရေကာတာဆောက်လုပ်ရန်အတွက် တိုင်းတာ နေပုံဖြစ်ပါတယ်။ လက်ရှိတင်ပြတာလည်း တိုင်းတာနေတဲ့ပုံဖြစ်ပါတယ်။ မြေနေရာရွေးချယ် မှတ်တမ်း ဓာတ်ပုံများ ဖြစ်ပါတယ်။ ရေစစ်ဆေးမှုမှတ်တမ်းဓာတ်ပုံများ ဖြစ်ပါတယ်။ ဒါလက်ရှိသုံးနေတဲ့ ထရန်စဖော်မာတွေ၊ ဓာတ်ကြိုးလိုင်းတွေ၊ မီးစက်တွေဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ယခုအခါ မက်မန်းမြို့နယ်ဟာ ခရိုင်ရုံးစိုက်ရာမြို့ဖြစ်လာတဲ့အတွက် နမ့်နန်းချောင်းရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ပါက အစိုးရဌာနဆိုင်ရာရုံးများအနေနဲ့ မီးရရှိမှဆောင်ရွက်နိုင်မည့် ရုံးလုပ်ငန်းများကို ညပိုင်းမှာဆောင်ရွက်ရန်မလိုတော့ဘဲ ရုံးလုပ်ငန်းနှောင့်နှေးကြောင့်ကြာမှုများ အဆင်မပြေမှုများ လျော့နည်းသွားမှာဖြစ်သလို ဒေသတွင်းအသေးစားကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လာနိုင်မှာဖြစ်ပြီးတော့ နှစ်စဉ်နိုင်ငံတော်မှ စက်သုံးဆီကုန်ကျစရိတ်များသက်သာခြင်း၊ တိုင်းရင်းသားပြည်သူလူထုရဲ့ လူမှုစီးပွားဘဝ၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်လာခြင်း စတဲ့အချက်များကြောင့် မက်မန်းမြို့နယ်မှာရှိတဲ့ နမ့်နန်းချောင်းမှ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေး အတွက် ရေအားလျှပ်စစ်စက်ရုံတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ အစီအစဉ်ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပြီးတော့ အစီအစဉ်မရှိပါကလည်း မည်သည့်

အတွက်ကြောင့်မရှိသည်ကို သိရှိလိုတဲ့အတွက် အထက်ပါမေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ အစိုးရအဖွဲ့ဝင်များ၊ တက်ရောက်လာသည့် ဧည့်ပရိတ်သတ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မက်မန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်းစားလှယ် ဦးတင်အေးမေးမြန်းသည့် မက်မန်းမြို့နယ်ရှိ နမ့်နန်းချောင်းရေအားလျှပ်စစ် ထုတ်လုပ်နိုင်ရေးအတွက် ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ကျွန်တော် ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မက်မန်းမြို့နယ်မှာရှိတဲ့ နမ့်နန်းချောင်းရဲ့ ရေအားအရင်းအမြစ်ကိုအသုံးပြု၍ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေးကိစ္စနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရရဲ့ ညှိနှိုင်းမှုအရ နည်းပညာဆိုင်ရာအကူအညီပေးရန်အလို့ငှာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့မှ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်းမှာ သက်ဆိုင်ရာဒေသသို့ စူးစမ်းတိုင်းတာရေးအဖွဲ့ကို စေလွှတ်ပြီး နမ့်နန်းချောင်းရဲ့ရေအားလျှပ်စစ်အရင်းအမြစ်ကို စူးစမ်းတိုင်းတာရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်။

စူးစမ်းတိုင်းတာလေ့လာမှုများအရ နမ့်နန်းချောင်းမှနေ၍ လျှပ်စစ်ဓာတ်အား ၄၀၀ ကီလိုဝပ်ခန့်အထိ ထုတ်ယူအသုံးပြုနိုင်မည်ဖြစ်ကြောင်း တွက်ချက်ရရှိခဲ့ပါတယ်။ စူးစမ်းတိုင်းတာတွေ့ရှိမှုအခြေအနေများကို အစီရင်ခံစာပြုစုပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံကို ၂၀၁၈ ခုနှစ် ဧပြီလမှာ ပေးပို့ခဲ့ပြီး ဖြစ်ပါတယ်ခင်ဗျား။ ၄၀၀ ကီလိုဝပ်အရွယ်အစားဖြစ်သည့်အတွက်ကြောင့် အသေးစားရေအားလျှပ်စစ်အမျိုးအစားဖြစ်ပါတယ်ခင်ဗျား။ အသေးစား သို့မဟုတ် အလတ်စားရေအားလျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးရေးနှင့်ပတ်သက်ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်ရဲ့ ပုဒ်မ ၁၈၈ ဇယား ၂ အပိုဒ် ၄ အပိုဒ်ခွဲ(က)မှာ ပြည်ထောင်စုကစီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အား

ထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်းနှင့်ဆက်သွယ်ခြင်းမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးဟု ဖော်ပြထားသည့်အတွက် နိုင်ငံတော်ဓာတ်အားကွန်ယက်စနစ်နှင့်လည်း မချိတ်ဆက်သည့်ကတစ်ကြောင်း၊ အသေးစားရေအားလျှပ်စစ်စီမံကိန်း ဖြစ်သည့်ကတစ်ကြောင်း ကြောင့် ရှမ်းပြည်နယ်အစိုးရက စီမံခန့်ခွဲခွင့်ရှိသည့် ရေအားလျှပ်စစ်လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း ရှင်းလင်း တင်ပြအပ်ပါတယ်။

ထို့အပြင် လျှပ်စစ်ဥပဒေ ၂၀၁၄ ခုနှစ် ပုဒ်မ ၁၃ မှာလည်း ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်းနှင့်ဆက်သွယ်ခြင်း မရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကစီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစား ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းဖြစ်ပါက ခွင့်ပြုမိန့်ထုတ်ပေးနိုင်သူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံလုပ်ငန်း ဆောင်ရွက်လိုသည့် မည်သည့်ပုဂ္ဂိုလ်အဖွဲ့အစည်းကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ခွင့်ပြုမိန့် ထုတ်ပေးနိုင်သည်ဟု ဖော်ပြထားရှိပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထား သော မက်မန်းမြို့နယ်ရှိ နမ့်နမ်းချောင်းမှရေအားလျှပ်စစ်ထုတ်လုပ်ရေးအတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရလည်းကောင်း၊ လျှပ်စစ်ဥပဒေအရလည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရ၏ စီမံခန့်ခွဲမှုဖြင့် ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ပြည်နယ်အစိုးရထံ အကြောင်းပြန်ကြားခဲ့တာ ဖြစ်ပါတယ်။ ယခုမေးခွန်းနှင့်ပတ်သက်ပြီး ဝန်ကြီးဌာနက ရှမ်းပြည်နယ် အစိုးရထံ ညှိနှိုင်းမေးမြန်းခဲ့ရာ နမ့်နန်းချောင်းမှ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေးအတွက် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးဦးစီးဌာန ပြည်ထောင်စုရန်ပုံငွေဖြင့်လည်းကောင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ပြည်နယ်ရန်ပုံငွေဖြင့် လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ပြည်နယ်ရန်ပုံငွေဖြင့်လည်းကောင်း လျာထားဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်စီစဉ်ဆောင်ရွက်နေပါကြောင်း ရှမ်းပြည်နယ်အစိုးရ၏ အဖြေအား ကိုယ်စားဆက်လက်ဖြေ ကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပွင့်ဖြူမြို့နယ်ရှိ ကျေးရွာလူထုက သဘောမတူဘဲ၊ တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုချက်မရဘဲ စက်သုံးဆီအရောင်းဆိုင်သစ် ဆောက်လုပ်ခြင်းကို မည်သို့အရေးယူဆောင်ရွက်မည်နှင့် မည်သည့်ဌာနမှ မည်ကဲ့သို့ ခွင့်ပြုထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်း(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ လေးစာအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်အပေါင်း ကျန်းမာချမ်းသာစေကြောင်း ဦးစွာပဏာမဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဖြစ်ပြီး ကျေးရွာလူထုက သဘောမတူဘဲ၊ တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုချက်မရဘဲ စက်သုံးဆီအရောင်းဆိုင်သစ် ဆောက်လုပ်ခြင်းကို မည်ကဲ့သို့အရေးယူဆောင်ရွက်မည်နှင့် မည်သည့်ဌာနမှ မည်ကဲ့သို့ ခွင့်ပြုထားသည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ သရက်အုပ်ကျေးရွာအုပ်စု၊ ကုလားကုန်းကျေးရွာတွင် စက်သုံးဆီအရောင်းဆိုင်အသစ် ဖွင့်လှစ်ရန်အတွက် စက်သုံးဆီဆိုင် ဆောက်လုပ်နေမှုကို ကျေးရွာသူကျေးရွာသား ၂၁၆ ဦးမှ လက်မှတ်ရေးထိုးပြီး ၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်တွက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံလိပ်မူပြီး မိမိထံမိတ္တူပေးခဲ့ပါတယ်။ အဲဒီရက်မှာပဲ ဝန်ကြီးချုပ်က ကျေးရွာသူကျေးရွာသားများမှ သဘောတူညီကြောင်း လက်မှတ်ရေးထိုးကာ တင်ပြလာပါက ဖွင့်လှစ်ခွင့်ပြုမယ်လို့လည်း စာပြန်ခဲ့ပြီးဖြစ်ပါတယ်။ သို့သော်လည်း ကျေးရွာသူကျေးရွာသားများ၏ သဘောတူညီချက်ကို ရယူတဲ့စာပြန်လည်တင်ပြလာခြင်း မရှိပါဘူး။

Power Point သုံးခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဒါကတော့ ဒီ ၂၀၁၆ နှစ်ဦးပိုင်းမှာ ဆီဆိုင်စတင်မဆောက်လုပ်မီမှာပဲ အုတ်၊ သဲတွေ၊ ကျောက်တွေမပုံမီ ကျေးရွာသူကျေးရွာသားတွေက ကန့်ကွက်တဲ့ပုံဖြစ်ပါတယ်။ ဒါဟာ ဒုတိယအကြိမ် ဝန်ကြီးချုပ်ထံ ကန့်ကွက်တဲ့စာဖြစ်ပါတယ်။ ကန့်ကွက်တဲ့ကြားထဲကနေပြီးတော့မှ တိုင်းဒေသကြီးက ခွင့်မပြုတဲ့ကြားထဲကနေပြီးတော့ ဒီဆီဆိုင်တွေကို ဆက်လက်ဆောက်လုပ်နေတဲ့ပုံဖြစ်ပါတယ်။ ဒါဟာ မြို့နယ်မှခွင့်မပြုသည့်တိုင် ဆက်လက်တည်ဆောက်နေတဲ့ပုံဖြစ်ပါတယ်။ မြို့နယ်ကလည်း ခွင့်မပြုကြောင်း စာထုတ်ပြန်ထားတဲ့ပုံဖြစ်ပါတယ်။ ထုတ်ပြန်ထားတဲ့

ထဲကပဲ ဆက်လက်ဆောက်နေတဲ့ပုံတွေ ဖြစ်ပါတယ်။ ဒါကတော့ ခရိုင်အုပ်ချုပ်ရေးမှူးကနေပြီးမှ ခွင့်မပြုတဲ့အကြောင်း၊ တိုင်းဒေသကြီးဝန်ကြီးကနေပြီးမှ ခွင့်မပြုဖို့အကြောင်း စာထုတ်ထားတဲ့စာဖြစ်ပါတယ်။ အဲဒီကြားထဲကပဲ ဆက်လက်ပြီးတော့မှ ဆောက်လုပ်နေတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ပြည်ထောင်စုဝန်ကြီးသို့ ဝန်ကြီးချုပ်ကနေပြီးမှ သိရှိရန် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ထားတဲ့စာရွက်ကိုတင်ပြထားတဲ့စာဖြစ်ပါတယ်။ ဒါကတော့ ပြည်ထောင်စုအစိုးရဝန်ကြီးချုပ်ထံတင်ပြထားတဲ့စာဖြစ်ပါတယ်။ အဲဒီလိုအတန်တန်တားတဲ့ကြားကနေပြီးတော့မှ အခုဒီအခြေအနေအထိ ဆောက်လုပ်ပြီးစီးသွားတဲ့ပုံဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလို ကျေးရွာလူထုကလည်း ကန့်ကွက်နေတယ်။ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးအစိုးရကလည်း အတန်တန်တားနေတဲ့ကြားထဲက အခုလိုပြီးစီးအောင်အထိဆောက်လုပ်ခြင်းဟာ အင်မတန်အတင့်ရဲလှပါတယ်။ စဉ်းစားစရာလည်းဖြစ်ပါတယ်။ မေးခွန်းထုတ်စရာတွေလည်း ဖြစ်လာပါတယ်။ မည်သူရဲ့ခွင့်ပြုမိန့်နဲ့ဆောက်တာလဲ။ ဘယ်သူ့အားကိုးနဲ့လုပ်တာလဲ။ ငွေအားကိုးနဲ့လား၊ လူအားကိုးနဲ့လားမေးစရာတွေ ဖြစ်လာပါတယ်။ ဒါတွေမကသေးပါဘူး။ ဥပဒေစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းတွေကျော်ပြီးတော့ တရားမဝင် ဘာလို့တည်ဆောက်တာလဲ။ တရားမဝင်တာကို တရားဝင်ဖြစ်အောင်၊ စည်းမျဉ်းစည်းကမ်းနှင့်မညီတာကို စည်းမျဉ်းစည်းကမ်းနှင့်မညီညီအောင် ဘယ်သူတွေကလုပ်ပေးတာလဲ၊ ဘယ်သူတွေက ခွင့်ပြုတာလဲ။ အခုလိုတည်ဆောက်ခြင်းဟာ လက်ရှိအစိုးရကို မထီမဲ့မြင်ပြုရာရောက်သလို ပြည်သူ့အစိုးရကို ယုံမှားသံသယများဖြစ်ပေါ်စေပါတယ်။ လက်ရှိသွားနေတဲ့လမ်းကြောင်းအမှန်ဖြစ်တဲ့ တရားဥပဒေစိုးမိုးရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလမ်းကြောင်းတွေကိုလည်း သွေဖြည်သွားစေပါတယ်။ သို့ဖြစ်ပါ၍ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်ဖို့၊ အဂတိလိုက်စားမှု အကျင့်ပျက်ခြစားမှုတွေနည်းပါးအောင် မလိုလားအပ်သော ပြဿနာများမဖြစ်ပေါ်စေရန်အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အထက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း မေးမြန်းသည့် ကျေးရွာလူထု၏ သဘောမတူဘဲ၊ တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုချက်မရဘဲ စက်သုံးဆီအရောင်းဆိုင်သစ်ဆောက်လုပ်ခြင်းအား မည်ကဲ့သို့အရေးယူဆောင်ရွက်မည်နှင့် မည်သည့်ဌာနက မည်ကဲ့သို့ ခွင့်ပြုထားသည်ကို ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ကျွန်တော်ဒုတိယဝန်ကြီးက ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ပွင့်ဖြူမြို့နယ်၊ သရက်အုပ်ကျေးရွာအုပ်စု၊ ကုလားကုန်းကျေးရွာအနီးတွင် စက်သုံးဆီဆိုင်တည်ဆောက်ရန်အတွက် မကွေးမြို့ အောင်ဇေယျရပ်ကွက်နေ ဦးမင်းနိုင်မှ အဆိုပြုတင်ပြလာသည့်အချက်တွင် မြေအကျယ်အဝန်း အဆောက်အဦဒီဇိုင်း ပန့်တိုင်ထိုင်ထားမှုများ မြေပေါ်မြေအောက်သိုလှောင်ကန်များ၏ တည်နေရာနှင့်အကွာအဝေးများ ဒီဇိုင်းများနှင့် Detal Drawing များကို မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်ကို အဆိုပြုတင်ပြလာခဲ့တာ ဖြစ်ပါတယ်။ အဆိုပြုတင်ပြလာတဲ့အချက်မှာ ပါဝင်တဲ့ ဒီဇိုင်းများနှင့် Detal Drawing များကို ဆီဆိုင်တစ်ဆိုင်ဖွင့်လှစ်နိုင်ရန်သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ/မရှိဆိုတဲ့အချက်ကို အဓိကထားပြီး မြန်မာ့ရေနံထွက်လုပ်ငန်းကဦးစွာစိစစ်ပြီး အကြောင်းပြန်ကြားခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်မှာ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလမှာ ကုလားကုန်းကျေးရွာမှာနေတဲ့ ပြည်သူလူထုကနေပြီးတော့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တိုင်ကြားချက်အရ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၁၆ ခုနှစ် နှစ်ကုန်မှာပဲ အဆိုပါစက်သုံးဆီဆိုင်အား တည်ဆောက်ခြင်းကို ချက်ခြင်းရပ်တန့်စေရေး သတိပေးကြပ်မတ်ဆောင်ရွက်သွားရန် ဆုံးဖြတ်ချက်အရ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကနေ ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှာ စစာတစ်စောင်ထုတ်၍လည်းကောင်း၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှာ ဒုတိယစာတစ်စောင်ထုတ်၍လည်းကောင်း အကြောင်းကြားပြီး တားမြစ်ခဲ့တာဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၃၉/၂၀၁၇) ဆုံးဖြတ်ချက်အပိုဒ် ၁၁ အရလည်း စက်သုံးဆီအရောင်းဆိုင်တည်ဆောက်ခြင်းလုပ်ငန်းအား ခွင့်မပြုကြောင်း

ဆုံးဖြတ်ထားရှိမှုကို ကာယကံရှင်အား အသိပေးချပြရှင်းလင်းနိုင်ရန်အတွက် ၂၈-၁၁-၂၀၁၇ ရက်နေ့တွင် ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ မြို့နယ်စီမံခန့်ခွဲရေးကော်မတီများရဲ့ ရှေ့မှောက်မှာ ဆီဆိုင်တည်ဆောက်နေသူ ဦးမင်းနိုင်အား တွေ့ဆုံပြီးအသိပေးရှင်းလင်းခဲ့ကြောင်း သိရှိရပါတယ်။ ထိုသို့အသိပေးရှင်းလင်းခဲ့သည့်တိုင် ဦးမင်းနိုင်အနေဖြင့် လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ စက်သုံးဆီဆိုင်တည်ဆောက်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခဲ့တဲ့အတွက် ဦးမင်းနိုင်အား ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၇-၂-၂၀၁၈ ရက်စွဲပါစာဖြင့် စက်သုံးဆီဆိုင်တည်ဆောက်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခြင်းမပြုရန်နှင့် လိုက်နာမှုမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံစာဖြင့်အကြောင်းကြားခဲ့ပါတယ်။

အဆိုပါတားမြစ်ချက်များအပေါ် လိုက်နာဆောင်ရွက်မှုမရှိခြင်းကြောင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂-၄-၂၀၁၈ ရက်နေ့တွင်ကျင်းပသည့် လုံခြုံရေးနှင့်သတင်းညှိနှိုင်းအစည်းအဝေးတွင် အမှတ်စဉ်(၁၀/၂၀၁၈) ဆုံးဖြတ်ချက်အပိုဒ် ၁ အရ မင်းထက်ကွယ်(၂)စက်သုံးဆီဆိုင်အား ကျေးရွာအုပ်ချုပ်ရေးမှူးမှ တရားလိုပြုလုပ်၍ အမှုဖွင့်အရေးယူဆောင်ရွက်ရန် ဆုံးဖြတ်ချက်အရ ၁၉-၄-၂၀၁၈ ရက်နေ့တွင် သရက်အုပ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှ တရားလိုပြုလုပ်၍ တရားစွဲဆိုဆောင်ရွက်သွားရန် အကြောင်းကြားခဲ့ပါတယ်။ ထိုသို့အကြောင်းကြားချက်အရ သရက်အုပ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ပွင့်ဖြူမြို့မရဲစခန်းသို့ ဥပဒေအရအရေးယူဆောင်ရွက်ပေးနိုင်ပါရန် တိုင်ကြားခဲ့ပြီး ပွင့်ဖြူမြို့နယ်တရားရုံးတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက တရားလိုပြုလုပ်၍ တရားစွဲဆိုဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးထွန်းထွန်း(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ အပြည့်အစုံဖြေကြားပေးသွားတဲ့ဝန်ကြီးကို အထူးပဲကျေးဇူးတင်ပါတယ်။ ကျွန်တော့်ကို တစ်ဆက်တစ်စပ်တည်းမေးခွန်းမေးခွင့်ပြုပါခင်ဗျား။ တိုင်းဒေသကြီးအစိုးရကနေပြီးတော့ ညွှန်ကြားထားတဲ့၊ တင်ပြထားတဲ့စာတွေလည်း ကျွန်တော်တင်ပြပြီးပါပြီ။ အဲဒီတော့ အကြိမ်ကြိမ်တားနေတဲ့ကြားထဲက ဇွတ်ထိုးဇွတ်ကန်ဆောက်တာလည်း ဆောက်လို့ပြီးသွားပါပြီ။ အဲဒီတော့ အခုသက်ဆိုင်ရာရပ်/ကျေးအုပ်ချုပ်ရေးမှူးကနေပြီးတော့မှ တရားလိုပြုပြီးတော့ တရားစွဲရမယ်ဆိုတာလည်း ပါပါတယ်။ သို့သော်လည်း သူကပြန်ပြီးတော့ ရွာခွဲတာဝန်ခံနဲ့တိုင်ကြားတဲ့သူတွေကို တရားစွဲဆိုထားတာလည်း ရှိပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာဝန်ကြီးဌာန

အနေနဲ့ မည်ကဲ့သို့အရေးယူဆောင်ရွက်မလဲ။ ဒီမှာပါတဲ့ ပါဝင်ပတ်သက်ရာပတ်သက်ကြောင်းဖြစ်တဲ့ ဌာနဆိုင်ရာဝန်ထမ်းတွေကိုလည်း စုံစမ်းစစ်ဆေးပြီးတော့ အပြစ်ပေးအရေးယူဖို့ ရှိ/မရှိ သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားပေးရန် ဖြစ်ပါတယ်။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ ပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့ စက်သုံးဆီဆိုင်များကို စီမံခန့်ခွဲရာမှာ စက်သုံးဆီဆိုင်က တည်ဆောက်မယ့်ဒီဇိုင်းအသေးစိတ်များကို စိစစ်ခြင်းတာဝန်ယူရပါတယ်။ အဆိုပါဒီဇိုင်းအတိုင်း မတည်ဆောက်မီမှာ ကနဦးတင်ပြရပါတယ်။ ကနဦးတင်ပြချက်များကို စိစစ်ပြီးတော့ ဒီဇိုင်းအတည်ပြုချက်ကို ပြန်ကြားတာ ဖြစ်ပါတယ်။ ဒီဇိုင်းအတည်ပြုချက်အတိုင်း တည်ဆောက်ခြင်းကို တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များက မြေအသုံးချခွင့်ပြုမိန့်များ၊ ဒေသပြည်သူများရဲ့ စက်သုံးဆီဆိုင်ရောင်းချမှုအပေါ် ထောက်ခံချက်များ၊ မြေပေါ်၊ မြေအောက်သိုလှောင်ကန်များ တည်ဆောက်ထားခဲ့လို့ရှိရင် သက်ဆိုင်ရာသယံဇာတနှင့်ပတ်ဝန်းကျင်ဝန်ကြီးဌာနကနေ စက်သုံးဆီသိုလှောင်ခွင့်ခွင့်ပြုမိန့်၊ မီးသတ်ဦးစီးဌာနရဲ့မီးဘေးအန္တရာယ်ကင်းရှင်းကြောင်း ထောက်ခံချက်များ အပြည့်အစုံနှင့်တကွ ဒုတိယအကြိမ် ပြန်လည်တင်ပြလာသည့်အခါကျမှ အချက်အလက်များပြည့်စုံမှန်ကန်မှုရှိပါက ပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့ အဆိုပါဆီဆိုင်အား စက်သုံးဆီသိုလှောင်ရောင်းချခွင့်လိုင်စင်ထုတ်ပေးတာ ဖြစ်ပါတယ်။ ယခုအချိန်အထိ ပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့ စက်သုံးဆီသိုလှောင်ရောင်းချခွင့်လိုင်စင်ထုတ်ပေးထားခြင်း မရှိသေးပါဘူး။ ဒီအတွက် လိုင်စင်မရှိဘဲ ရောင်းချခြင်းပြုလုပ်သည့်အချိန်ကျမှသာ ဥပဒေအရ ပြည်ထောင်စုဝန်ကြီးဌာနက ဥပဒေသက်ရောက်ပြီး အရေးယူနိုင်မှာဖြစ်ပြီး လက်ရှိအခြေအနေမှာ တည်ဆောက်ဆဲအဆင့်၊ တည်ဆောက်ပြီးအဆင့်သာဖြစ်နေတဲ့အတွက်ကြောင့် လိုင်စင်ဆက်လက်ပြီး လျှောက်ထားတဲ့အဆင့်မှာလည်း ရပ်တန့်ထားခြင်းဖြစ်တဲ့အတွက်ကြောင့် ဥပဒေကိုတော့ ရေနံထွက်ပစ္စည်းများ သိုလှောင်ဖြန့်ဖြူးရောင်းချခြင်းဥပဒေအရတော့ ကျူးလွန်နေတဲ့အဆင့်ကို မရောက်ရှိတဲ့အတွက်ကြောင့် ထိုဥပဒေနှင့်တော့ အရေးယူလို့မရသေးတာဖြစ်ပါတယ်။

ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ဝန်ထမ်းတွေရဲ့ပါဝင်ပတ်သက်မှုရှိနေခြင်းအား မည်ကဲ့သို့အရေးယူမည်နည်းဆိုတဲ့ကိစ္စနှင့်ပတ်သက်ပြီးတော့ တိကျတဲ့အချက်အလက်များနှင့် ပေးပို့တိုင်ကြားခဲ့ရင် ကျွန်တော်တို့ဝန်ကြီးဌာနက လုပ်ထုံးလုပ်နည်းများနှင့်အညီ အဖွဲ့များဖွဲ့စည်းပြီးတော့ စိစစ်က

ဖောက်ဖျက်ကျူးလွန်မှုများရှိပါက နိုင်ငံ့ဝန်ထမ်းဥပဒေများနှင့်အညီ အရေးယူအပြစ်ပေးသွားမှာ ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ချီဖွေငယ်ရေးအားလျှပ်စစ်စီမံကိန်းဆောင်ရွက်ခဲ့သည့် CPI ကုမ္ပဏီမှ ဒေသခံတောင်သူများ၏ ခြံမြေနစ်နာမှုနှင့် သီးနှံပင်များလျော်ကြေးပေးရန် ကျန်ရှိနေသူများကို ကုမ္ပဏီမှမည်သည့်အချိန်တွင် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဇုံးတိန့်(ချီဖွေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး အမှူးပြု၍ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ချီဖွေ မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုံးတိန့် ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်တွင် CPI ကုမ္ပဏီမှ ချီဖွေငယ်ရေအားလျှပ်စစ်စီမံကိန်းကို လွှန်ခဲ့တဲ့ ၂၀၀၈ ခုနှစ်မှ စီမံကိန်းလုပ်ငန်းကိုစတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ၃၃ မဂ္ဂါဝပ် ရေအားလျှပ်စစ်ထုတ်လုပ်စက်သုံးလုံးကို တည်ဆောက်တပ်ဆင်ခဲ့ပြီး လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ရောင်းချခဲ့ပြီး ယခုအချိန်တွင်ဝင်ငွေများရရှိနေပြီးသော လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ ထို CPI ကုမ္ပဏီမှ ချီဖွေငယ်ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းကို စတင်ဆောင်ရွက်ရန် ဒေသခံတောင်သူများရဲ့ လုပ်အားများဖြင့် ခုတ်ထွင်ရှင်းလင်းဖော်ထုတ်စိုက်ပျိုးထားသော ခြံမြေများနှင့် သီးနှံပင်များရှိတဲ့နေရာတွင် ၎င်းရေအားလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းစက်ရုံနှင့် ရေကာတာကို တည်ဆောက်ရန်နယ်မြေအဖြစ် သတ်မှတ်သိမ်းယူခဲ့ပြီး စတင်တည်ဆောက်ခဲ့သော စီမံကိန်းလုပ်ငန်း ဖြစ်ပါတယ်။

ယခု ချီဖွေငယ်ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းစတင်ဆောင်ရွက်ခဲ့စဉ် တောင်သူများ၏ လယ်မြေနှင့်သီးနှံပင်များနစ်နာကြေးအချို့ကို ဆောင်ရွက်ပေးခဲ့သော်လည်း ခြံမြေနှင့်သီးနှံပင်များ နစ်နာမှုအချို့ကို ယနေ့ထိတိုင်အောင် စီစဉ်ဆောင်ရွက်ပေးခြင်းမပြုဘဲ ရပ်ဆိုင်းနေသည်ကိုတွေ့ရှိရပါတယ်။ ထို ချီဖွေငယ်ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းတွေသည် ယခုအချိန်တွင် ဝင်ငွေများရရှိနေပြီးတော့ နှစ်ကြာလများလည်းကြာခဲ့ပြီးသော်လည်း ယနေ့အချိန်ထိ ဒေသခံတောင်သူများရဲ့ ခြံမြေနစ်နာမှုနှင့် သီးနှံပင်များရဲ့လျော်ကြေးကို ဆောင်ရွက်ပေးရန် အချို့ကျန်ရှိနေသည်ကိုတွေ့ရှိရပါတယ်။

အဆိုပါတောင်သူများ မိမိတို့ရဲ့လုပ်အားနဲ့ခုတ်ထွင်ရှင်းလင်းခဲ့သော ခြံမြေနစ်နာမှုနှင့် စိုက်ပျိုးထားသော သီးနှံပင်များနစ်နာကြေးကို သက်ဆိုင်ရာမြို့စီမံခန့်ခွဲအုပ်ချုပ်ရေးအဖွဲ့မှလည်း အကြိမ်ကြိမ်တင်ပြခဲ့သော်လည်း ထိုဒေသခံတောင်သူများအချို့ရဲ့ ခြံမြေနစ်နာမှုနဲ့ သီးနှံပင်များနစ်နာမှုကို ပေးလျော်ရန်ကျန်ရှိနေတာကိုတွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ချီဖွေငယ်ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်သော CPI ကုမ္ပဏီမှ ဒေသခံတောင်သူများရဲ့ ပေးရန်ကျန်ရှိနေသော ခြံမြေနစ်နာမှုနှင့် သီးနှံပင်များနစ်နာကြေးကို မည်သည့်အချိန်၊ မည်ကဲ့သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုံးတိန့် မေးမြန်းသည့် ချီဖွေငယ်ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းဆောင်ရွက်ခဲ့သည့် CPI ကုမ္ပဏီက ဒေသခံတောင်သူများ၏ ခြံမြေနစ်နာမှုနှင့်သီးနှံပင်များလျော်ကြေးပေးရန်ကျန်ရှိနေမှုများကို မည်သည့်အချိန် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကိုသိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်ကဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

Power Point သုံးစွဲခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ချီဖွေငယ်ရေအားလျှပ်စစ်စီမံကိန်း ၉၉ မဂ္ဂါဝပ်အား ၂၀၀၈ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပါတယ်။ စီမံကိန်းနှင့်မလွတ်ကင်းသော နှစ်ရှည်ပင်များ၊ လယ်မြေများနှင့် နေအိမ်များကို ထိုစဉ်ကာလက ဒေသဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် ကုမ္ပဏီတို့ပူးပေါင်းပြီး စာရင်းများအား အသေးစိတ်ကောက်ယူပြုစုခဲ့တာ ဖြစ်ပါတယ်။ အဆိုပါပြုစုခဲ့တဲ့စာရင်းများအရ ပေးလျော်ရန်ရှိတဲ့ ကိစ္စရပ်များကိုစတင်ပေးလျော်ခဲ့တာဖြစ်ပါတယ်။ ပေးလျော်ပြီးခဲ့တဲ့အနေအထားမှာ စီမံကိန်းလုပ်ငန်းခွင်နဲ့မလွတ်ကင်း၍လျော်ကြေးပေးရန် ခုနစ်ဦးရှိခဲ့ပါတယ်။ ကုမ္ပဏီက ၂၀၀၈ ခုနှစ်မှာ ဒေသပေါက်ဈေးနှုန်းများအတိုင်း နစ်နာကြေးပေးချေခြင်းဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုကာ ချီဖွေမြို့နယ်

အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၏ သီးနှံပင်နှင့်နေအိမ်တဲနှင့် လယ်မြေများအတွက် ၁၀-၂-၂၀၁၀ ရက်နေ့တွင်လည်းကောင်း၊ ၈-၇-၂၀၁၁ ရက်နေ့တွင်လည်းကောင်း၊ ၁၀-၁-၂၀၀၉ ရက်နေ့နှင့် ၄-၃-၂၀၁၁ ရက်နေ့တို့တွင် ဒေသခံတောင်သူခုနစ်ဦးတို့ကို စုစုပေါင်းလျော်ကြေးငွေကျပ်သန်း ၁၄၅၂၀၃၉၀ ကို အပြီးအပြတ်ပေးလျော်ခဲ့တာဖြစ်ပါတယ်။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာမှာ စက်ယန္တရားများ၊ စက်မှုလျှပ်စစ်ပစ္စည်းများနှင့် တည်ဆောက်ရေးပစ္စည်းများသယ်ယူရန် အလို့ငှာ စီမံကိန်းတည်နေရာနှင့်မသက်ဆိုင်ဘဲ မူလ ချီဖွေ-ပန်ဝါလမ်းဟောင်းကို အခြေခံပြီးတော့ ချီဖွေ-ပန်ဝါလမ်းအသစ်အဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်ခြင်းလုပ်ငန်းနဲ့ ဆောင်ရွက်ပေးခဲ့ရပါတယ်။

အဆိုပါလုပ်ငန်းဆောင်ရွက်ရာမှာ မလွတ်ကင်းတဲ့ စားပင်၊ သီးပင်၊ နှစ်ရှည်ပင်၊ အိုးအိမ်နှင့် လယ်မြေများကိုလည်း လျော်ကြေးပေးရန် ထပ်မံအကြောင်းပေါ်ပေါက်လာခဲ့တာဖြစ်ပါတယ်။ အဆိုပါကိစ္စရပ်အတွက် ထိုစဉ်ကာလက သက်ဆိုင်ရာဒေသအစိုးရအဖွဲ့အစည်းများ၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် ကုမ္ပဏီတို့ပူးပေါင်းပြီး စာရင်းများကိုအသေးစိတ်ဆက်လက်ကောက်ယူခဲ့တာဖြစ်ပါတယ်။ ကုမ္ပဏီသည် အထူးဒေသ(၁)အဖွဲ့အစည်း၏အကြီးအကဲများနှင့်လည်း ညှိနှိုင်းခဲ့ပြီး ဒေသခံတောင်သူများသို့ ကြိုတင်ပြီးတော့ နစ်နာကြေးပေးချေမှုများကို ၎င်းတို့ရဲ့အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့ရာ စုစုပေါင်းအားဖြင့် တရုတ်ယွမ် ၁၅၉၇၆၁၀၈.၈ နှင့်ညီမျှသော မြန်မာငွေကျပ်သန်းပေါင်း ၁၉၉၇.၁၃၆ ကိုပေးချေခဲ့ပြီးဖြစ်ပါတယ်။

ချီဖွေ-ပန်ဝါလမ်းဖောက်လုပ်ခြင်းအတွက် လျော်ကြေးပေးလျော်နိုင်ရေးအတွက် ၂၀၀၈ ခုနှစ်တွင် စာရင်းကောက်ယူခဲ့ပြီးနောက် ကတိကဝတ်ပြုထားသောစာရင်းများအား တိုက်ဆိုင်စစ်ဆေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ကုမ္ပဏီများပူးပေါင်းပြီး ၂၀၁၀ ခုနှစ် ဩဂုတ်လမှာ ထပ်မံကွင်းဆင်းလျက် စာရင်းများကိုကောက်ယူခဲ့ပါတယ်။ ယခုအခါမှာ ပေးလျော်ရန်ဆက်လက်ကျန်ရှိနေသည်ဆိုတဲ့ အဓိကအချက်များမှာ မြေပြင်အတိုင်းအတာမှာ တောင်းဆိုချက်စာရင်းများနှင့် အကျယ်အဝန်းတွေ၊ ဧကတွေ ကွဲလွဲနေခြင်း၊ အပင်အရေအတွက်များ စာရင်းကောက်ယူခဲ့တာနှင့် လျော်ကြေးတောင်းဆိုတဲ့တောင်သူများက တောင်းဆိုလာတဲ့အပင်အရေအတွက်တွေ ကွဲလွဲနေခြင်း၊ သက်ဆိုင်သူမဟုတ်သည့် ပုဂ္ဂိုလ်များကတောင်းဆိုနေခြင်း စတဲ့စာရင်းတွေကွဲလွဲနေတဲ့အတွက်ကြောင့် လျော်ကြေးများဟာ ဆက်လက်ကျန်ရှိနေတာဖြစ်ပါတယ်။

အခြားအကြောင်းတစ်ခုကတော့ အဆိုပါနယ်မြေအတွင်းမှာ ယခင်ကလျော်ကြေးငွေများကို ပေးလျော်နေခြင်း၊ နယ်မြေရဲ့တည်ငြိမ်လုံခြုံမှုအခြေအနေ ပျက်ပြားတဲ့ကာလတစ်ခုပေါ်ပေါက်ခဲ့ပါတယ်။ အဆိုပါကာလတစ်ခုပေါ်ပေါက်လာတဲ့အခါမှာ ကုမ္ပဏီက လုပ်ငန်းခွင်ဧရိယာကနေ ဆုတ်ခွာခဲ့တဲ့အခါမှာ လျော်ကြေးပေးချေမှုနှင့် စာရင်းစစ်ဆေးညှိနှိုင်းမှုလုပ်ငန်းများဟာ ရပ်ဆိုင်းကြန့်ကြာမှုများ ထပ်မံပေါ်ပေါက်ခဲ့တာဖြစ်ပါတယ်။ အဆိုပါကဲ့သို့စာရင်းများကို တိုက်ဆိုင်စစ်ဆေးရာမှာ ထပ်တိုးတောင်းခံလာမှုများနှင့် ကွဲလွဲမှုဖြစ်နေတဲ့အခြေအနေတွေကြောင့် လက်ရှိအခြေအနေမှာ လျော်ကြေးအပြီးအပြတ်ပေးချေပြီး နောက်ထပ်ငါးဦး၊ လျော်ကြေးပေးချေပြီးသော်လည်း ထပ်တိုးတောင်းခံနေတဲ့တောင်သူ ၁၃ ဦး၊ လျော်ကြေးပေးချေရန်ကျန်ရှိနေတဲ့ တောင်သူ ၃၇ ဦးနဲ့ ကွင်းဆင်းစစ်ဆေးရာမှာ စာရင်းမှာမပါရှိဘဲ တောင်းခံနေသူတောင်သူနှစ်ဦးတို့ရှိကြောင်း စာရင်းပေါ်ပေါက်နေပါတယ်။

ထို့ကြောင့် အဆိုပါကိစ္စရပ်များကို ဆက်လက်ဖြေရှင်းနိုင်ရေးအတွက် ကုမ္ပဏီနှင့် မူလသဘောတူစာချုပ်ချုပ်ထားသောသူများကို ပေးလျော်ရန်ကျန်သည့်ငွေများအား ကုမ္ပဏီက ဆက်လက်ပေးလျော်ရန်တာဝန်ခံမည်ဖြစ်ပါကြောင်း ဝန်ကြီးဌာနထံတင်ပြခဲ့ပါတယ်။ သို့သော် မူလသဘောတူထားတဲ့ လျော်ကြေးပမာဏထက် ယခုအခါအဆိုပါပုဂ္ဂိုလ်များက သဘောတူစာချုပ်ချုပ်ထားသည့်တိုင် လျော်ကြေးငွေများကို တိုးမြှင့်တောင်းခံနေခြင်းကြောင့်လည်း ကိစ္စရပ်များမပြီးပြတ်ခြင်းဖြစ်ပေါ်နေပါတယ်။ ကွဲလွဲနေသောစာရင်းများကိစ္စရပ်ကို ပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာဌာနများ၊ ဒေသခံလွှတ်တော်ကိုယ်စားလှယ်များနှင့် ကုမ္ပဏီများပူးပေါင်းပြီး စာရင်းပြန်လည်ညှိနှိုင်းစစ်ဆေးကာ သဘောတူညီချက်များရရှိပြီးနောက် ပေးလျော်ရန်တာဝန်ရှိသည်များကို ဆက်လက်ပေးလျော်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**တောင်ဥက္ကလာပမြို့နယ်၊ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး ၄ ထပ်ဆောင်အား ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလမတိုင်မီ အသစ်ဖွင့်လှစ်ပြီး ဆေးကုသရေးလုပ်ငန်းများ စတင်ပေးနိုင်ရန် မည်သို့စီစဉ်ထားသည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစောနိုင်(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာ

ကြသော ဧည့်သည်များအားလုံးကို ဂါရဝပြုနှုတ်ဆက်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ဥက္ကလာပမြို့နယ်မှာ လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကျော်(၁၉၆၁ ခုနှစ်)ကတည်းက အမျိုးသမီးနှင့်ကလေးဆေးရုံကို ဖွင့်လှစ်ခဲ့ပါတယ်။ အမျိုးသမီးနှင့်ကလေးသီးသန့် ဆေးရုံဖြစ်တဲ့အတွက် ပြည်သူများ အလွန်အားကိုးအားထားပြုနေရသော ဆေးရုံဖြစ်ပါတယ်။ မြောက်ဒဂုံ၊ အရှေ့ဒဂုံစသည့် မြို့သစ်များပေါ်ပေါက်လာတဲ့အခါမှာလည်း ပြည်သူများပိုမိုအားကိုးအားထားပြုလာရပြီး ဆေးရုံသို့လာရောက်ပြသသော လူနာအရေအတွက်လည်း ပိုမိုများပြားလာခဲ့ပါတယ်။ ဆေးရုံမှာ နှစ်ပေါင်း ၅၀ ကျော်ကြာနေပြီဖြစ်ခြင်း၊ လူနာများတဖြည်းဖြည်း များပြားလာခြင်းတို့ကြောင့် ၂၀၁၆ ခုနှစ်မှစတင်ပြီး လေးထပ်ဆေးရုံအဆောက်အဦသစ်ကို တိုးချဲ့ဆောက်လုပ်ခဲ့ပါတယ်။ ဆေးရုံအဆောက်အဦသစ် ဆောက်လုပ်ခဲ့တဲ့အတွက် ပြည်သူများမှာ အလွန်ဝမ်းသာနေကြပြီး အဆောက်အဦသစ်ဖွင့်လှစ်၍ ကုသရေးလုပ်ငန်းများ စတင်နိုင်မည့်အချိန်ကိုလည်း မျှော်လင့်နေခဲ့ကြပါတယ်။ ဆေးရုံအဆောက်အဦသစ်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ဆောက်လုပ်ခဲ့ရာ မီနီဘတ်ဂျက်အပါအဝင် ဘတ်ဂျက်ကာလလေးကြိမ်ရရှိခဲ့ပြီး ဆောင်ရွက်နေဆဲဖြစ်သော်လည်း ယနေ့အချိန်ထိ လက်စသတ်နိုင်ခြင်းမရှိဘဲ ဖြစ်နေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆေးရုံအဆောက်အဦအဟောင်းမှာ သစ်သားကိုအခြေပြုပြီး ဆောက်လုပ်ထားတာများတဲ့အတွက် ဆေးရုံအဆောက်အဦအသစ်ပြီးစီးနိုင်ဖို့အတွက်လည်း အလွန်လိုအပ်လျက်ရှိနေပါတယ်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမတိုင်မီ ဆေးရုံအဆောက်အဦအသစ်၏ ဆောက်လုပ်ရေးလုပ်ငန်းများပြီးစီးပြီး ကုသရေးလုပ်ငန်းများ စတင်နိုင်ဖို့ကို ပြည်သူများမှ လိုအားမျှော်လင့်လျက်ရှိနေပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား လေးစားစွာဖြင့် မေးမြန်းအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး

ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစောနိုင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး လေးထပ်ဆောက်ကိစ္စအား ဒီဇင်ဘာလ ၂၀၁၉ ခုနှစ်မတိုင်ခင်ပြီးစီးရေးကိစ္စနဲ့ပတ်သက်၍ ဖြေကြားမှာ ဖြစ်ပါတယ်။ ဆေးရုံရဲ့ဟာကို ပြန်လည်သုံးသပ်တဲ့အခါမှာ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ သန်း ၆၀၀ ချထား ပေးပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ သန်း ၇၀၀ ချထားပေးပါတယ်။ ၂၀၁၈ ခုနှစ် ခြောက်လ ဘတ်ဂျက်မှာ သန်း ၇၅၀ ချပါတယ်။ အခု ၂၀၁၈-၂၀၁၉ ခုနှစ်မှာ သန်း ၁၀၀၀ ချထားပြီးတော့ ဆောက်လုပ်ရေးအထူးအဖွဲ့(၂)နဲ့ ဆောက်လုပ်လျက်ရှိပါတယ်။ အခု ဖေဖော်ဝါရီလထိ ဆောက်လုပ်တဲ့ အခါမှာ ၇၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပါတယ်။ ဒီဆေးရုံကြီးလေးထပ်ဆောင်ကို မူလကရည်ရွယ်ထား တာက သန်းပေါင်း ၃၆၁၆.၁၄၂ ရည်ရွယ်ထားပါတယ်။ စုစုပေါင်းပေးတဲ့ငွေက ၃၀၅၀ ပေးထားပြီး ဖြစ်ပါတယ်။ လုပ်ငန်းက ၇၀ ရာခိုင်နှုန်းပြီးနေပြီဖြစ်ပါတယ်။ ကျန်တဲ့ငွေဟာ ၅၆၆.၁၄၂ သန်း ကျန်နေ ပါတယ်။ ကျန်တဲ့ငွေကိုတော့ ဖြည့်စွက်ရန်ပုံငွေ ၂၀၁၈-၂၀၁၉ ခုနှစ် ဖြည့်စွက်ရန်ပုံငွေမှာ တောင်းခံ ထားပါတယ်။ အကယ်၍ ဖြည့်စွက်ရန်ပုံငွေမှာရရင်တော့ ဒီနှစ်ပြီးသွားမှာဖြစ်ပါတယ်။ ဖြည့်စွက် ရန်ပုံငွေမှာမရခဲ့သည် ရှိသည်ရှိလို့ရှိရင်တော့ ကျွန်တော့်အနေနဲ့က ၂၀၁၈-၂၀၁၉ ခုနှစ် ငွေလုံးငွေရင်း မှာထည့်ပြီး တောင်းမည်ဖြစ်ကြောင်း ပြောကြားအပ်ပါတယ်။ ဒီနေရာမှာ တစ်ချက်ကျွန်တော် ပြောချင် တာက ဒီလေးထပ်ကြီးပြီးရင်တော့ အရမ်းအဆင်ပြေသွားမှာ ဖြစ်ပါတယ်။ Ground Flow မှာဆိုလို့ ရှိရင်တော့ ခတ်ခွဲ၊ ခတ်မှန်၊ Ultrasound ၊ သွေးလှူဘဏ်၊ Special OPT တွေထားမှာ ဖြစ်ပါတယ်။ ပထမထပ်မှာတော့ IC Youth ရယ်၊ မွေးစကလေးတွေအတွက် Warmer Room ရယ်၊ Isolation Room ရယ်၊ Meeting နဲ့ Conference Hall လို Training အခန်းတွေထားမှာပါ။ ဒုတိယထပ် မှာတော့ မွေးကင်းစကလေး၊ တစ်လအောက်ကလေးရယ်၊ မွေးခန်းတွေထားမယ်။ မွေးခန်းမှာနှစ်မျိုး ထားပါမယ်။ ရိုးရိုးမွေးတာရယ်၊ Infraction ရတဲ့အမျိုးသမီးတွေဘာတွေထားဖို့ မွေးတဲ့ဟာကို သတ်သတ်ထားပါမယ်။ တတိယထပ်မှာတော့ Operation Theatre ထားပါမယ်။ Operation Theatre မှာ နှစ်မျိုးထားပါမယ်။ Septic Operation Theatre နဲ့ Ordinary Operation Theatre ထားပါမယ်။ ခတ်လှေကားလည်းရှိပါတယ်။ ကျွန်တော်တို့ ဒါကိုတော့ ဖြစ်နိုင်ရင်တော့ ဖြည့်စွက်မှာ ရဖို့ကိုကြိုးစားမှာပါ။ သက်ဆိုင်ရာဝန်ကြီးဌာနကိုလည်း Special Request လုပ်မှာပါ။ ဒီဖြည့်စွက်မှာပဲ ကျန်တဲ့သန်း ၅၀၀ ကျော်ကိုပေးဖို့ပါ။ ဒါပေမဲ့ ဒီဆေးရုံကြီးကို ပြန်ကြည့်တဲ့အခါမှာတော့ ကျွန်တော်တို့ဟာ Bed Occupancy Rate နဲ့က ခုတင် ၁၅၀ ရှိပါတယ်။ Bed Occupancy Rate

ကတော့ ၁၀၀ မကျော်ပါဘူး။ ၆၀၊ ၇၀၊ ၆၆ အဲဒီပတ်ဝန်းကျင်ပဲ ရှိပါတယ်။ သို့သော်လည်း ဒီဆေးရုံမှာ တက်တဲ့လူနာရဲ့ Average duration of days ၄.၂ ရက်ဖြစ်တဲ့အတွက် ကုသမှုပြောင်မြောက်တယ်၊ ကောင်းတယ်လို့ယူဆနိုင်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒါကို လေးစားစွာဖြေကြားအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါခင်ဗျား။

**လေရှီးမြို့နယ်ရှိ ဟိန်ကွတ်၊ ပိန္ဒဲကုန်း၊ ကော်လ်ကန်၊ ရန်နွေး၊ အောင်ဇေယျ၊ ထိန်းဖာရုံနှင့် ကျဲကော့ကျေးရွာများ၏ ကျေးလက်ကျန်းမာရေးဌာနခွဲများအား စံကိုက်အဆောက်အဦဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ဌေး(လေရှီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှီးမဲဆန္ဒနယ်က ဦးကျော်ဌေး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ လေရှီးမြို့နယ်၊ ဟိန်ကွတ်ကျေးရွာ၊ ပိန္ဒဲကုန်းကျေးရွာ၊ ကော်လ်ကန်ကျေးရွာ၊ ရန်နွေးကျေးရွာ၊ အောင်ဇေယျကျေးရွာ၊ ထိန်းဖာရုံကျေးရွာနှင့် ကျဲကော့ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲခုနစ်ခုကို စံကိုက်ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိ သိရှိလိုတဲ့မေးခွန်းဖြစ်ပါတယ်။ မေးမြန်းရတဲ့အကြောင်းရင်းကတော့ မေးခွန်းမှာဖော်ပြထားတဲ့ ကျန်းမာရေးဌာနခွဲများဟာ ယခင်က န.တ.လ အစီအစဉ်နဲ့ ဆောက်လုပ်ခဲ့တဲ့အဆောက်အဦတွေလည်းရှိပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနကနေပြီးတော့ ဆောက်လုပ်ပေးခဲ့တဲ့ဟာတွေလည်းရှိသလို အချို့ကျေးရွာကတော့ ကိုယ်ထူကိုယ်ထ ထရံကာ၊ ကတ်ကာလေးနဲ့ ဆောက်လုပ်ခဲ့တဲ့ ဆေးခန်းတွေဖြစ်ပါတယ်။ ဒီလိုဒေသထွက် သစ်၊ ဝါးတွေနဲ့ပဲ ဆောက်လုပ်တဲ့အခါကျတော့ ယခုဆိုရင် ပျက်စီးနေပြီဖြစ်ပါတယ်။ ဒါ့အပြင် ဝန်ထမ်းများနေဖို့လည်း မလုံလောက်ဘူး။ သန့်ရှင်း၊ လုံခြုံမှုလည်းမရှိဘူးဖြစ်နေပါတယ်။ ဒါကြောင့် ကျန်းမာရေးဌာနဆရာဆရာမများနှင့် ဆေးခန်းအတွက် ဒေသရာသီဥတုနှင့်ကိုက်ညီတဲ့ လုံခြုံတဲ့အဆောက်အဦကို လိုအပ်နေပြီဖြစ်ပါတယ်။ ကျွန်တော်တင်ပြနေတဲ့ကျေးရွာများဟာ ကားလမ်းပေါက်ထားသည့်လမ်းကြောင်းပေါ်မှာရှိနေပြီးတော့ ဆောက်လုပ်ရေးပစ္စည်းသယ်ယူဖို့အတွက်လည်း အဆင်ပြေနိုင်ပါတယ်။ ဒါကြောင့် ဝန်ထမ်းများလုံခြုံမှုရှိရေးနှင့် ဆေးခန်းများသန့်ရှင်းလုံခြုံရေးတို့အတွက် အစောဆုံးဘဏ္ဍာရေးနှစ်မှာ ဆောက်လုပ်ပေးရန်

အစီအစဉ်ရှိ/မရှိ သိရှိလိုတဲ့အတွက်ကြောင့် အထက်ပါမေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေးရဲ့မေးခွန်းဖြစ်တဲ့ လေးရှီးမြို့နယ်မှာ ဟိန်ကွတ်၊ ပိန္နဲကုန်း၊ ကော်လ်တန်၊ ရန်နွေး၊ အောင်ဇေယျ၊ ထိန်းဖာရုံ၊ ကဲကော့ ကျေးလက်ကျန်းမာရေးဌာနခွဲ ခုနစ်ခုအား စံကိုက်အဆောက်အဦ ပေးနိုင်ခြင်းရှိ/မရှိနှင့်ပတ်သက်၍ ဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော်ဒီကိစ္စကို ပြန်လည်သုံးသပ်တဲ့ အခါမှာ ဓာတ်ပုံတွေလည်း အကုန်ရှိပါတယ်။ အားလုံးရဲ့ဓာတ်ပုံ၊ အသေးစိတ်ဓာတ်ပုံ တော်တော်လည်း အခြေအနေမကောင်းပါဘူး။ သို့သော်လည်း ဆောက်တော့ဆောက်ချင်တယ်။ ဆောက်မယ်ဆိုလို့ရှိရင် မြေပိုင်ဖို့လိုပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ မြေအမည်ပေါက်ပုံစံ(၁၀၅)(၁၀၆) လျှောက်ထား ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီတော့ ဒီဆောင်ရွက်တဲ့ကိစ္စမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ နယ်မြေဒေသကနေပြီးတော့ ပံ့ပိုးမယ်ဆိုရင် ပုံစံ(၁၀၅)(၁၀၆)ရမယ်ဆိုလို့ရှိရင် တော်တော်မြန်မယ် ဖြစ်ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှာလည်း ၂၆ ရက် ဖေဖော်ဝါရီမှာ ရက်စွဲပါစာအမှတ်-၀၅၂/အစရ(၅)/၄(၂)ဖြင့် တင်ပြလာတဲ့အပေါ်မှာလည်း စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနလည်း လုံးဝထောက်ခံထားပါတယ်။ အမြန်ဆုံးကတော့ ပုံစံ(၁၀၅)(၁၀၆) မြေပိုင်ဆိုင်ရမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့အနေနဲ့ အနီးဆုံးဘဏ္ဍာရေးနှစ်မှာ တင်တောင်းမှာပါ။ အကယ်၍ မြေပိုင်ဆိုင်မှုသာ နောက်နှစ် ၂၀၁၉-၂၀၂၀ ဘတ်ဂျက်မတိုင်ခင်ရမယ်ဆိုရင် ၂၀၁၉-၂၀၂၀ ဘတ်ဂျက်ထဲမှာ ထည့်ပေးပါမယ်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။

ထို့အပြင် ကျွန်တော်တို့အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း ဝန်ထမ်း အိမ်လည်းမရှိပါဘူး။ အဲဒီတော့ ကျွန်တော်တို့က အကယ်၍သာ ရမယ်ဆိုရင် Sub-Center တစ်ခုကို ၁၂၆ သန်းကျပါတယ်။ ၁၂၆ သန်းပေးမယ်ဆိုလို့ရှိရင် တစ်ထပ် Sub-Center ရတဲ့အပြင် အဲဒီမှာ သားဖွားဆရာမနှင့် ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) ရှိပါတယ်။ သူတို့အတွက်ကိုလည်း နှစ်ခန်းတွဲ

တစ်ထပ်အိမ်တစ်လုံးလည်း ဆောက်မယ်ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ကအမြန်ဆုံးဆောက်ချင်ပါတယ်။ ဒီမှာလုပ်တဲ့လူတွေကလည်း ခက်ခဲဒေသမှာနေတဲ့အတွက် အိမ်မရှိဘူးဆိုရင် တော်တော်ဒုက္ခရောက်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ကတော့ ပုံစံ(၁၀၅)(၁၀၆)ကို အမြန်ဆုံးရအောင်ဆောင်ရွက်ပေးပါရန် လေးစားစွာဖြင့် ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**သနပ်ပင်မြို့နယ်ရှိ ဉာဏ်ကျွန်းကျေးလက်ကျန်းမာရေးဌာနခွဲအား ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် လောင်မီး၊ ကမာဖရုံ၊ အပိုင်နှင့် ကသဲကုန်းကျေးရွာများတွင် ကျေးလက်ကျန်းမာရေးဌာနခွဲများဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်က ဦးမြင့်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်.

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ မေးမြန်းလိုတာကတော့ သနပ်ပင်မြို့နယ်မှာရှိတဲ့ ဉာဏ်ကျွန်းကျေးလက်ကျန်းမာရေးဌာနခွဲကို ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် လောင်မီး၊ ကမာဖရုံ၊ အပိုင်နှင့် ကသဲကုန်းကျေးရွာတွေမှာ ကျန်းမာရေးဌာနခွဲများဖွင့်လှစ်ပေးရန်ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သနပ်ပင်မြို့နယ်မှာ လူဦးရေ ၁၇၀၀၀၀ ခန့်ရှိပြီးတော့ ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံက လေးခုရှိပါတယ်။ မြို့နယ်ဆေးရုံက ၂၅ ခုတင်ဆံ့ရှိပါတယ်။ တိုက်နယ်အဆင့်ကျန်းမာရေးဌာနက နှစ်ခုရှိပြီးတော့ ကျန်းမာရေးဌာန ငါးခု ရှိပါတယ်။ ကျန်းမာရေးဌာနခွဲက ၂၈ ခုရှိပါတယ်။ ကျန်းမာရေးဌာနတွေမှာ ကျန်းမာရေးမှူးက ခြောက်ဦး၊ ကျန်းမာရေးဆရာမက ရှစ်ဦးနှင့် ကြီးကြပ်(၂) ၄၄ ဦး၊ သားဖွားဆရာမက ၄၂ ဦးရှိပါတယ်။ သားဖွားဆရာမတစ်ဦးကို လူ ၃၇၀၀ ခန့်အထိ တာဝန်ယူနေရဆဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဉာဏ်ကျွန်းကျေးရွာမှာတော့ အိမ်ထောင်စုက ၈၉၈ စု၊ လူဦးရေက ၃၇၉၁ ဦးရှိပြီးတော့ စံကိုက်ကျန်းမာရေးဌာနဖွင့်လှစ်နိုင်ရန် မြေနေရာနှင့်အခြားလိုအပ်ချက်များလည်းရှိတဲ့အတွက် ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ရန် အလွန်သင့်တော်ကြောင်း တင်ပြအပ်ပါတယ်။ လောင်မီး၊ ကမာဖရုံနှင့် အပိုင်ကျေးရွာများမှာတော့ ကျန်းမာရေးဌာနခွဲများ ဖွင့်လှစ်ပေးရန် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်စွဲဖြင့် ဒုတိယအကြိမ်

ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာကတည်းက ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့ပြီးတော့ ၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက်နေ့မှာ ပြည်ထောင်စုဝန်ကြီးက ဖြေကြားရာမှာ လောင်မီး၊ ကမာဖရဲ၊ အပိုင် ကျေးရွာများမှာ ကျန်းမာရေးဌာနခွဲများ ဖွင့်လှစ်ပေးရန်လိုအပ်ကြောင်း ပဲခူးတိုင်းဒေသကြီးပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှတင်ပြပြီး ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်မယ့်နေရာတွင် လိုအပ်လျက် ရှိတဲ့ ကျန်းမာရေးအခက်အခဲများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးလုပ်ငန်းများအပြင် အခြား ကျန်းမာရေးလုပ်ငန်းများအတွက် များစွာအထောက်အကူဖြစ်စေမှာဖြစ်ပြီးတော့ လမ်းပန်းဆက်သွယ် ရေးလည်း ခက်ခဲပါသဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဖွဲ့စည်းပုံခွင့်ပြုမိန့်ရရှိရေးအတွက် စီစဉ် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကတိပြုဖြေကြားခဲ့ပါတယ်။ ပြည်ထောင်စုဝန်ကြီးရဲ့အဖြေကို ကြားသိ ရတဲ့ပြည်သူတွေဟာ အထူးပဲ ဝမ်းမြောက်ကျေးဇူးတင်ခဲ့ကြပါတယ်။ သို့သော်လည်း ဘတ်ဂျက်နှစ်တွေ တစ်နှစ်ပြီးတစ်နှစ် ကုန်ဆုံးသွားပြီးတော့ နှစ်နှစ်ခန့်ကြာတဲ့အထိ ဆောင်ရွက်ပေးနိုင်တာမရှိတဲ့အတွက် ပြည်သူတွေဟာ ဝမ်းနည်းမှုတွေ၊ စိုးရိမ်မှုတွေ ခံစားလာရပြီးတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တွေကို မေးခွန်းထုတ်နေကြပါတယ်။ အဲဒီကိစ္စနှင့်ပတ်သက်လို့ ပြည်သူ့လွှတ်တော်အစိုးရရဲ့အာမခံ ချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီကိုလည်း တင်ပြပြီးဖြစ်ပါတယ်။ Power Point သုံးခွင့်ပြုပါခင်ဗျား။ ဒါကတော့ တတိယပုံမှန်အစည်းအဝေးမှာမေးခဲ့တဲ့ မေးခွန်း ဖြစ်ပါတယ်။ ဒါကတော့ ပြည်ထောင်စုဝန်ကြီးရဲ့အဖြေ ဖြစ်ပါတယ်။ ကတိဖြစ်ခဲ့ပါတယ်။ ဒါကတော့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီကို တင်ပြခဲ့တာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖော်ပြပါ ကတိဖြစ်ပြီးကျေးရွာများအပြင်ကို ကသဲကုန်း၊ ကြက်ပတိုင်လေး နှင့် လာပကစ်ကျေးရွာများမှာလည်း ကျေးလက်ကျန်းမာရေးဌာနခွဲများ ဖွင့်လှစ်ရန် အလွန်သင့်တော် ပါကြောင်းနှင့် သနပ်ပင်မြို့နယ်မှာ အမှန်တကယ်လိုအပ်နေတဲ့ ကျန်းမာရေးဌာနနှင့် ကျန်းမာရေး ဌာနခွဲများကို တိုးချဲ့ဖွင့်လှစ်ပေးပါက ပြည်သူများအတွက် ကာကွယ်ဆေးထိုးတာ၊ မိခင်နှင့်ကလေး စောင့်ရှောက်မှုပေးတာ။ သက်ကြီးရွယ်အိုများ စောင့်ရှောက်တာ။ ကျန်းမာရေးအသိပညာပေးတာတွေ နဲ့ အခြားလိုအပ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေကို ပေးနိုင်မှာဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြပြီးတော့ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး၏မေးခွန်းနှစ်ခုဖြစ်ပါတယ်။ တစ်ခုကတော့ ဉာဏ်ကျွန်းကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာန(Rural Health Center)အဖြစ်အဆင့်မြှင့်ရန်။ ဒုတိယမေးခွန်းကတော့ လောင်မီး၊ ကမာဖရုံ၊ အပိုင်နှင့် ကသဲကုန်းကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာနခွဲ(Sub-Center)များ ဖွင့်လှစ်ပေးရန်ကိစ္စဖြစ်ပါတယ်။ ဒီကိစ္စကတော့ ပြည်သူ့ကျန်းမာရေးနှင့်ဆိုင်တဲ့အတွက် ပထမဦးဆုံးလေ့လာတဲ့အခါမှာ သနပ်ပင်မြို့နယ်မှာ ကျေးရွာပေါင်း ၆၂ ရွာ၊ အိမ်ခြေပေါင်း ၃၂၀၀၀ ကျော်ရှိပြီး လူဦးရေ ၁၆၀၀၀၀ ကျော်ရှိပါတယ်။ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအတွက်ဆိုရင် ကျွန်တော်တို့က Station Health Unit လို့ခေါ်ပါတယ်။ Station Health Unit ဆိုတာ ဆေးရုံရော၊ ပြည်သူ့ကျန်းမာရေးလုပ်တဲ့ဟာသုံးခု ရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာန လေးခု၊ ကျန်းမာရေးဌာနခွဲ ၂၈ ခု၊ မိခင်နှင့်ကလေး တစ်ခုရှိပါတယ်။ ပြည်သူ့ကျန်းမာရေးဝန်ထမ်းကတော့ ကျန်းမာရေးမှူးတစ်ဦး၊ လက်ထောက်ကျန်းမာရေးမှူး ခြောက်ဦး၊ မြို့နယ်သူနာပြုအဆင့်တစ်ဦး၊ ကျန်းမာရေးကြီးကြပ်(၁) သုံးဦး၊ ကျန်းမာရေးဆရာမ ခုနစ်ဦး၊ သားဖွားဆရာမ ၄၇ ဦး၊ ကျန်းမာရေးကြီးကြပ်(၂) ၄၂ ဦးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဒီမှာကြည့်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့ ဉာဏ်ကျွန်းကျေးလက်ကျန်းမာရေးဌာနခွဲဟာ သူ့ရဲ့အပေါ်မှာ ကမာစဲကျေးလက်ကျန်းမာရေးဌာနရှိပါတယ်။ အဲဒီအောက်မှာဖြစ်ပါတယ်။ အဲဒီတော့ အကွာအဝေးနဲ့ကြည့်မယ်ဆိုရင် ကမာစဲကျေးလက်ကျန်းမာရေးဌာနကို ခုနစ်မိုင်ဝေးပါတယ်။ ခရမ်းတိုက်နယ်ဆေးရုံနှင့် ရှစ်မိုင်၊ သနပ်ပင်ပြည်သူ့ဆေးရုံနှင့် ခုနစ်မိုင်ဝေးပြီးတော့ နွေရာသီ၊ ဆောင်းရာသီမှာတော့ လမ်းပန်းဆက်သွယ်ရေးကောင်းပါတယ်။ မိုးရာသီမှာတော့ ခက်ခဲပြီး မော်တော်ဆိုင်ကယ်၊ လှေများကို အသုံးပြု၍ သွားတယ်ဆိုတာကို တွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒါကိုဖွင့်ဖို့အတွက်ကို အားလုံးသုံးသပ်တဲ့အခါမှာ ဖွင့်သင့်တယ်လို့ သုံးသပ်တယ်။ သုံးသပ်တဲ့အခါမှာ သုံးသပ်ပြီးတော့ ဖွဲ့စည်းပုံကိုတော့ ၂၀၂၀-၂၀၂၁ ခုနှစ်မှပဲ တင်မှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကြားမှာ သူထက်ပိုပြီးလိုအပ်တဲ့ဟာတွေက အများကြီးရှိတဲ့အတွက် ၂၀၂၀-၂၀၂၁ ခုနှစ်မှာ ထည့်ပေးမှာဖြစ်ပါတယ်။ ထည့်ပေးတဲ့အပြင် လောလောဆယ် စပ်ကြားမှာတော့ အမျိုးသားကျန်းမာရေးစီမံကိန်း(National

Health Plan 2017-2021)မှာပါတဲ့ကိစ္စတွေကတော့ ကျွန်တော်အကုန်ဆက်လုပ်သွားမှာပါ။ ပစ္စည်းကိရိယာပေးတာကအစ၊ အင်အားဖြည့်တာကအစ။ ဒါတွေက ကျွန်တော်တို့ဆက်လက်ပြီးလုပ်ပေးမယ်။ ဒါတွေကတော့ ၂၀၂၀ ခုနှစ်မှာတင်လို့ရအောင်လို့ ကျွန်တော် အခုကတည်းကစပြီးတော့ သက်ဆိုင်ရာ Process တွေကိုစလုပ်မယ်။ ဘာကြောင့် Process စလုပ်လည်းဆိုတော့ Process က တော်တော်ကြာပါတယ်။ ကျွန်တော် နောက်ရှင်းပြပါမယ်။ ဆက်ပြီးမေးခွန်းမှာပါပါတယ်။

အဲဒီတော့ ဆက်လက်ပြီးမေးတဲ့မေးခွန်းဖြစ်တဲ့ ကသဲကုန်းကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာနခွဲတိုးချဲ့ဖွင့်လှစ်ရေးကိစ္စနှင့်ပတ်သက်လို့ကတော့ ဉာဏ်ကျွန်းကျေးလက်ကျန်းမာရေးဌာနသာ ဖွင့်ခွင့်ရမယ်ဆိုရင် ကသဲကုန်းက အလိုအလျောက်ပါဝင်ပြီးသား ဖြစ်မှာပါ။ ဌာနခွဲဖြစ်တဲ့အပြင် ဂလိုင်၊ ခလက်၊ လောင်မီးရွာသုံးရွာမှာလည်း ကျေးလက်ကျန်းမာရေးဌာနခွဲလေးခု အလိုအလျောက်ရမှာဖြစ်ပါတယ်။ ဒီမေးခွန်းမှာပါတဲ့ နောက်ထပ်သုံးရွာရှိပါတယ်။ လောင်မီးကျေးရွာ၊ ကမာဖရံကျေးရွာ၊ အပိုင်ကျေးရွာများတွင် ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်ရန်ကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော်လည်းဖြေထားတာရှိပါတယ်။ ကျွန်တော်တို့ပြန်လည်ကြည့်တဲ့အခါမှာ ဒီဟာပြီးသွားပါပြီ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ဖွဲ့၏ ၂၇-၁၂-၂၀၁၈ ရက်နေ့တွင်ကျင်းပသော (၆/၂၀၁၈)ကြိမ်မြောက် ဖွဲ့စည်းပုံညှိနှိုင်းအစည်းအဝေးမှ အတည်ပြုပြီးဖြစ်သဖြင့် လုပ်ထုံးလုပ်နည်းများနှင့်ဆက်လက်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ရမှာသေချာပါတယ်။ သို့သော် ကျွန်တော် ဒီနေရာမှာ တစ်ခုတင်ပြချင်တာကတော့ ကျေးလက်ကျန်းမာရေးဌာနအသစ်ပဲဖြစ်ဖြစ်၊ ထပ်တိုးတာပဲဖြစ်ဖြစ်၊ အဆင့်မြင့်တာပဲဖြစ်ဖြစ် Process က အလွန်ကြာပါတယ်။ ဒီ Process ကိုတော့ ပြန်လည်သုံးသပ်ဖို့လိုပါတယ်။ Process မှာ ကျွန်တော်တို့ဝန်ကြီးဌာနနှင့်မဆိုင်ပါဘူး။ ဆက်ပြီး အခြားဝန်ကြီးဌာနဖြစ်တဲ့ စီမံကိန်းနှင့်ဖွဲ့စည်းပုံမှာ အဲဒီဌာနတွေနဲ့ ဘယ်လို Flow Diagram တွေနဲ့ လုပ်ပြီးတော့ ဘယ်လိုမြန်အောင်လုပ်မယ်ဆိုလို့ရှိရင် လွှတ်တော်ကိုယ်စားလှယ်ကြီးများ တောင်းတဲ့ဟာတွေက မြန်မြန်ဆန်ဆန်ရမှာဖြစ်ပါတယ်။ အခုဒီကိစ္စကိုကြည့်မယ်ဆိုရင်လည်း တော်တော်ကြာသွားပါတယ်။ ကျွန်တော်ဖြေတဲ့အချိန်နှင့် ဒီမှာအစည်းအဝေးလုပ်တဲ့အချိန်က တော်တော်ကြီးကြာသွားပါတယ်။ အဲဒါတော့ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်ကြီးများမှတစ်ဆင့် အားလုံးဝိုင်းဝန်းစဉ်းစားပြီးတော့ ဘယ်လိုလုပ်မလဲဆိုတာကို စဉ်းစားရင်တော့ ကျွန်တော်တို့ရဲ့ Efficiency ပေါ့။ ကျွန်တော်တို့ဝန်ကြီးဌာနရော၊ အခြားဝန်ကြီးဌာနများရဲ့ Efficiency ကလည်း အားလုံးတိုးတက်သွားမည်ဖြစ်ကြောင်းကို လေးစားစွာဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ပြင်ပသူနာပြုအကူသင်တန်းများကို တရားဝင်ဖွင့်လှစ်ခွင့်ပြုထားခြင်းရှိ/မရှိနှင့် ပြင်ပသူနာပြု သင်တန်းများ၏ အရည်အချင်းများကို မည်သည့်ဌာနက မည်ကဲ့သို့ စနစ်တကျ ကြီးကြပ်ဆောင်ရွက် နေသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုး ဖြစ်ပါတယ်။ ပြင်ပသူနာပြုအကူသင်တန်းတွေကို တရားဝင်ဖွင့်လှစ်ခွင့်ပြုထားခြင်းရှိ/မရှိနဲ့ ပြင်ပသူနာပြုသင်တန်းတွေရဲ့ အရည်အချင်းတွေကို မည်သည့်ဌာနက မည်ကဲ့သို့ စနစ်တကျ ကြီးကြပ်ဆောင်ရွက်နေသည်ကို သိရှိလိုတဲ့အတွက် မေးမြန်းထားခြင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သူနာပြုတွေဟာ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍမှာ အရေးကြီးတဲ့အခန်းကဏ္ဍကနေ ပါဝင်နေပါတယ်။ ကျွန်တော်တို့ငယ်ငယ်ကဆိုရင် ဆေးထိုးရမှာ၊ ဆေးသောက်ရမှာကြောက်ပေမဲ့ သူနာပြုဆရာမလေးတွေရဲ့အပြုံးကိုမြင်ရရင် ကြောက်စိတ်တစ်ဝက်သက်သာပြီးတော့ ရောဂါလည်းတစ်ဝက်ပျောက်သွားပါတယ်။ အဲဒီတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှာရှိတဲ့ ဆေးရုံဆေးခန်းတွေမှာ သူနာပြုဆရာမလေးတွေ လိုအပ်လျက်ရှိပါတယ်။ လိုအပ်တဲ့နေရာတွေကို အားဖြည့်ကူညီပေးရတဲ့အတွက် သူနာပြုဆရာမလေးတွေမှာလည်း အလုပ်များတော့ ရုန်းအားတွေ လျော့နေကြပါတယ်။ ၂၀၀၇ ခုနှစ် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေအရ ပုဂ္ဂလိကဆေးရုံဆေးခန်းတွေ ပေါ်ထွက်လာတဲ့နေရာမှာလည်း သူနာပြုအင်အားတွေ လိုအပ်နေတာဖြစ်ပါတယ်။ အဲဒီတော့ သူနာပြုတစ်ဦးဖြစ်ဖို့ဆိုရင်လည်း အချိန်က နှစ်နှစ်ခွဲ၊ သုံးနှစ်၊ ဘွဲ့ရသူနာပြုတွေဆိုရင် လေးနှစ် စသည်ဖြင့်ကြာပါတယ်။ အဲဒီတော့ သူနာပြုတွေမှာလည်းပဲ အရန်သားဖွား(Auxiliary Midwife-AMW)၊ သားဖွား(MW-Midwife)နဲ့ သူနာပြု(Nurse)တွေဆိုပြီး အဆင့်ဆင့်ရှိပေမဲ့လို့ ပြည်သူလူထုကြားထဲမှာတော့ သူနာပြု(Nurse)တွေလိုပဲ အားလုံးခေါ်ဝေါ်ကြပါတယ်။ သူနာပြုတွေမလုံလောက်လို့ ပြင်ပသူနာပြုအကူသင်တန်းတွေဖွင့်လာကြတယ်။ တချို့တွေကျတော့လည်း တော်တော်အားနည်းပါတယ်။ ပြင်ပအကူသင်တန်းကဖွင့်လာတဲ့ကလေးတွေဟာ လူနာတွေကိုစောင့်ရှောက်တဲ့နေရာမှာ၊ သက်ကြီးရွယ်အိုတွေကိုစောင့်ရှောက်တဲ့နေရာမှာ၊ ကလေးတွေကိုစောင့်ရှောက်တဲ့နေရာမှာ စနစ်ကျမှုတွေ အားနည်းပါ

တယ်။ ကလေးတွေစောင့်ရှောက်တာဆိုရင် လက်သည်းအရှည်ကြီးတွေထားတယ်။ လက်သည်းဆိုးဆီတွေဆိုးတယ်။ ကလေးတွေကို ထိမိခိုက်မိဖြစ်တဲ့အတွက် တော်တော်လည်းပဲ အဆင်မပြေဖြစ်ပါတယ်။ တချို့ကျတော့လည်း တော်တော် တော်ပါတယ်။ အဲဒီလိုတော်တဲ့လူတွေအတွက်လည်း ပညာအရည်အချင်း၊ လုပ်သက်၊ သူတို့ရဲ့လုပ်ကိုင်နိုင်မှုစွမ်းရည်တွေအပေါ်မှာမူတည်ပြီးတော့ ဒီသူနာပြုအကူလေးတွေကို စနစ်တကျစစ်ဆေးပြီး ခွင့်ပြုပေးနိုင်မယ်၊ ခွင့်ပြုလက်မှတ်ထုတ်ပေးနိုင်မယ်ဆိုရင် သူတို့တွေအတွက် အခွင့်အလမ်းတွေလည်း ပိုကောင်းလာမှာပါ။ နောက် နိုင်ငံရပ်ခြားမှာဆိုရင်လည်း Aged care kalbar လို့ခေါ်တဲ့ သက်ကြီးရွယ်အိုစောင့်ရှောက်မှုလုပ်ငန်းတွေက အင်မတန်လိုအပ်လာပါတယ်။ အထူးသဖြင့် ဂျပန်လိုနိုင်ငံမျိုးမှာ အပြင်ထွက်ပြီးအလုပ်လုပ်ကြတယ်။ သက်ကြီးရွယ်အိုတွေကို အိမ်မှာထားခဲ့ကြတယ်။ သူတို့တွေကိုစောင့်ရှောက်မှုအတွက်ဆိုရင် သူနာပြုအကူလုပ်ငန်းတွေကို အများကြီးလိုအပ်လာတာဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ လစာလည်းကောင်းကောင်းရတယ်။ အဆင့်အတန်းရှိရှိလေးလည်းလုပ်နိုင်တဲ့ ဒီလိုသင်တန်းတွေဟာ သူနာပြုအကူသင်တန်းတွေကိုသာ စနစ်တကျ ဝန်ကြီးဌာနအနေနဲ့ စောင့်ကြပ်ကြည့်ရှုပြီးတော့ လက်မှတ်တွေထုတ်ပေးနိုင်မယ်ဆိုရင်လည်း လူငယ်တွေအတွက် အခွင့်အလမ်းအများကြီး ဖြစ်နိုင်ပါတယ်။ ဒါကတော့ မေးခွန်းမဟုတ်ပါဘူး။ ကျွန်တော် ဝန်ကြီးဌာနကို အကြံပြုချက်အနေနဲ့လည်း အကယ်၍သာ ဝန်ကြီးဌာနအနေနဲ့ လူငယ်တွေအတွက် သူနာပြုအကူ Vocational Training Certificate ရစေတဲ့သင်တန်းမျိုးလေးတွေ လုပ်ပေးနိုင်မယ်ဆိုရင်တော့ လူငယ်တွေအတွက်လည်း အခွင့်အလမ်းကောင်းတစ်ရပ်အနေနဲ့ ပိုမိုရရှိလာမှာဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကတစ်ဆင့် အထက်ပါမေးခွန်းတွေကို ရိုသေလေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုးရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ဒီမေးခွန်းက သေသေချာချာဖြေရမည့်အတွက် အချိန်ပိုပေးဖို့အတွက် လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့အနေနဲ့ ဒီမှာကြည့်တဲ့အခါမှာ ဒီမေးခွန်းကိုမေးတဲ့အခါမှာ ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုပိုမိုကောင်းအောင်၊ အရည်အသွေးကောင်းအောင်မေးတဲ့ အပြုသဘောဆောင်တဲ့ မေးခွန်းဖြစ်တဲ့အတွက် ကျွန်တော် ကျေးဇူးအများကြီးတင်ပါတယ်။ မေးတဲ့မေးခွန်းကတော့ သူနာပြုသားဖွားလောကတစ်ခုလုံးကို ခြုံငုံပြီးတော့မေးတဲ့မေးခွန်းဖြစ်ပါတယ်။ သို့သော်လည်း ကျွန်တော်တို့ မေးခွန်းကိုရရှိတဲ့အခါမှာ ရရချင်း ကျွန်တော်ကိုယ်တိုင် လာဖြေတာပါ။ ပြန်လည်သုံးသပ်တဲ့အခါမှာ မေးခွန်းကတော်တော်ရှုပ်နေပါတယ်။ ပထမဆုံးကတော့ သူနာပြုအကူမဟုတ်ပါဘူးခင်ဗျ။ အကူသူနာပြုပါ။ ပထမအချက်မှာရေးတော့ ပြင်ပသူနာပြုအကူသင်တန်းများ တရားဝင်ဖွင့်လှစ်ခွင့် ရှိ/မရှိမေးပါတယ်။ ဒုတိယကျတော့ ပြင်ပသူနာပြုသင်တန်းများ ဖြစ်ပါတယ်။ အဲဒီမှာအကူမပါတော့ဘူး။ သူနာပြုသင်တန်းဖြစ်သွားတယ်။ နောက်တစ်ခါ ကျိုးကြောင်းဖော်ပြချက်မှာကြည့်တဲ့အခါမှာကျတော့ အဆင့်ဆင့်သောသူနာပြုများ/သားဖွားဆရာမပါ ပါလာပါတယ်။ ဒါကိုလည်း ပြန်ပြီးကောက်နုတ်တဲ့အခါမှာ အဆိုပါလိုအပ်ချက် အဲဒီနှစ်ချက်ကို ကျွန်တော်တို့ ဘယ်လိုစုလည်းဆိုတော့ သားဖွားလည်းပါတာတော်တော်များတယ်။ ပြန်ပြီးတော့ နောက်ဆုံး Objective မှာလည်း ပြန်မေးတဲ့အခါကျတော့ သူနာပြုအကူပြန်ဖြစ်သွားပါတယ်။ သို့သော်လည်း ဒီကိစ္စအားလုံးဟာ တစ်ခုနှင့်တစ်ခုက ဆက်နွှယ်နေတဲ့အတွက် ကျွန်တော် အားလုံးကို ခြုံငုံသုံးသပ်ပြီးဖြေပါတယ်။ မေးခွန်းမေးတာလည်း ကျွန်တော် ကျေးဇူးအများကြီးတင်ပါတယ်။ မေးခွန်းမေးတဲ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဘာဆိုလိုလဲဆိုတာလည်းကျွန်တော်သဘောပေါက်ပါတယ်။ အဲဒီတော့ ကျွန်တော် အကုန်ခြုံပြီးဖြေမှာဖြစ်ပါတယ်။ ပထမဆုံးမေးခွန်းဖြစ်တဲ့ ပြင်ပအကူသူနာပြုများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တရားဝင်ဖွင့်လှစ်ခွင့်ပြုထားခြင်းရှိ/မရှိနဲ့ပတ်သက်ပြီး ကျွန်တော်တို့က လုံးဝခွင့်ပြုထားခြင်းမရှိပါဘူး။ သို့သော်လည်းဒီကိစ္စက အလွန်အရေးကြီးတဲ့ကိစ္စဖြစ်တဲ့အတွက် ကျွန်တော် နှစ်ပတ်အတွင်းမှာတော့ Workshop, Seminar နှစ်ရက်လုပ်ပါမယ်။ အကူသူနာပြုသည် ကျန်းမာရေးဝန်ကြီးလည်းမဟုတ်ဘူး။ အလုပ်သမားနဲ့ပိုပြီးဆိုင်ပါတယ်။ သို့သော်လည်း ကျွန်တော်တို့က သူတို့ရဲ့ အရည်အသွေး၊ အရည်အချင်းစစ်တာတွေ ကျွန်တော်တို့က လုပ်ပေးရတဲ့အတွက် ကျွန်တော်တို့က ပုဂ္ဂလိကဆေးရုံများအသင်းပါမယ်။ ပုဂ္ဂလိကကျန်းမာရေးကြီးကြပ်မှုဗဟိုကော်မတီ ဥက္ကဋ္ဌကျွန်တော် အဲဒါပါမယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံ သားဖွားနှင့်သူနာပြုကောင်စီပါမယ်။ သားဖွားနှင့်သူနာပြုအသင်းပါမယ်။ အလုပ်သမားဝန်ကြီးဌာန Represent ပါမယ်။ ကျွန်တော်တို့ လောလောဆယ်ဖွင့်နေတဲ့ကျောင်းသက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်လည်း ခေါ်ပါမယ်။ ခေါ်ပြီး ကျွန်တော်တို့က သူနာပြုတက္ကသိုလ်တွေရဲ့

ပါမောက္ခချုပ်တွေ၊ ကျွန်တော်တို့ သူနာပြုသားဖွားကျောင်း ၅၀ က အချို့သောကျောင်းအုပ်တွေပါခေါ်ပြီး ကျွန်တော်ဆွေးနွေးပါမယ်။ အရည်အသွေးပြည့်အောင် ဘယ်လိုလုပ်မလဲ။ တာဝန်ခံမှု၊ တာဝန်ယူမှု၊ ကျင့်ဝတ်နှင့်ပြည့်တဲ့ အကူသူနာပြုတွေကို ဆက်လက်ပြီး ဘယ်လိုထုတ်မလဲဆိုတာ အဲဒီဟာကို ကျွန်တော်တို့ အမြန်ဆုံးလုပ်ပါမယ်။ နှစ်ပတ်အတွင်း ကျွန်တော်တို့ လုပ်ဖို့ပြောထားပြီးပါပြီ။ ဒီမှာဆိုလို့ ရှိရင် ကျွန်တော့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဒါကိုထုတ်ခဲ့ပါတယ်။ လုပ်ငန်းလိုအပ်ချက် အရ ကျွန်တော်တို့ နှစ်ကြိမ်ခေါ်ပါတယ်။ နှစ်ကြိမ်ခေါ်တဲ့အခါမှာ ကျွန်တော်တို့က လုပ်ငန်းလည်း ရမယ်။ သင်တန်းပေးခြင်းအားဖြင့် အလုပ်မဝင်သော်ငြားလည်း သူတို့သည် အပြင်ဆေးရုံ ပုဂ္ဂလိကမှာ လုပ်နိုင်တဲ့အတွက် အလွန်အကျိုးရှိတဲ့ကိစ္စဖြစ်တဲ့အပြင် ဒေသခံ တိုင်းရင်းသားတွေ၊ တိုင်းရင်းသူတွေနဲ့ ကျွန်တော်တို့ ခေါ်ပြီးသင်တန်းပေးပါတယ်။ ကိုးလသင်တန်းပါ။ ကျွန်တော်တို့သင်တန်းက တကယ် အဆင့်မြင့်တဲ့သင်တန်းဖြစ်ပါတယ်။ အဲဒီတော့ ဒီလိုပေးတာမှာဆိုလို့ရှိရင် ကျွန်တော်တို့က သင်တန်းကို နှစ်ခါပေးတဲ့အခါမှာ ၂၀၁၄ ခုနှစ်မှာတစ်ကြိမ်၊ ၂၀၁၅ ခုနှစ်မှာတစ်ကြိမ် စုစုပေါင်း ၃၀၅၀ ကျွန်တော်တို့ သင်တန်းပေးခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ ကျွန်တော်တို့ ရပ်သွားပါတယ်။ အဲဒီတော့ သင်တန်းကိုဘယ်မှာပေးလဲဆိုတော့ ခုတင် ၂၀၀ နှင့်အထက်ဆေးရုံတွေမှာ ကျွန်တော်တို့က ခေါ်ပြီး ပေးပါတယ်။ တော်တော်အဆင့်အတန်းမြင့်ပါတယ်။ အဆင့်အတန်းမြင့်တယ်ဆိုတာ တော်တော်ကိုမြင့် ပြီး သင်ရိုးညွှန်းတမ်းနဲ့ သေသေချာချာလုပ်ပါတယ်။ အားလုံး ၁၆ ဘာသာသင်ပါတယ်။ စာတွေ့ ၄၂၆ နာရီ၊ လက်တွေ့ ၈၃၆ နာရီ ကျွန်တော်တို့သင်ပေးပါတယ်။ အခု ဒီမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးလိုက်တဲ့အတွက် ဒီသင်တန်းကို ကျွန်တော်တို့ ပြန်ဖွင့်ပေးနိုင်မယ်ဆိုလို့ရှိရင် နိုင်ငံအတွက် အများကြီး အကျိုးရှိပါမယ်။ ဘာကြောင့်လဲဆိုရင် သူနာပြုတွေအရမ်းလိုအပ်နေပါတယ်။ ကျွန်တော်တို့ စဉ်းစားပေးပါမယ်။ ထို့အပြင် ပြင်ပမှာဖွင့်နေတဲ့ကျောင်းတွေကရော ကျွန်တော်တို့လို အဆင့်မြင့် ပေးနိုင်သလား။ မပေးနိုင်ရင် ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဘာတွေပံ့ပိုး မလဲဆိုတာကိုလည်း ခုန နှစ်ရက်လုပ်တဲ့ Workshop မှာ အားလုံးဖြစ်ပါတယ်။ ဒီမှာ ၁၆ ချက်ကတော့ အချိန်ကိုငဲ့ညှာပြီးတော့ မဖတ်ပါဘူး။ အကုန်ပါပါတယ်။ စိတ်ကျန်းမာရေး၊ ပြည်သူ့ကျန်းမာရေး၊ သက်ကြီးရွယ်အို၊ အာဟာရ၊ ရောဂါကာကွယ်ရေး၊ အခြေခံသူနာပြု၊ ရှေးဦးသူနာပြု၊ ပိုးမွှားဗေဒ၊ ခန္ဓာ ဗေဒ၊ ဇီဝ၊ ဆေးဝါး အကုန်လုံး ကျွန်တော် သေချာစနစ်တကျလုပ်ထားပါတယ်။ Curriculum လည်း ရှိပါတယ်။ အဲဒီတော့ ကျွန်တော် ဒါကိုဆက်လက်ဖွင့်ဖို့ ကျွန်တော်စဉ်းစားမှာဖြစ်ပါတယ်။ အဲဒီတော့ ထွက်ပေါ် လာတဲ့ ဒီထဲကလည်း ခန့်ပါတယ်ခင်ဗျ။ အကူသူနာပြုကို ဖွဲ့စည်းပုံအရ ၁၄၀၀ ကို

ကျွန်တော်ခန့်ထားပါတယ်။ အဲဒီတော့ ကျန်တဲ့ ၁၆၂၀ ကလည်း ပြင်ပဆေးရုံ၊ ဆေးခန်းတွေမှာ လုပ်နေတဲ့အတွက် နိုင်ငံကိုတော်တော်အကျိုးရှိတဲ့အလုပ် ဖြစ်ပါတယ်။ နောက်တစ်ခုက လွှတ်တော် ကိုယ်စားလှယ်ကြီးသိလိုတဲ့ လိုအပ်ချက်တွေကို ဝန်ကြီးဌာနက ဘယ်လိုစီမံမလဲဆိုတော့ လိုအပ်ချက် တွေတော့ ကျွန်တော်တို့ အများကြီးထုတ်ပါတယ်။ အခုအချိန်အထိ ကျွန်တော်တို့ သူနာပြုသားဖွား သုံးနှစ်ဒီပလိုမာပေါင်းက ၃၅၁၇၄ ယောက် ထုတ်ပြီးပါပြီ။ သူနာပြုသိပ္ပံ(BNSC)Nurse က ၄၅၂၅ ဦး ထုတ်ပြီးပါပြီ။ နောက်ပြီးတော့ ကျွန်တော်တို့က ဘက်စုံသားဖွားဆရာမ နှစ်နှစ်သင်တန်း ၃၉၉၂၈ ဦး ထုတ်ပြီးပါပြီ။ တော်တော်ထုတ်ထားပါတယ်။ သို့သော်လည်း မလောက်ပါဘူး။ မလောက်တဲ့အတွက် ဒီနှစ်ကစပြီးတော့ ကျွန်တော်တို့ သူနာပြုတွေကို ၁၈၀၀ နှစ်စဉ်ခေါ်နေတာ ဒီနှစ်ကစပြီး ၃၆၉၀ ဦး ဆက်လက်ခေါ်မှာဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာကြည့်မယ်ဆိုလို့ရှိရင် လောလောဆယ် လက်ရှိ သူနာပြု တက္ကသိုလ်မှာတက်နေတဲ့ BNSC ရမယ့်သင်တန်းသားက ၁၃၂၀ ရှိပါတယ်။ ကျွန်တော်တို့ သူနာပြု သင်တန်းကျောင်း သုံးနှစ်သူနာပြုသင်တန်းကျောင်းမှာ အစိုးရထောက်ပံ့ငွေပေးပြီးတက်နေတဲ့ သင်တန်းသားသင်တန်းသူပေါင်းက ၉၁၃၄ ဦးရှိပါတယ်။ လောလောဆယ် သားဖွားနှစ်နှစ်သင်တန်းမှာ တက်နေတဲ့၊ ကျွန်တော်တို့ကျောင်းမှာတက်နေတဲ့ သားဖွားသင်တန်းသူက ၁၆၈၈ ရှိပါတယ်။ ဆိုတော့ မကြာခင်အချိန်အတွင်းမှာတော့ တဖြည်းဖြည်း သူနာပြုသားဖွားတွေက အရေအတွက်က ပြန်ပြီးတော့ မီဖို့ရှိပါတယ်။ ထို့အပြင် ဒါနဲ့တင်မလောက်ပါဘူး။ ဆရာဝန်သူနာပြုအချိုးက ပြောင်းပြန်နီးပါးလောက် ဖြစ်နေပါတယ်။ သူနာပြုပိုခန့်မယ်ဆိုရင် ကျောင်းတွေထပ်လိုပါတယ်။ အဲဒီတော့ နိုင်ငံတော်အစိုးရ အနေနဲ့ ရွှေဘိုမှာ သူနာပြုသင်တန်းကျောင်းတစ်ကျောင်း ကျပ်ပေါင်း သန်း ၃၄၀၀.၅၇ ချထားပြီးပါပြီ။ ပိုက်ဆံလည်းရပြီးပါပြီ။ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့မှာလည်း သူနာပြုသင်တန်းကျောင်း တစ်ကျောင်း ကျပ်သန်း ၃၄၀၀ ရထားပါတယ်။ စပြီးအခုလုပ်နေပါတယ်။ နောက် ချင်းပြည်နယ်၊ ဟားခါးမြို့မှာလည်း သားဖွားသင်တန်းကျောင်းတစ်ကျောင်းကို ကျပ်သန်း ၉၇၃ နဲ့လည်း ဘဏ္ဍာငွေ ရရှိပါပြီ။ ဒါတွေ ကျွန်တော်တို့ ဆက်လက်ဆောက်ပြီးတော့ အမြန်ဆုံးဆောက်ပြီးရင် ကျွန်တော်တို့ ဒီမှာထပ်ပြီးတော့ သင်တန်းတွေပေးရင် ကျွန်တော်တို့ အများကြီးရမှာဖြစ်ပါတယ်။ အခုထွက်ပေါ်လာ တဲ့ အကူသူနာပြုတွေကတော့ ကိုးလသင်တန်းပေးလိုက်ခြင်းအားဖြင့် အခုလောလောဆယ်လုပ်တဲ့ သူနာပြုတွေမှာ များစွာအထောက်အကူရပါတယ်။ ဆိုလိုတာက သူနာပြုများလုပ်နေတဲ့ အချို့အလုပ် တွေကို အကူသူနာပြုကလုပ်မယ်ဆိုရင် သူနာပြုတွေရဲ့ အလုပ်မှာ အလုပ်နည်းသွားမယ်။ အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုကို လူနာတွေကိုပေးနိုင်တဲ့အတွက် သူနာပြုလောကကိုလည်း

တော်တော်အထောက်အကူပြုမယ့် ကိစ္စဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နောက်တစ်ချက်က ဒီအစိုးရ လက်ထက်မှာ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့ မလောက်လို့ဆိုလို့ အားလုံးခန့်တာ သားဖွားသူနာပြုပေါင်းဆိုရင် သူနာပြုချည်းပဲ ၅၇၆၃ ဦးခန့်ပါတယ်။ သားဖွားပေါင်း သုံးထောင်ကျော် ခန့်ပါတယ်။ အကူသူနာပြုကတော့ ၁၀၈၄ ဦးခန့်ပါတယ်။ ကျွန်တော်တို့ အများကြီးခန့်နေပါတယ် ခင်ဗျ။ အခု မကြာခင်ကာလရက်ပိုင်းအတွင်းမှာလည်း သားဖွားဆရာမ ၉၃၉ ဦးခန့်ဖို့ ကျွန်တော် ခွင့်ပြုချက်ရထားပါပြီ။ ဒါကိုလည်း အမြန်ဆုံးခန့်ပြီးတော့ ခုန လွှတ်တော်ကိုယ်စားလှယ်ကြီး အများကြီး ပြောတဲ့ Sub Centre တို့၊ Rural Health Centre တွေမှာ သားဖွားဆရာမတွေ ပြည့်လာမှာဖြစ်ပါ တယ်။ ကျွန်တော်တို့ ဒီ အကူသူနာပြုကိစ္စကတော့ သူတို့ ကျောင်းဖွင့်ချင်တယ်ဆိုရင် ကျွန်တော်တို့မှာ စံသတ်မှတ်ရေး ကျန်းမာရေးလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု စံသတ်မှတ်ရေးကော်မတီ ရှိပါတယ်။ ဒါ ကျွန်တော်တို့ရဲ့ ညွှန်ကြားရေးမှူးတစ်ယောက်က ဥက္ကဋ္ဌလုပ်ပါတယ်။ ဒီဟာ စိစစ်ပြီး ကျွန်တော်တို့ဝန်ကြီးဌာနက သဘောတူမယ်ဆိုရင် National Skill and Standard Authority ကို တင်ပြရပါတယ်။ ဒီ National Skill and Standard Authority ကတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဘက်ကနေလုပ်ပြီးတော့ ပြီးတယ်။ သူတို့က Approved လုပ်လို့ရှိရင် ကျွန်တော်တို့က အကူသူနာပြုပုဂ္ဂလိကကျောင်းတွေကို ဖွင့်ခွင့်ပေးပါတယ်။ ကျွန်တော်တို့မှာ အဆင့်ဆင့်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး နောက်ဆုံးမေးတဲ့မေးခွန်းအရ လည်း တော်တော်ကောင်းပါတယ်။ Elderly Care ကျွန်တော်တို့မှာ။ ဘာကြောင့်လဲဆိုတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့က အရေးကြီးမှန်းသိတဲ့အတွက် အခုဘာလုပ်နေပါသလဲဆိုတော့ Elderly Care Assistant ခြောက်လသင်တန်းကို Poster Guigo Service ကုမ္ပဏီနဲ့ ဂျပန်နိုင်ငံရှိ သက်ကြီးရွယ်အိုကျန်းမာရေးစောင့်ရှောက်မှုသင်တန်းကျောင်းရဲ့အကူအညီနဲ့ ကျွန်တော်တို့ စပြီးတော့ ဖွင့်ပါမယ်။ မတ်လ ၇ ရက်နေ့မှာဖွင့်ပါမယ်။ သင်တန်းတက်မယ့်သူအားလုံးပေါင်း ၉၇ ဦးရွေးပြီးပါပြီ။ ထောင်ကျော်လာလျှောက်ပါတယ်။ ကျွန်တော်တို့ အဲဒီအထဲက ၉၇ ဦးရွေးပြီး စတင်ဖွင့်မှာပါ။ ဖွင့်တာ ဒီဥစ္စာက ခြောက်လသင်တန်းဖြစ်ပါတယ်။ ဘာကြောင့် ကျွန်တော်ဒါကိုဖွင့်ရသလဲဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံရဲ့ သက်ကြီးရွယ်အိုကိုကြည့်တဲ့အခါမှာ သန်းခေါင်းစာရင်းအရ ၁၉၇၃ ခုနှစ်တုန်းက သက်ကြီးရွယ်အိုဟာ ၆၀ အထက်တွေက ၁.၇ သန်းပဲရှိပြီးတော့ ၂၀၁၄ ခုနှစ်မှာ ၄.၅ သန်း တက်လာတဲ့ အခါကျတော့ တစ်နှစ်တစ်နှစ်ကို ၆၀ ကျော်အသက်တွေက ၂.၄ ရာခိုင်နှုန်းလောက် တက်နေတာ တွေ့ရပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့က ဒီ သက်ကြီးရွယ်အို ကိစ္စကလည်း အလွန်အရေးကြီး

ပါတယ်။ ဒါ ကျွန်တော်တို့ စပြီးဖွင့်ပါပြီ။ ဒါတင်မကဘူး။ ပြင်ပကလာပြီးတော့ဖွင့်ချင်တဲ့လူတွေလည်း အများကြီးရှိပါတယ်။ ဒါတွေကို ဆက်လက်လုပ်မယ်။ ဒီအောင်လာတဲ့လူတွေကို ကျွန်တော်တို့က လက်မှတ်ပေးပါတယ်။ သို့သော် ပိုအရေးကြီးတာက သူတို့ကို ဘယ်သူကလက်မှတ်ပေးရမလဲဆိုတော့ ခုနကျွန်တော်တင်ပြတဲ့ National Skill Standard Authority(NSSA)က လက်မှတ်ပေးရင် သူတို့သည် နိုင်ငံခြားမှာလည်း သွားလုပ်လို့ရပါတယ်။ ကျွန်တော်တို့ ဒီကိစ္စကိုလည်း ဒါထက်ပိုပြီးတော့ ဆက်လက်ဆောင်ရွက်မယ်လို့ ကျွန်တော့်အနေနဲ့ လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျွန်တော် ပြည်စုံမယ်လို့ထင်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ ၈-၂-၂၀၁၉ ရက် (သောကြာနေ့)တွင် လွှတ်တော်သို့ လက်ခံရရှိကြောင်းအသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာ ရေးသားဖော်ပြ၍ ၁၃-၂-၂၀၁၉ ရက်နေ့ နောက်ဆုံး ထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့ရာ ကိုယ်စားလှယ် ၂ ဦးက အမည်စာရင်းတင်သွင်း လာပါတယ်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေး ဆိုင်ရာကော်မတီ၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့

လွှတ်တော်ကိုယ်စားလှယ် ၂ ဦးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြန်လည်စိစစ်ခဲ့ကြပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာ ဖြစ်ပါတယ်။ ယခု ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီနဲ့ လွှတ်တော်ကိုယ်စားလှယ် ၂ ဦးတို့က ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ် အတည်ပြုခြင်းကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အဆိုတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဥပဒေကြမ်းကော်မတီရဲ့အဖွဲ့ဝင် ဦးဇော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ တရားလွှတ်တော်ရှေ့နေများ ကောင်စီရဲ့အက်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ အတည်ပြုပေးနိုင်ဖို့အတွက် အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့က ပြင်ဆင်တဲ့ဥပဒေကြမ်းကို တရားလွှတ်တော်ရှေ့နေများကောင်စီရဲ့ ဒီအက်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုးက တင်သွင်းခဲ့တာ ဖြစ်ပါတယ်။ ဒီလွှတ်တော်ကိုယ်စားလှယ် တင်သွင်းစဉ်က မူလကလည်း ပြင်ဆင်ဖို့ကို အင်္ဂလိပ်လိုပဲ တင်သွင်းခဲ့တာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ ဥပဒေကြမ်းကော်မတီအနေနဲ့ ဒီအစီရင်ခံစာကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ဖြစ်တဲ့ ၈-၂-၂၀၁၉ ရက်နေ့မှာ ကျွန်တော်တို့ Power Point နှင့်အတူ လွှတ်တော်ကို အစီရင်ခံစာ တင်ပြခဲ့ပါတယ်။ ဒီလိုအစီရင်ခံစာတင်ပြနိုင်ဖို့အတွက်ကို ဥပဒေကြမ်းကော်မတီက နေပြီးတော့ ၂၈-၁-၂၀၁၉ ရက်နေ့မှာ ကျွန်တော်တို့ ပြည်ထောင်စု ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရယ်၊ တရားလွှတ်တော်ချုပ်ရှေ့နေများကောင်စီရယ်၊ နောက်ပြည်ထောင်စုရှေ့နေချုပ်ရုံးရယ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ကတာဝန်ရှိတဲ့သူတွေနဲ့ ကျွန်တော်တို့ ညှိနှိုင်းလုပ်ပါတယ်။

ကျွန်တော်တို့ အစီရင်ခံစာမှာ တင်ပြခဲ့တဲ့ Power Point မှာတင်ပြခဲ့သလိုပဲ ကျွန်တော်တို့ ဒီလိုအချက်အလက်တွေနဲ့ ထောက်ပြဆွေးနွေးခဲ့စဉ်မှာ ခုနတင်ပြတဲ့ ဆွေးနွေးပွဲမှာပါတဲ့ ဒါဥပဒေ

ဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၊ နောက်တရားလွှတ်တော်ရှေ့နေများကောင်စီ၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် အထူးကော်မရှင်တို့ကနေ အားလုံးက သဘောတူလက်ခံခဲ့လို့ ကျွန်တော်တို့က အင်္ဂလိပ်လို ပြင်ဆင်တဲ့ဟာကို တင်သွင်းခဲ့တာဖြစ်တယ်ဆိုတာလေးကို ရှေးဦးစွာ ကျွန်တော် တင်ပြလို ပါတယ်။ ဘာဖြစ်လို့ အင်္ဂလိပ်လိုပြင်ဆင်သင့်လည်းဆိုတဲ့ကိစ္စတွေကိုတော့ ကျွန်တော် လွှတ်တော်ကို ထပ်မံတင်ပြလိုပါတယ်။ ကျွန်တော်ကို Power Point သုံးစွဲခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါ တယ်ခင်ဗျား။ ဒါက အခုကျွန်တော်တို့ပြင်တဲ့ တရားလွှတ်တော်ရှေ့နေများကောင်စီ ဘာသာပြန်ဆို ထားတဲ့ မူရင်းဥပဒေ ဒီ Burma Council Act က ပြည်ထောင်စုလွှတ်တော်မှာ လက်ရှိကို ရုပ်သိမ်း ထားခြင်းမရှိတဲ့ တည်ဆဲဥပဒေပါ။ နောက် Slide လေးပြပေးပါ။

အဲဒီတော့ ဒီဘာသာပြန်ဆိုတဲ့ ဘာသာပြန်ဥပဒေကိုကျတော့ သူတို့က ၂၀၁၅ ခုနှစ်မှာ ပြည်ထောင်စုလွှတ်တော်ကနေပြဋ္ဌာန်းလိုက်တာ ဖြစ်ပါတယ်။ အဲဒီတော့ ဘာသာပြန်ဥပဒေမှာ ဒီပုဒ်မ ၁၂ မှာက ကော်မရှင်သည် မိမိအတည်ပြုတဲ့ မြန်မာဘာသာပြန်ဆိုထားတဲ့ဥပဒေဟာ မူလစာမူနှင့် အလားတူအာဏာတစ်ရပ်အမိန့်ကို ထုတ်ပြန်ရမယ်လို့ ရေးထားပါတယ်။ ဒီမူလစာမူနှင့် အလားတူ အာဏာတည်ရမယ်ဆိုတာ နကိုယ်မူရင်းဥပဒေ၊ အင်္ဂလိပ်ဥပဒေနဲ့ ဒီဘာသာပြန်ဆိုတဲ့ဟာက ဆိုလိုရင်း အဓိပ္ပာယ်တူရမယ်။ ဥပဒေရဲ့အနှစ်သာရအပိုင်းတူရမယ်။ အဲဒီလိုတူမှ သူက အာဏာတည်ရမယ့် အမိန့်ကို ထုတ်ပြန်ခွင့်ပေးထားတာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီစာသားက မူလစာမူနှင့်အလားတူ အာဏာတည်ရမယ်ဆိုတဲ့အမိန့်ရဲ့စကားရပ်ဟာ ဘယ်ဥပဒေက ဆင်းသက်လာတယ်ဆိုတာ ကျွန်တော် တို့နောက်ပိုင်းမှာ ထပ်မံတင်ပြပေးပါမယ်။ အဲဒီတော့ ဒီလိုအမိန့်ထုတ်ပြန်လိုက်တဲ့ဟာက ဥပဒေဟာ ထုတ်ပြန်လိုက်တဲ့ဘာသာပြန်ဆိုချက်ဟာ ဥပဒေတစ်ခုဖြစ်သွားတာ မဟုတ်ပါဘူး။ သူ့ကို ကျွန်တော်တို့ ကမြန်မာစာဟာ ရုံးသုံးစာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ရုံးဌာနတွေမှာ တရားဝင် ကိုးကားသုံးစွဲခွင့်ပြုတာပဲ ဖြစ်ပါတယ်။ နောက် Slide လေးပြပေးပါ။

ဒါက ဥပဒေဘာသာပြန် ကော်မရှင်ကနေပြီးတော့ ၂၇-၆-၂၀၁၈ ရက်နေ့မှာ ဒီကော်မရှင် ဥပဒေပုဒ်မ ၁၂ အရ အမိန့်ထုတ်ပြန်ပြီးတော့ ကျွန်တော်တို့ ဥပဒေကိုးခုကို ဘာသာပြန်ဆိုခဲ့ပါတယ်။ ဒီကိုးခုတည်းကမှ အခု ဘယ်ဘက်မှာရှိတဲ့ စာအုပ်ကတော့ ပြည်ထောင်စုရှေ့နေချုပ်ရုံးကနေပြီးတော့ ထုတ်ဝေထားတဲ့ မြန်မာဘာသာပြန်ဆိုထားတဲ့ ဥပဒေတွေကို ထုတ်ဝေတာဖြစ်ပါတယ်။ အဲဒီတော့ ဒီဥပဒေအမှာစာမှာ ဒုတိယအပိုဒ်မှာ ဤစာအုပ်ပါ မြန်မာဘာသာပြန်ဆိုထားသည့်ဥပဒေများသည် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော မူလစာမူနှင့်အလားတူ အာဏာတည်သောကြောင့် တရားဝင်

ကိုးကားသုံးစွဲခွင့်ရှိတယ်လို့လည်း ဒီမှာအဲဒီလိုပဲ ဖော်ပြထားတာ ဖြစ်ပါတယ်။ နောက် Slide လေး ပြပေးပါ။

ဒါကတော့ ကျွန်တော်တို့ ၁၉၄၈ ခုနှစ်က မြန်မာဘာသာပြန်ဥပဒေရဲ့ ဝေါဟာရအက်ဥပဒေ ဖြစ်ပါတယ်။ နောက် Slide လေး ပြပေးပါ။ ဒီမြန်မာဘာသာပြန်ဥပဒေရဲ့ ဝေါဟာရအက်ဥပဒေရဲ့ပုဒ်မ ၄ မှာ ကျွန်တော်စောစောကတင်ပြခဲ့တဲ့ ခုနတုန်းက ဘာသာပြန်ဥပဒေရဲ့ ပုဒ်မ ၁၂ ကစာသားဟာ ဒီဥပဒေကလာတာပါ။ ဒီဥပဒေပုဒ်မ ၄ မှာ ဤပုဒ်မရှိ ပုဒ်မခွဲ(၂)နှင့် မဆန့်ကျင်ဘဲ ဝန်ကြီးသည် မိမိ သင့်တော်သည်လို့ ထင်မြင်လျှင် မြန်မာဘာသာပြန်ဆိုထားသည့် လက်ရှိဥပဒေသည် သို့တည်းမဟုတ် ဥပဒေစာလွှာသည် စတင်အမိန့်အာဏာတည်သည့်နေ့မှ မူလစာမူနှင့်အလားတူ အာဏာတည်ရမည် ဟု အမိန့်ဖြင့်ကြေညာနိုင်ခွင့်ရှိသည်လို့ ရေးထားပါတယ်။ ခုန ဘာသာပြန်ဥပဒေဆီမှာရှိတဲ့ ပုဒ်မ ၁၂ ကစာသားဟာ ၁၉၄၈ ခုနှစ်က ပြဋ္ဌာန်းတဲ့ ဥပဒေပုဒ်မဆီကနေပြီးတော့ လာတာဖြစ်ပါတယ်။ နောက် Slide လေး ပြပေးပါ။

ဒါက ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မရဲ့ ၁၄ ဖြစ်ပါတယ်။ ဒါက ၂၀၁၅ ခုနှစ်မှာ ပြဋ္ဌာန်းလိုက်တဲ့ဥပဒေပါ။ အင်္ဂလိပ်ဘာသာနဲ့ ပြဋ္ဌာန်းလိုက်တဲ့ တည်ဆဲဥပဒေနှင့်စပ်လျဉ်းပြီးတော့ ကော်မရှင်က ဘာသာပြန်တာရှိတယ်။ ၁၉၄၈ ခုနှစ် ခုနတုန်းက ဝေါဟာရအက်ဥပဒေက ဘာသာပြန် ကော်မတီရှိပါတယ်။ အဲဒီနှစ်ခုလုံးက ဘာသာပြန်ဆိုတဲ့ဟာ နိုင်ငံတော်မူပိုင်လို့ပြောပါတယ်။ နိုင်ငံတော် မူပိုင်ပြောတာက ဥပဒေဖြစ်တယ်လို့ပြောတာမဟုတ်ပါဘူး။ ဒီကော်မရှင်နဲ့ ကော်မတီက ဘာသာပြန်ဆို လိုက်တဲ့ဟာသည် နိုင်ငံပိုင်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ နိုင်ငံတော်ရဲ့ ရုံးဌာနတွေမှာ တရားဝင်ကိုးကား သုံးစွဲခွင့်ရှိတယ်လို့ ပြောတာပါ။ တစ်ခြားအဖွဲ့အစည်း တစ်ခြားပုဂ္ဂိုလ်က ဘာသာပြန်ဆိုမယ်ဆိုရင် တော့ နိုင်ငံတော်မူပိုင်မဟုတ်တဲ့အတွက်ကြောင့်မို့လို့ တရားဝင်သုံးစွဲခွင့်မပြုဘူးလို့ ဆိုလိုခြင်းဖြစ်ပါ တယ်။ နောက် Slide လေး ပြပေးပါ။

ဒါ ကျွန်တော်တို့ မြန်မာဘာသာပြန်ဥပဒေကို ဝေါဟာရအကြံပေးကော်မတီကနေပြီးတော့ ဘာသာပြန်ဆိုလိုက်တဲ့ ရာဇသတ်ကြီးဖြစ်ပါတယ်။ ရာဇသတ်ကြီးရဲ့မူလဟာ ဒီပင်နယ်ကုတ်ပဲ ဖြစ်ပါ တယ်။ အဲဒီတော့ ဒီရာဇသတ်ကြီးကို ထုတ်ပြန်စဉ်တုန်းက ဒီဘာသာပြန်ကော်မတီရဲ့ အမှာစာလေးကို ကျွန်တော် ဖတ်ပြလိုပါတယ်ခင်ဗျား။ ဒီထဲမှာ သူကဘယ်လိုရေးထားလည်းဆိုတော့ ထိုသို့ပြဋ္ဌာန်းခဲ့ သည့်အတိုင်း နိုင်ငံတော်အစိုးရသည် တရားလွှတ်တော်ချုပ် တရားဝန်ကြီးသတိုးသီရိသုဓမ္မ

ဦးအေးမောင် သဘာပတိအဖြစ် ဆောင်ရွက်သော မြန်မာဘာသာပြန်ဥပဒေကော်မတီကို ၁၉၄၈ ခုနှစ် ကပင် စတင်ဖွဲ့စည်းခဲ့လေသည်။ ကော်မတီသည် အများပြည်သူနှင့် သက်ဆိုင်ရမည်ဖြစ်သော ရာဇဝတ်ဥပဒေ၏ ရာဇသတ်ကြီးကို စတင်ဘာသာပြန်ဆိုခဲ့ရာ ယခုအခါ ရာဇသတ်ကြီး၏ မြန်မာ ဘာသာပြန်ဆိုချက်ကို အစမှအဆုံးထိ နှစ်ကြိမ်တိုင်တိုင်ပြန်ဆိုစိစစ်ခဲ့ပြီးဖြစ်လေသည်။ ထို့ကြောင့် ထိုရာဇသတ်ကြီး၏ မြန်မာဘာသာပြန်ဆိုချက်ကို တရားဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်အစိုးရပုံနှိပ်တိုက်တွင် ပုံနှိပ်ပါသည်။ အဆိုပါ ရာဇသတ်ကြီး၏ မြန်မာဘာသာပြန်ဆိုချက်နှင့် စပ်လျဉ်း၍ ကော်မတီသည် ဥပဒေသဘော၌လည်းကောင်း၊ ရေးသားပုံသဘော၌လည်းကောင်း၊ မိမိ တို့စွမ်းအားရှိသလောက် အများပြည်သူနားလည်နိုင်သမျှ နားလည်စေရန် မြန်မာဘာသာပြန်ဆိုထားပါ သည်။

ထိုသို့ဥပဒေများကို မြန်မာဘာသာပြန်ဆိုခဲ့သည့်ကိစ္စ၌ ကော်မတီသည် မည်မျှပင် အစွမ်းကုန် ကြိုးစားဆောင်ရွက်ဖန်တီးစေကာမူ လုံးဝအဆင်ပြေမှုကို ရရှိလိမ့်မည်ဟု ကော်မတီက မယူဆပါ။ မည်သို့ပင်ဖြစ်စေကာမူ ဥပဒေများကို ဘာသာပြန်ဆိုခြင်း၊ ပြဋ္ဌာန်းခြင်းတစ်ခုခုကို ကနဦးတွင် မည်သို့ ပင် ကျနသေချာစွာ ပြုလုပ်ထားသော်လည်း နောက်နောင်တွင် ထပ်မံပြင်ဆင်ရမြဲဖြစ်သည်ကို ဥပဒေ လေ့လာလိုက်စားသူတိုင်း သိရှိနားလည်ပြီးဖြစ်သောကြောင့် ရာဇသတ်ကြီးဥပဒေဘာသာပြန်ဆိုချက်ကို မည်သို့ပင်သိရှိနားလည်ကြမည်ကို ကော်မတီကမျှော်လင့်ပါကြောင်း ရာဇသတ်ကြီးရဲ့အမှာစာမှာ ဒီလို ပဲရေးထားတာ တွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီရာဇသတ်ကြီးကို ဘာသာပြန်ဆိုပြီးတဲ့ နောက်ပိုင်းတစ်လျှောက်လုံးမှာ ကျွန်တော်တို့ ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်ရင် မူလဥပဒေဖြစ်တယ်။ အင်္ဂလိပ်လိုပဲပြင်ဆင်ပါတယ်။ ဒါနောက်တစ်ခုက ကျွန်တော်တို့ အခု နိုင်ငံတော်သမ္မတကြီးဖြစ်တဲ့ ဦးဝင်းမြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတာဝန်ထမ်းဆောင်စဉ်တုန်းက ရသေ့တောင်မဲဆန္ဒနယ်က ဆရာမ ဒေါ်ခင်စောဝေကနေပြီးတော့ ရာဇသတ်ကြီးမြန်မာလိုပြင်ဆင်တာ တင်သွင်းခဲ့ပါတယ်။

အဲဒီတုန်းကလည်း ဥက္ကဋ္ဌကြီးကိုယ်တိုင်က ဒါဟာ မူရင်းအင်္ဂလိပ်လိုပဲ ပြင်ဆင်ရမယ်လို့သာ အသိပေးခဲ့တာ လွှတ်တော်ကိုယ်စားလှယ်များလည်း အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အခု ပြည်ထောင်စုတရားလွှတ်တော်ရှေ့နေများကောင်စီကိုလည်း အင်္ဂလိပ်လိုပြင်ဆင် ခြင်းသာလျှင် ပိုပြီးတော့ဆီလျော်တဲ့အတွက်ကြောင့် အင်္ဂလိပ်လိုပြင်ဆင်တဲ့ဟာကို အတည်ပြုပေးဖို့ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်မို့မို့အောင်၊ လသာမဲဆန္ဒနယ် အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်မို့မို့အောင်(လသာမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါရှင်။ လွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ရာ အမျိုးသား လွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်။ အဆိုပါ အမျိုးသားလွှတ်တော်က အတည်ပြုခဲ့တဲ့ ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီက စိစစ်ရာမှာတော့ အဆိုပါဥပဒေကြမ်းကို အင်္ဂလိပ်ဘာသာဖြင့်သာ အတည်ပြုပြဋ္ဌာန်း သင့်ကြောင်း အစီရင်ခံစာတင်သွင်းခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အကြံပြု တင်ပြခဲ့တဲ့အစီရင်ခံစာဟာ သက်ဆိုင်ရာလူ့အဖွဲ့အစည်းတစ်ခုရဲ့ အဓိက လိုအပ်ချက်ကိုမေ့လျော့ပြီး ပညာရပ်အနေဖြင့်သော်လည်းကောင်း၊ နယ်ပယ်တစ်ခုတည်းကို အခြေခံပြီးသော်လည်းကောင်း၊ ရေးသားထားသော အစီရင်ခံစာဖြစ်နေတဲ့အတွက် သက်ဆိုင်ရာလူ့အဖွဲ့အစည်းအတွင်းမှာရှိတဲ့ ပြည်သူလူထုရဲ့လိုအပ်ချက်များကို အလျင်အမြန်နှင့် လက်တွေ့ကျကျအကျိုးပြုလိုတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့် ကျွန်မက ကန့်ကွက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များရှင်။ ဥပဒေများ စည်းမျဉ်း စည်းကမ်းများ သတ်မှတ်ပြဋ္ဌာန်းရခြင်းရဲ့ အဓိကအကြောင်းအရင်းက တိုင်းပြည်အတွင်းမှာ မှီတင်း နေထိုင်ကြတဲ့ ပြည်သူများ၊ ဝန်ထမ်းများ၊ ပညာရှင်များဟာလျှင် ဟန်ချက်ညီညီနှင့် မိမိတို့ရဲ့တာဝန်ဝတ္တရားများ ထမ်းဆောင်နိုင်အောင် မိမိတို့ရဲ့အခွင့်အရေးများကို ခံစားနိုင်အောင် သတ်မှတ်ပြဋ္ဌာန်းပေးထားခြင်းဖြစ်တယ်ဆိုတဲ့အချက်ကို အလေးအနက်ထား စဉ်းစားစေလိုပါတယ်ရှင်။ ရူပဗေဒ၊ ဓာတုဗေဒဘာသာရပ်များနှင့် ဆေးပညာရပ်များလိုမဟုတ်တဲ့ ဥပဒေပညာရပ်ဟာ လူသားများ ပေါ်ပေါက်ပြီး လူ့အဖွဲ့အစည်းများထူထောင်ပြီးကာမှ သတ်မှတ်ပြဋ္ဌာန်းပေါ်ပေါက်လာတဲ့ ပညာရပ် ဖြစ်ပါတယ်။ အဓိကကတော့ လူ့အဖွဲ့အစည်းတစ်ခုအတွင်းမှာ အစုအဖွဲ့လိုက်ဘယ်လိုဆောင်ရွက်ကြ ရမယ်၊ တစ်ဦးချင်းဆီအနေနဲ့ ဘယ်လိုပြုမူရမယ်လို့ သတ်မှတ်ပြဋ္ဌာန်းထားတဲ့အရာကို ဥပဒေလို့ခေါ် ပါတယ်။ ပြည်သူကို အလုပ်အကျွေးပြုလိုသော ကိုယ်စားလှယ်တော်ကြီးများအနေနဲ့ စဉ်းစားရမှာက ဥပဒေများပြဋ္ဌာန်းရခြင်းဟာ ပြည်သူကိုအကျိုးပြုစေဖို့၊ နိုင်ငံကိုကောင်းစားစေဖို့ပဲ ဖြစ်ပါတယ်။

ပြောရရင် သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ဥပဒေများဟာ ပြည်သူကို တိုက်ရိုက်လျင်လျင်မြန်မြန် အကျိုးပြုနိုင်ဖို့ပဲ အရေးကြီးပါတယ်။ ပညာရပ်ဆိုင်ရာ ရုတ္တိဗေဒကျဖို့က အဓိကမကျဘူးဆိုတဲ့ အချက်

ကိုပါပဲ။ ယခု တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေဟာ ကျွန်မတို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းမှာရှိကြတဲ့ တရားလွှတ်တော်ရှေ့နေများ မည်သို့မည်ပုံပြုမူရမည့် နိုင်ငံနှင့် ပြည်သူအပေါ် သူတို့ထမ်းဆောင်ရမည့် ဝတ္တတရားကဘာဖြစ်တယ်။ တရားလွှတ်တော်ရှေ့နေများက ဘယ်လိုအခွင့်အရေးတွေရှိတယ် စသဖြင့် သတ်မှတ်ပြဋ္ဌာန်းပေးထားတဲ့ ဥပဒေတစ်ခုဖြစ်ပါတယ်။ အဓိကကတော့ ဘားကောင်စီကို ရှေ့နေများကလွတ်လွတ်လပ်လပ်ရွေးချယ်ပိုင်ခွင့်ရှိတယ်ဆိုတာကို လည်း ပြဋ္ဌာန်းထားတဲ့ဥပဒေတစ်ခုလည်း ဖြစ်နေပါတယ်။ ဖြစ်ချင်တော့ ဒီဥပဒေကို မြန်မာအစိုးရ သို့မဟုတ် မြန်မာပြည်သူလူထုက ရေးဆွဲပြဋ္ဌာန်းထားခြင်းမရှိခဲ့ပါဘူး။

ဒီပြဿနာကို ဖြေရှင်းတဲ့အနေနဲ့ အိန္ဒိယပါလီမန်မှာ ပြဋ္ဌာန်း အသုံးပြုခဲ့တဲ့ The Bar Council Act ကို ၁၉၂၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှာ စတင်ပြီးတော့ အသုံးပြုမယ်လို့ မြန်မာနိုင်ငံ တရားရုံးချုပ်က အတည်ပြုပေးခဲ့တာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံမှ ကူးယူ အတည်ပြုထားတဲ့ The Bar Council Act ကို ၁၉၈၉ ခုနှစ်မှာ ယခင်အစိုးရလက်ထက်က ပြန်လည် ပြင်ဆင်ခဲ့ပါတယ်။ ပုဒ်မ ၄ နဲ့ ပုဒ်မ ၆ ကိုပြင်ဆင်ခဲ့တာဖြစ်ပါတယ်။ ပြင်ဆင်လိုက်တဲ့အကျိုးဆက်အနေနဲ့ ပြည်သူလူထု အကျိုးကို ရည်စူးပြီး ရှေ့နေအသင်းကိုဦးဆောင်မယ့် ရှေ့နေခေါင်းဆောင်များကို ရှေ့နေများက တိုက်ရိုက် ရွေးချယ်ခွင့်မရတော့ပါဘူး။ ထိုကဲ့သို့ ပြည်သူလူထုအကျိုးကိုမပြုတဲ့ ဥပဒေမျိုးကိုပြင်ဆင်ရာမှာ လက်တွေ့ကျကျနဲ့မြန်မြန်ဆန်ဆန်ပြင်ဆင်နိုင်ဖို့ကသာ အရေးကြီးပါတယ်။ ဘာသာရပ်ဆိုင်ရာကိစ္စက အရေးမကြီးပါဘူးရှင်။

လေးစားရပါသောဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျွန်မတို့ဥပဒေဘာသာ ပြန်ကော်မရှင်ဥပဒေပြဋ္ဌာန်းထားရခြင်းအကြောင်းအရင်းကို စဉ်းစားကြည့်ရအောင်ပါ။ ကျွန်မတို့နိုင်ငံ မှာ ရေးဆွဲထားခြင်းလည်းမရှိဘူး။ လိုလည်းလိုအပ်နေတဲ့ဥပဒေတွေကို အခြားနိုင်ငံတွေက ဥပဒေ တွေကိုမှီငြမ်းတယ်၊ အားကိုးရတယ်။ သို့ပေမဲ့ ကျွန်မတို့ဟာ မြန်မာနိုင်ငံဖြစ်တဲ့အတွက် မြန်မာ ပြည်သူပြည်သားတွေ၊ မြန်မာပညာရှင်တွေ နားလည်နိုင်မယ့်အခြေအနေထိရောက်အောင် သွားရမယ်။ လိုအပ်လို့ထပ်မံပြုပြင်မယ်ဆိုရင်လည်း မြန်မာလိုပြုပြင်ပြီး မြန်မြန်ဆန်ဆန်အသုံးချလိုက်မှသာ ပြည်သူ ကိုချစ်ရာရောက်မှာဖြစ်ပါတယ်။ နိုင်ငံခြားက မှီငြမ်းထားတဲ့အတွက် နိုင်ငံခြားကဟာကို အရင်ပြင်ရ မယ်ဆိုတာ အဓိပ္ပာယ်ကင်းမဲ့နေသလိုဖြစ်နေပါတယ်။ လိုအပ်လို့ သူများဟာကိုမှီငြမ်းထားတာ၊ မလုံလောက်သေးတဲ့အတွက် မှီငြမ်းထားတာကိုမပြင်ဘူး။ သူများဟာကို ကိုယ်ကသွားပြင်မယ်ဆိုတဲ့

သဘောမျိုးဖြစ်နေပါတယ်ရှင်။ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပြဋ္ဌာန်းထားရခြင်းရဲ့ရည်ရွယ်ချက်ကိုလည်း သွေဖြည်ရာရောက်နေပါတယ်ရှင်။

လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များရှင်။ နိဂုံးချုပ်အနေနဲ့ပြောရမယ်ဆိုရင် မူလ Bar Council Act ဥပဒေဟာ အိန္ဒိယပါလီမန်ကယူထားတာဖြစ်တဲ့အတွက်နိုင်ငံခြားဘာသာစကားနဲ့ဟာကိုအရင်ပြင်မလား။ ကိုယ့်နိုင်ငံအတွက် အကျိုးရှိမယ့်ကိစ္စမို့ မြန်မြန်ဆန်ဆန်ပဲပြုပြင်ပြီးသားကို ခွင့်ပြုလိုက်မလားဆိုတာကို ဆုံးဖြတ်ကြရမှာပါ။ ကျွန်မကတော့ ကျွန်မရဲ့စံနှုန်းထက် လူထုရဲ့အကျိုးကိုကြည့်တဲ့ကိုယ်စားလှယ်ဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်ကအတည်ပြုပေးလိုက်တဲ့ မြန်မာဘာသာဖြင့်ပြင်ဆင်တဲ့မူကြမ်းကိုသာ ထောက်ခံပါကြောင်း ဆွေးနွေးအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ဦးစောသလေးစော၊ ရွှေကျင်မဲဆန္ဒနယ် အဆိုတင်သွင်းဖို့ဖိတ်ခေါ်အပ်ပါတယ်။

**ဦးစောသလေးစော(ရွှေကျင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစောပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်ကပေးပို့လာတဲ့ တရားလွှတ်တော်ရှေ့နေများကောင်စီဥပဒေကို ပြင်ဆင်တဲ့ဥပဒေနဲ့ပတ်သက်လို့မြန်မာဘာသာဖြင့်သာပြင်ဆင်သင့်ကြောင်း အဆိုပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ အင်္ဂလိပ်ကိုလိုနီနိုင်ငံဖြစ်ခဲ့တာမို့ ရာဇသတ်ကြီးဥပဒေအပါအဝင် ဥပဒေတော်တော်များများဟာ အင်္ဂလိပ်ဘာသာနဲ့ပြဋ္ဌာန်းထားပြီး အင်္ဂလိပ်ဘာသာနဲ့ပဲ အာဏာတည်လျက်ရှိပါတယ်။ ဒီအတွက် မြန်မာဘာသာကို ရုံးသုံးဘာသာစကားအဖြစ် အသုံးပြုတဲ့မြန်မာနိုင်ငံမှာ မြန်မာနိုင်ငံသားတွေဟာ အင်္ဂလိပ်လိုသာ အာဏာတည်နေတဲ့ဥပဒေတွေကို လိုက်နာကျင့်သုံးရတဲ့အခါအဓိပ္ပာယ်ဖွင့်ဆိုမှုအပိုင်းမှာ မိခင်ဘာသာစကားမဟုတ်တဲ့ အင်္ဂလိပ်စာအားနည်းတဲ့အတွက် များစွာအခက်အခဲဖြစ်ပါတယ်။ ဒါပေမဲ့ အင်္ဂလိပ်လိုသာ အာဏာတည်တာမို့ လိုက်နာကျင့်သုံးရမှာပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ၂၀၀၈ ခုနှစ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အခန်း(၂)ပုဒ်မ ၄၉၉ မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ နိုင်ငံတော်အတွင်းရှိ ဥပဒေအားလုံးရဲ့ အခြေခံဥပဒေဖြစ်တယ်လို့ ပြဋ္ဌာန်း

ထားပါတယ်။ တစ်ဆက်တည်းမှာပဲ ပုဒ်မ ၄၅၀ မှာ မြန်မာစာသည် ရုံးသုံးစာဖြစ်သည်လို့ ဖွဲ့စည်းပုံ အခြေခံဥပဒေက ပြောထားပါတယ်။ အဲဒီတော့ ဒီဖွဲ့အစည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်တွေကို အပြည့်အဝအကောင်အထည်ဖော်ဖို့အတွက် တစ်နည်းအားဖြင့် အင်္ဂလိပ်ဘာသာနဲ့ပြဋ္ဌာန်းထားတဲ့ ဥပဒေများ မြန်မာလိုဘာသာပြန်ပြီး အာဏာတည်စေဖို့ ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ရဲ့ အတည်ပြုချက်နဲ့ နိုင်ငံတော်သမ္မတ လက်မှတ် ရေးထိုးအတည်ပြုခဲ့ပါတယ်။ ဒီဥပဒေရဲ့ရည်ရွယ်ချက်အခန်းမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အတွင်း အင်္ဂလိပ်ဘာသာဖြင့်ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေအားလုံး မြန်မာဘာသာသို့ပြန်ဆိုရန်လို့ ဖော်ပြထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ ဘာသာပြန်ဆိုရုံးနဲ့မပြီးပါဘူး။ ပုဒ်မ ၁၂ မှာ ခုနကလည်း ကျွန်တော်တို့ ဥပဒေကြမ်းကပြောသွားတဲ့အတိုင်း ဒီပုဒ်မ ၁၂ မှာ မူလစာမူနဲ့အလားတူ အာဏာတည်ရမယ်ဆိုတဲ့ မိမိဘာသာပြန်ထားတဲ့ဥပဒေကို မူလစာမူနဲ့အလားတူ အာဏာတည်ပြီးတော့မှ အမိန့်ထုတ်ပြန်ရမယ် လို့ ကြေညာထားပါတယ်။ ခုန ဥပဒေကြမ်းကော်မတီကပြောသွားတဲ့အထဲမှာလည်းပါပါတယ်။ ကျွန်တော်တို့ ကိုးကားလို့ရတယ်ဆိုပြီးတော့ ရှေ့နေချုပ်ရုံးရဲ့ ထုတ်ပြန်တဲ့စာအုပ်ထဲမှာ ကျွန်တော်တို့ တွေ့ရတယ်။ ဆိုတော့ ကိုးကားလို့ရတယ်ဆိုကတည်းကကို အာဏာတည်တာပါ။ အတည်ဖြစ်သွားတာ ပါ။ ကျွန်တော်ကိုယ်တိုင် တရားလွှတ်တော်ရှေ့နေတစ်ယောက်ဖြစ်ပါတယ်။ တရားရုံးတွေမှာ အမှုလိုက် တဲ့အခါမှာ ဆရာဦးသက်ဖေတို့ရေးသားထားတဲ့ သက်သေခံဥပဒေတို့၊ ရာဇသတ်ကြီးဥပဒေတို့၊ ပြစ်မှု ဆိုင်ရာဥပဒေတို့ကို ကျွန်တော်တို့က တရားဝင်ကိုးကားခွင့်မရှိပါဘူး။ အင်္ဂလိပ်ဘာသာဖြင့်သာ ကိုးကားခွင့်ရှိပါတယ်။ ဒီမှာဖော်ပြထားတာက ကျွန်တော်တို့ ဒီဥပဒေဘာသာပြန်ကော်မရှင်က ဘာသာပြန်လိုက်တဲ့ ဥပဒေတွေကို တရားရုံးမှာ ကိုးကားခွင့်ရှိတယ်။ တရားဝင်ကိုးကားခွင့်ရှိတယ်လို့ ပြောလိုက်တယ်ဆိုကတည်းကကိုက ကျွန်တော်တို့ ဒါဟာ တရားဝင်အာဏာတည်တယ်ဆိုတဲ့ အဓိပ္ပာယ် သက်ရောက်ပါတယ်။ အဲဒီတော့ ဒီမှာ ကျွန်တော်တို့ အလေးအနက်ထားတင်ပြလိုတာက ကော်မရှင် ဟာ မိမိအတည်ပြုတဲ့ မြန်မာဘာသာစာမူကို အင်္ဂလိပ်လိုရေးထားတဲ့စာမူကဲ့သို့ အလားတူအာဏာ တည်ရမယ်လို့ ထုတ်ပြန်ခွင့်ရှိပါတယ်။ ဘာသာပြန်ရုံသက်သက်မဟုတ်ပါဘူး။ ဒီ ဘာသာပြန်ကော်မရှင် ဥပဒေကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များပါဝင်တဲ့ ပြည်ထောင်စုလွှတ်တော်ကြီး ကနေ တစ်ပိုဒ်ချင်းအလိုက် အတည်ပြုပေးထားတာဖြစ်လို့ တစ်နည်းအားဖြင့်ပြောရရင် မူရင်းကဲ့သို့ အာဏာတည်ကြောင်း အမိန့်ထုတ်ပြန်ခွင့်အာဏာကို ပုဒ်မ ၁၂ အရ နိုင်ငံတော်ရဲ့ ဥပဒေပြုရေးမဏ္ဍိုင်

ဖြစ်တဲ့ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များကနေပြီးတော့မှ ဒီကော်မရှင်ကို အပ်နှင်းထားတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တကယ်တော့ ကျွန်တော်တို့ ဒီ အာဏာကို အလွယ်တကူ အပ်နှင်းထားတာ မဟုတ်ပါဘူး။ ဒီအာဏာအပ်နှင်းရမယ့် ဘာသာပြန်ကော်မရှင်အဖွဲ့ဝင်တွေနဲ့ပတ်သက်လို့ ပြည်ထောင်စုလွှတ်တော်ကြီးက ဘယ်လိုပုဂ္ဂိုလ်မျိုးတွေနဲ့ ဖွဲ့စည်းသင့်တယ်လို့ အကြိတ်အနယ် ဆွေးနွေးပြီး စိတ်ကြိုက်ဖြစ်အောင် ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ Power Point မှာ ကျွန်တော်တင်ပြထားတဲ့အတိုင်း ဘယ်ဘက်ကတော့ ၂၀၁၅ ခုနှစ် မူလဥပဒေမှာပြဋ္ဌာန်းထားတဲ့ ဖွဲ့စည်းရမယ့်အဖွဲ့ဝင်တွေကို ဖော်ပြထားတာဖြစ်ပြီး ညာဘက်မှာတော့ ကျွန်တော်တို့ ပိုပြီးစိတ်ချရအောင်လို့ ၂၀၁၇ ခုနှစ်မှာ ပြန်လည်ပြီး ပြင်ဆင်ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ ဒီလို အဘက်ဘက်က ကျွန်တော်တို့ ပြင်ဆင်ပြဋ္ဌာန်း အတည်ပြုပြီးတဲ့နောက်မှာမှ ဥပဒေဘာသာပြန်ကော်မရှင်ဟာ အင်္ဂလိပ်လိုပြဋ္ဌာန်းထားတဲ့ ဥပဒေများ စွာအနက်မှ The Bar Council Act တရားလွှတ်တော်ရှေ့နေများကောင်စီအပါအဝင် ဥပဒေကိုးခုကို ဘာသာပြန်ပြီးတော့မှ ကျွန်တော်တို့ ပုဒ်မ ၁၂ အရ မူလအင်္ဂလိပ်စာမူနဲ့ အလားတူ အာဏာတည် ကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့မှာ အမိန့်အမှတ်(၁/၂၀၁၈)နဲ့ ထုတ်ပြန်ကြေညာခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် The Bar Council Act တရားလွှတ်တော်ရှေ့နေများကောင်စီဥပဒေ အပါအဝင် ဘာသာပြန်ထားတဲ့ဥပဒေအသီးသီးဟာ မြန်မာဘာသာနဲ့ အာဏာတည်သွားခဲ့ပြီးဖြစ်ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ အလေးအနက်ထားတင်ပြလိုတာက ရာဇသတ်ကြီးဥပဒေကို ယခုဖော်ပြပါဥပဒေနဲ့ နှိုင်းယှဉ်စဉ်းစားလို့မရပါဘူး။ ရာဇသတ်ကြီးဥပဒေက ဥပဒေတစ်ခုလုံးကို ဘာသာပြန်ပြီး မူရင်းဥပဒေကဲ့သို့ အာဏာတည်ကြောင်း ထုတ်ပြန်ထားမှုမရှိသေးတာမို့ အင်္ဂလိပ် ဘာသာဖြင့်သာ အတည်ဖြစ်လျက်ရှိပြီး ယခုဥပဒေကိုးခုသာ မြန်မာဘာသာပြန်ဆို အာဏာတည်နေ တာဖြစ်ပါတယ်။ The Bar Council Act ကို ကျွန်တော်တို့ ၁-၁-၁၉၂၉ ခုနှစ် အိန္ဒိယပါလီမန် အက်ဥပဒေအမှတ်(၃၆/၁၉၂၆)အဖြစ် အင်္ဂလိပ်ဘာသာနဲ့ ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီဥပဒေကိုပဲ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့(နဝတ)ဥပဒေအမှတ်(၂၂/၈၉)နဲ့ပြင်ဆင်ခဲ့ရာမှာ ဥပဒေဘာသာ ပြန်ကော်မရှင်ဥပဒေမပေါ်ပေါက်သေးတဲ့အတွက် အင်္ဂလိပ်ဘာသာနဲ့ပဲ ကျွန်တော်တို့ ပြဋ္ဌာန်းခဲ့ပါ တယ်။ အထက်က ပြဋ္ဌာန်းခဲ့တဲ့အတိုင်း ကျွန်တော်တို့ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို လွှတ်တော် များက စိစစ်ပြီးတော့မှ ဥပဒေဘာသာပြန်ကော်မရှင်အဖွဲ့ကို ဖွဲ့စည်းတယ်။ ပြီးတော့မှ Bar Council

Act ကို တခြားဥပဒေ ၈ ခုနဲ့အတူ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့ အမိန့်အမှတ်(၁/၂၀၁၈)နဲ့ မြန်မာဘာသာပြန်ဆိုအာဏာတည်စေခဲ့ပြီး ဖြစ်ပါတယ်။ ဒီလို မြန်မာဘာသာပြန်ဆိုခဲ့ပြီးဖြစ်တဲ့ တရားလွှတ်တော်ရှေ့နေများကောင်စီကို ယခုအခါ အမျိုးသားလွှတ်တော်က မြန်မာဘာသာဖြင့်ပြင်ဆင်ခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်သော်လည်းကောင်း၊ တည်ဆဲဘာသာပြန်ကော်မရှင်ဥပဒေနဲ့သော်လည်းကောင်း ညီညွတ်မှုရှိတဲ့အပြင် လိုက်နာကျင့်သုံးဖို့လည်း လက်တွေ့ကျတာမို့ မြန်မာဘာသာဖြင့်သာပြင်ဆင်သင့်ကြောင်း အဆိုတင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့သဘောထားပြောပါ။

**ဦးဝင်းမြင့်(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုရန်ပေးပို့တဲ့ တရားလွှတ်တော်ရှေ့နေများကောင်စီအက် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ တည်ဆဲဥပဒေမှာ ပြင်ဆင်သင့် ပြင်ဆင်ထိုက်တဲ့အချက်တွေကို ဒါ တရားလွှတ်တော်ရှေ့နေများကောင်စီမှာ တရားလွှတ်တော်ရှေ့နေများ ပိုမိုပါဝင်ရေးအပါအဝင် ပြင်ဆင်သင့်တဲ့ အချက်အလက်မဖြစ်တာကြောင့် ပြင်ဆင်မယ့်အချက်အလက်များနဲ့ပတ်သက်လို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးက သဘောတူပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ဒါပေမဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဆွေးနွေးသွားတဲ့အတိုင်း ပြင်ဆင်ဖြည့်စွက်တဲ့စကားရပ်များကို အင်္ဂလိပ်ဘာသာဖြင့်ဖော်ပြပြီး ပြင်ဆင်အစားထိုးတဲ့ ဆောင်ရွက်ပုံနည်းလမ်းမှာ သင့်လျော်မှုမရှိကြောင်း အလေးအနက် တင်ပြလိုပါတယ်။ အခုလို ကျွန်တော်တို့ စကားရပ်များကို အင်္ဂလိပ်ဘာသာဖြင့် ပြင်ဆင်အစားထိုးတဲ့နည်းလမ်းနဲ့ ဆောင်ရွက်ခြင်းဟာ ယခုပြင်ဆင်မယ့် တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်တဲ့ ကိစ္စရပ်နဲ့သာ သက်ဆိုင်မှာမဟုတ်ဘဲနဲ့ နောင်လာမယ့် အလားတူကိစ္စရပ်များအတွက်ပါ သက်ရောက်မှုရှိမှာ ဖြစ်တာကြောင့် ယခုလို အလေးအနက် တင်ပြလိုခြင်းဖြစ်ပါကြောင်း ဦးစွာ အစီရင်ခံအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရာဇသတ်ကြီးကို မြန်မာဘာသာပြန် တရာဥပဒေနှင့် ဝေါဟာရများဥပဒေ ၁၉၄၈ ခုနှစ် အက်ဥပဒေအမှတ်(၂၇)အရဖွဲ့စည်းတဲ့ မြန်မာဘာသာပြန်ဥပဒေကော်မတီက

ဘာသာပြန်ဆိုပြီးတော့ နိုင်ငံတော်ဗဟိုပုံနှိပ်တိုက်က ပုံနှိပ်ဖြန့်ချိခဲ့ပါတယ်။ အဲဒီ ရာဇသတ်ကြီးရဲ့ အမှာစာပါတဲ့စကားရပ်က မြန်မာဘာသာပြန်ဆိုခဲ့သည့်ကိစ္စ၌ ကော်မတီသည် မည်မျှပင်အစွမ်းကုန် ကြိုးစားဆောင်ရွက် ဖန်တီးစေကာမူ လုံးဝအဆင်ပြေမှုကို ရရှိလိမ့်မည်မဟုတ်ဟု ကော်မတီက မယူဆပါ။ မည်သို့ပင် ကျနသေချာစွာ ပြုလုပ်ထားသော်လည်း နောက်နောင်တွင် ပြင်ဆင်ရမြဲဖြစ်သည်ကို ဥပဒေလေ့လာလိုက်စားသူတိုင်း သိနားလည်ပြီးဖြစ်သောကြောင့် ရာဇသတ်ကြီး မြန်မာဘာသာပြန်ဆိုချက်ကို ဤသို့ပင် နားလည်ကြလိမ့်မည်ဟု ကော်မတီက မျှော်လင့်ပါကြောင်းလို့ ဖော်ပြထားပါတယ်။ အဲဒီလိုဖော်ပြထားတာကြောင့် အဲဒီ ရာဇသတ်ကြီးဘာသာပြန်ဆိုချက်ဟာ တရားဝင်ဖွဲ့စည်းထားတဲ့ ကော်မတီက ဘာသာပြန်ဆိုခဲ့ခြင်းဖြစ်သော်လည်းပဲ အခိုင်အမာကိုးကား၍မရလို့ သုံးသပ်ပြီးတော့ ၂၀၁၆ ခုနှစ် ဥပဒေကို ပြင်ဆင်တဲ့အခါမှာ အင်္ဂလိပ်လို ပြင်ဆင်ခဲ့ပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ ကျွန်တော်တို့ တင်ပြလိုတာက ၁၉၆၃ ခုနှစ်မှာ ရာဇသတ်ကြီးကို ပြင်ဆင်စဉ်အခါတုန်းက မြန်မာလို ဘာသာရပ်နဲ့ ပြင်ဆင်ခဲ့ပါတယ်။ နောက် ဒီနေ့ပြဋ္ဌာန်းထားတဲ့ ၂၀၁၅ ခုနှစ်မှာပြဋ္ဌာန်းတဲ့ ဥပဒေဘာသာပြန် ကော်မရှင်ဥပဒေမှာကတော့ မြန်မာဘာသာပြန်ဆိုချက်ကို အင်္ဂလိပ်ဘာသာဖြင့် ရှိနေသောဥပဒေနှင့် အလားတူအာဏာတည်ကြောင်း၊ အမိန့်ထုတ်ပြန်ကြေညာချက်ရမည်ဖြစ်ကြောင်း ထိုအခါတုန်းက ဥပဒေဘာသာပြန်ကော်မတီကို လုပ်ပိုင်ခွင့်မအပ်နှင်းခဲ့ပါဘူး။

ယခုအခါမှာ အင်္ဂလိပ်လိုပြင်ဆင်ခဲ့ပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ တင်ပြလိုတာက ၁၉၆၃ ခုနှစ်မှာ ရာဇသတ်ကြီးကိုပြင်ဆင်ခဲ့တုန်းက မြန်မာလိုဘာသာရပ်နဲ့ ပြင်ဆင်ခဲ့ပါတယ်။ ဒီနေ့ပြဋ္ဌာန်းထားတဲ့ ၂၀၁၅ ခုနှစ်မှာပြဋ္ဌာန်းတဲ့ ဥပဒေဘာသာပြန် ကော်မရှင်ဥပဒေမှာကတော့ မြန်မာဘာသာပြန်ဆိုချက်ကို အင်္ဂလိပ်ဘာသာဖြင့် ရှိနေသောဥပဒေနှင့် အလားတူအာဏာတည်ကြောင်း အမိန့်ထုတ်ပြန်ကြေညာရမည်ဖြစ်ကြောင်း ဟိုစဉ်အခါတုန်းက ဥပဒေဘာသာပြန်ကော်မတီကို လုပ်ပိုင်ခွင့်အမှတ်မအပ်နှင်းခဲ့ပါဘူး။ အဲဒါကြောင့် ရာဇသတ်ကြီးဥပဒေကို ဘာသာပြန်ကော်မတီက ထိုစဉ်က ဥပဒေပြန်ကော်မတီက ဘာသာပြန်ဆိုခဲ့သော်လည်းပဲ ဒီကနေ့ ၂၀၁၅ ခုနှစ်မှာပြဋ္ဌာန်းတဲ့ ဥပဒေဘာသာပြန်ကော်မရှင်လို လုပ်ပိုင်ခွင့်အပ်နှင်းထားခြင်းမရှိတာကြောင့် ရာဇသတ်ကြီးကို ဒီကနေ့ပြင်မယ်ဆိုရင်တော့ အင်္ဂလိပ်လိုသာ ပြင်ရမယ်ဆိုတာ ကျွန်တော်သဘောတူပါတယ်။ ဘာကြောင့်လဲဆိုတော့ ရာဇသတ်ကြီးသည် ဒီကနေ့ ဘာသာပြန်ကော်မရှင်က တရားဝင်ဘာသာပြန်ဆိုချက်ကို မထုတ်ပြန်ရသဖြင့်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာစာဟာ ရုံးသုံးစာဖြစ်ကြောင်း ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၅၀ မှာ ပြဋ္ဌာန်းထားပါတယ်။ မြန်မာစာဟာ ရုံးသုံးစာဖြစ်ခြင်း၊ မြန်မာစာဖြင့် ရေးသားချက်ကိုသာ အများပြည်သူက လွယ်လင့်တကူဖတ်ရှုနားလည်နိုင်ခြင်း၊ မြန်မာဘာသာ၊ မြန်မာစကားဖြင့်သာ ဆက်သွယ်ဆောင်ရွက်ကြခြင်းများကြောင့် အင်္ဂလိပ်ဘာသာဖြင့်ပြဋ္ဌာန်းခဲ့တဲ့ တည်ဆဲဥပဒေများကို မြန်မာဘာသာဖြင့် တရားဝင်ပြန်ဆိုပြီး တရားဝင်ကိုးကားခွင့်ရှိနိုင်ရန် အများပြည်သူကလည်း လိုလားလျက်ရှိပါတယ်။ အဲဒီလိုလားချက်ကိုဖြည့်ဆည်းနိုင်ဖို့ဆိုတာ ရည်ရွယ်ပြီးတော့ ၂၀၁၅ ခုနှစ်မှာ ဥပဒေဘာသာပြန်ကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေအရဆိုရင် ကော်မရှင်က အင်္ဂလိပ်ဘာသာဖြင့် တည်ရှိနေတဲ့ဥပဒေကို မြန်မာဘာသာပြန်ဆိုပြီး အဲဒီမြန်မာဘာသာပြန်ဆိုချက်ဟာ မူလစာမူနှင့် အလားတူ အာဏာတည်ရမည်ဖြစ်ကြောင်း အမိန့်ထုတ်ပြန်ပြီးတော့ ကြေညာရမည်ဖြစ်ကြောင်း ပုဒ်မ ၁၂ မှာ အတိအလင်းပြဋ္ဌာန်းထားပါတယ်။ အဲဒီလိုပြဋ္ဌာန်းချက်အရ ကော်မရှင်ကို အင်္ဂလိပ်ဘာသာဖြင့် တည်ရှိနေတဲ့ ဥပဒေတစ်ရပ်ကို မြန်မာဘာသာပြန်ဆိုခွင့် သာမန်ပေးအပ်ခြင်းမဟုတ်ဘဲနဲ့ တရားဝင်အာဏာတည်စေတဲ့ မြန်မာဘာသာပြန်ဆိုပိုင်ခွင့်ကို ဥပဒေပြဋ္ဌာန်းပြီးတော့ အပ်နှင်းခြင်းဖြစ်ပါတယ်။ ဒါကြောင့် မြန်မာဘာသာပြန်ဆိုချက်ကို ထုတ်ပြန်ရာမှာ အမိန့်ဖြင့်ထုတ်ပြန်ရမယ်လို့ ပြဋ္ဌာန်းခြင်းကိုက အင်မတန်လေးနက်တဲ့ ရည်ရွယ်ချက်ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေတစ်ရပ်ကို ဥပဒေဘာသာပြန်ကော်မရှင်က မြန်မာဘာသာပြန်ဆိုပြီး အမိန့်ဖြင့်ထုတ်ပြန်တဲ့အခါမှာ မြန်မာဘာသာပြန်ဆိုချက်လည်းရှိတယ်၊ အင်္ဂလိပ်ဘာသာပြန်ဆိုချက်လည်းရှိတယ်လို့ ဥပဒေနှစ်ရပ်တစ်ပြိုင်နက်ရှိနေတယ်လို့ မှတ်ယူလို့မဖြစ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဥပဒေပြဋ္ဌာန်းတဲ့ရက်စွဲနဲ့ ဥပဒေအမှတ်တွေဟာ တစ်ခုတည်းဖြစ်ပါတယ်။ အင်္ဂလိပ်ဘာသာဖြင့်တည်ရှိနေသော ဥပဒေတစ်ရပ်က မြန်မာဘာသာဖြင့်ဆိုရင်တော့ ဒီလိုဖြစ်ပါတယ်လို့ တရားဝင်အတည်ဖြစ်အောင် ဘာသာပြန်ခြင်းဖြစ်ပါတယ်။ ဒီကနေ့ ဘားကောင်စီအက် အိန္ဒိယအက်နံပါတ် 38၊ 1926 ရဲ့ မြန်မာဘာသာပြန်ဆိုချက်မှာ ကော်မရှင်က ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့မှာ အမိန့်အမှတ် (၁/၂၀၁၈)ဖြင့် ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီထုတ်ပြန်ချက်နေရာမှာ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေ ၁၉၂၆ ခုနှစ်၊ အိန္ဒိယအက်ဥပဒေအမှတ်(၃၈)လို့ဖော်ပြပါတယ်။ ဒီလိုဖော်ပြတာကြောင့် မူလအက်ဥပဒေမှာပါတဲ့ ခုနှစ်ကော၊ အမှတ်တွေက ပြောင်းလဲခြင်းမရှိပါဘူး။ ဒါကြောင့် ဥပဒေနှစ်ခုတစ်ပြိုင်နက်တည်တယ်လို့ လုံးဝမှတ်ယူလို့မရပါဘူး။ ဥပဒေနံပါတ်ကော ထပ်တူဖြစ်ခြင်းကြောင့်

ဖြစ်ပါတယ်။ တကယ်လို့ ဥပဒေသစ်ထပ်မံပြီးတော့ ပြဋ္ဌာန်းမယ်ဆိုလို့ရှိရင်လည်းပဲ မူလဥပဒေကို ရုပ်သိမ်းပြီးတော့ အသစ်ပြဋ္ဌာန်းရမှာပါ။ အကယ်၍ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားတဲ့ဥပဒေကို ရုပ်သိမ်းပြီးတော့ မြန်မာဘာသာပြန်ဆိုရေးအသစ်ပြဋ္ဌာန်းမယ်ဆိုရင်လည်း ဒီနေ့ လက်ရှိခုနှစ်၊ အမှတ် အသစ်နဲ့ဖော်ပြရမှာဖြစ်ပါတယ်။ အဲလိုအသစ်ပြဋ္ဌာန်းမယ်ဆိုရင်တော့ ဥပဒေဘာသာပြန်ကော်မရှင်မှာ လုပ်ပိုင်ခွင့်မရှိဘဲနဲ့ ဥပဒေပြုပိုင်ခွင့်ရှိတဲ့ ပြည်ထောင်စုလွှတ်တော်ကသာ ပြဋ္ဌာန်းမှာဖြစ်ပါတယ်။ ဆိုတာကတော့ ဒီနေ့ဘာသာပြန်ဆိုချက်သည် ဥပဒေအသစ်ပြဋ္ဌာန်းခြင်းမဟုတ်ဘဲနဲ့ အင်္ဂလိပ်ဘာသာဖြင့်ဥပဒေရှိသော ဥပဒေသည် မြန်မာဘာသာဖြင့် ဤကဲ့သို့ဖြစ်ပါတယ်လို့ တရားဝင်အခိုင်အမာ ပြဋ္ဌာန်းခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်အစည်းအဝေးမှာ ယင်းမာပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန်က မေးမြန်းခဲ့ပါတယ်။ အဲဒီမှာ မြန်မာစာသည် ရုံးသုံးစာဖြစ်သည်ဟူသော ပြဋ္ဌာန်းချက်နှင့်ကိုက်ညီစေရန် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို ပြင်ဆင်ချက်မူကြမ်းတင်သွင်းရာတွင် မြန်မာစာဖြင့် မူကြမ်း ရေးသားတင်သွင်းစေရန် သက်ဆိုင်ရာအဖွဲ့အစည်းများက ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိတို့ မေးမြန်းခဲ့ပါတယ်။ အဲဒီမေးခွန်းနဲ့ပတ်သက်ကြီးတော့ ဒုတိယဧရှေ့နေချုပ် ဦးထွန်းထွန်းဦးက ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅၀ မှာပါတဲ့ မြန်မာစာသည် ရုံးသုံးစာဖြစ်တယ်ဆိုတဲ့ ပြဋ္ဌာန်းချက်နှင့်အညီ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေများ ကို မြန်မာဘာသာပြန်ဆိုရေးအတွက် ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို လွှတ်တော်ဥပဒေကြမ်း ကော်မတီများက စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း အဲဒီဥပဒေပြဋ္ဌာန်းပြီးတဲ့အခါမှာ ဥပဒေဘာသာ ပြန်ကော်မရှင်က မြန်မာဘာသာပြန်ဆိုချက်ဟာ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားတဲ့ ဥပဒေကဲ့သို့ ဥပဒေအာနိသင်ရှိမှာဖြစ်ပါကြောင်း မြန်မာဘာသာပြန်ဆိုပြီးတဲ့ဥပဒေများကို ပြင်ဆင်ဖြည့်စွက် အစားထိုးတဲ့နေရာမှာ ပြင်ဆင်တဲ့ဥပဒေကြမ်းကို မြန်မာဘာသာဖြင့် ပြင်ဆင်ဖြည့်စွက်အစားထိုး ဖော်ပြနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားခဲ့ပါတယ်။ အဲဒီဖြေကြားချက်က ဒီကနေ့ ဆောင်ရွက် ရမယ့်နည်းလမ်းနဲ့ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေရဲ့ ရည်မှန်းချက်ကိုဖြစ်ပါကြောင်း အလေး အနက်တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေဘာသာပြန်ကော်မရှင်က အမိန့်ဖြင့်ဘာသာပြန်ဆိုခြင်းမပြုရသေးတဲ့ မူရင်းအင်္ဂလိပ်မှာရှိတဲ့ အင်္ဂလိပ်ဘာသာဖြင့်ရှိနေတဲ့ ဥပဒေတွေကို ပြင်ဆင်မယ်ဆိုရင်တော့ ယနေ့

အင်္ဂလိပ်ဘာသာဖြင့်သာ ပြန်ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့ရာဇသတ်ကြီးသည် ဥပဒေဘာသာပြန် ကော်မရှင်က မြန်မာဘာသာဖြင့် ဤကဲ့သို့ပါလို့ မထုတ်ပြန်ရသေးပါဘူး။ ဒီနေ့ရာဇသတ်ကြီးကို ထုတ်ပြန်မယ်ဆိုရင်တော့ အင်္ဂလိပ်ဘာသာဖြင့်သာ ပြန်ရမယ်ဆိုရင်တော့ သဘောတူပါတယ်။ သို့သော် အင်္ဂလိပ်ဘာသာဖြင့်ရှိသော်ငြားလည်းပဲ မြန်မာဘာသာပြန်ဆိုချက်က ဤကဲ့သို့ပါလို့ ထုတ်ပြန်ထား ပေးတဲ့ ဘားကောင်စီအက်ကတော့ မြန်မာလိုသာ တရားဝင်ဖြစ်ပါတယ်။ ဒါကြောင့် ပြင်တဲ့အခါမှာ မြန်မာလိုသာပြင်သင့်ပါတယ်။ ယခုပြင်ဆင်မယ့် တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေဟာ မူလက အင်္ဂလိပ်ဘာသာဖြင့်ရှိသော်ငြားလည်းပဲ ကော်မရှင်က ဥပဒေနှင့်အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့် ကိုကျင့်သုံးပြီးတော့ အမိန့်အမှတ်(၁/၂၀၁၈)နဲ့ ကြေညာပြီးဖြစ်ပါတယ်။ အဲဒီအမိန့်ဖြင့် မြန်မာ ဘာသာပြန်ဆိုချက်ကို ထုတ်ပြန်ပြီးဖြစ်တာကြောင့် ဒီဥပဒေကိုပြင်တဲ့နေရာမှာ မြန်မာဘာသာဖြင့်သာ ပြင်ဆင်ရမည်ဖြစ်ပါကြောင်း အလေးအနက်တင်ပြလိုပါတယ်။ ဒါ့အပြင် ဆက်စပ်ပြီးတင်ပြလိုတာက ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးမှာ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့မှာ ရသေ့တောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေရဲ့ ဆွေးနွေးချက်ဖြစ် ပါတယ်။ အဲဒီတုန်းက ဒေါ်ခင်စောဝေရဲ့ ဆွေးနွေးချက်နေရာမှာ အင်္ဂလိပ်ကိုလိုနီလက်ထက်တွင် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့သော ယနေ့တိုင်တည်ဆဲဥပဒေများဖြစ်သည့် ဥပဒေများအား မြန်မာ ဘာသာသို့ ဘာသာပြန်ဆိုပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်း မေးခဲ့ပါတယ်။ မေးတဲ့နေရာမှာ ဒေါ်ခင်စောဝေက ဆွေးနွေးတဲ့နေရာမှာ ယခုအချိန်မှာ ဥပဒေပြုရေးအာဏာကို အပ်နှင်းခံရတဲ့ လွှတ်တော်အသီးသီးရှိ လွှတ်တော်ကိုယ်စားလှယ်အများစုမှာ ဥပဒေပညာတွေရော၊ အင်္ဂလိပ်စာ ကျွမ်းကျင်မှုအပိုင်းတွေမှာ အားနည်းချက်တွေရှိကြောင်း အထူးသဖြင့် ဥပဒေတစ်ရပ်အား အင်္ဂလိပ် ဘာသာဖြင့်ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းတို့ဖြင့် ကျွမ်းကျင်သော ဥပဒေပြုနိုင်တဲ့ အရည်အချင်းရှိသူများ အလွန်နည်းပါးကြောင်း ဥပဒေပြုလွှတ်တော်များအနေဖြင့် မိမိဘာသာဖြင့် ဥပဒေပြုခွင့်ရနိုင်မှသာလျှင်၊ မြန်မာဘာသာဖြင့် ဥပဒေပြုခွင့်ရနိုင်မှသာလျှင် ဥပဒေ ကောင်းများပေါ်လာနိုင်မှာဖြစ်ကြောင်း ဒါမှသာ ကိုလိုနီလောင်းရိပ်အောက်မှလွတ်ကင်းပြီး မြန်မာ ဘာသာဖြင့် ဥပဒေပြုရေးကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်နိုင်တဲ့ လွှတ်တော်များဖြစ်လာမည် ဖြစ်ကြောင်း မိမိတို့မြန်မာဘာသာစကားကို ရုံးသုံးဘာသာစကားအဖြစ် ဘာကြောင့် ပြဋ္ဌာန်းခဲ့သလဲ ဆိုရင် ဒီနိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့၊ အများသုံးစွဲကြတဲ့ ဘာသာစကားများဖြစ်တာကြောင့် အများ နားလည်ကြတဲ့ ဘာသာစကားကို ပြဋ္ဌာန်းထားဖို့ယုံကြည်ကြောင်း ဆွေးနွေးခဲ့ပါတယ်။ ဒေါ်ခင်စောဝေ

ရဲ့မေးခွန်းနဲ့ပတ်သက်ကြီးတော့ ပြည်ထောင်စုရှေ့နေချုပ်ဖြေတဲ့နေရာမှာ ဥပဒေဘာသာပြန်ကော်မရှင်သည် အင်္ဂလိပ်ဘာသာဖြင့်ပြဋ္ဌာန်းထားသော ဥပဒေများကို မြန်မာဘာသာပြန်ဆိုနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း အဲလိုမြန်မာဘာသာပြန်ဆိုချက် ထုတ်ပြန်ခြင်းမပြုကြသေးသော အင်္ဂလိပ်ဘာသာဖြင့် တည်နေတဲ့ဥပဒေများကို ပြင်လိုပါက အင်္ဂလိပ်ဘာသာဖြင့်သာ ပြင်ရမည်ဖြစ်ကြောင်းကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့မှာ ဒုတိယရှေ့နေချုပ်အနေနဲ့ ကျွန်တော် ဖြေကြားခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဘာသာပြန်ကော်မရှင်က ဘာသာပြန်ပြီးတော့ ဥပဒေဘာသာပြန်ကော်မရှင်က ဥပဒေ ပုဒ်မ ၉ ပုဒ်မခွဲ(က)အရ အတည်ပြုပြီးတော့ ပုဒ်မ ၁၂ အရ အမိန့်အမှတ်(၁/၂၀၁၈)နဲ့ ထုတ်ပြန်မည့်ပြင်ဆင်ထားတဲ့ တရားလွှတ်တော်ရှေ့နေကောင်စီ အက်ဥပဒေကို ပြင်တဲ့နေရာမှာ အင်္ဂလိပ်ဘာသာဖြင့် ဆောင်ရွက်မယ်ဆိုရင် မဖြစ်သင့်တဲ့အခက်အခဲများကို ကြုံတွေ့ရမည်ဖြစ်သဖြင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့ နောင်မှာ အလားတူကြုံတွေ့ရမယ့် အခက်အခဲများကို ထည့်သွင်းစဉ်းစားသင့်ပါတယ်။ နောက် အများပြည်သူအတွက် လွယ်ကူချောမွေ့မှုမရှိနိုင်ခြင်း၊ ကျိုးကြောင်းဆီလျော်မှုမရှိခြင်းများ ဖြစ်ပေါ်မည့်အပြင် ဥပဒေပြဋ္ဌာန်းချက်နှင့်လည်း ညီညွတ်မှုရှိမည်မဟုတ်တာကြောင့် မြန်မာဘာသာဖြင့်သာ ပြင်ဆင်ရန်တင်ပြလိုပါတယ်။ ဒါကြောင့် ခြုံပြီးတင်ပြရရင်ဖြင့် အထက်မှာတင်ပြခဲ့တဲ့ဖြစ်စဉ်၊ အကြောင်းအကျိုး၊ ဥပဒေပြဋ္ဌာန်းချက်များအရ တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကိုပြင်ဆင်တဲ့နေရာမှာ ဒီကနေ့တင်ပြထားတဲ့ ပြင်ဆင်သည့်ဥပဒေမူကြမ်းရဲ့ အမည်မှန်ကိုက ဘားကောင်စီအက်လို့မရေးဘဲနဲ့ မြန်မာလိုသာ ရေးထားတဲ့အတိုင်း တစ်ထပ်တည်းညီနေအောင် မြန်မာဖြင့်သာပြင်သင့်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဥပဒေကြမ်းကော်မတီက ပြန်လည်ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျ။ ကျွန်တော်တို့ ဥပဒေတစ်ခုကို အသစ်ရေးဆွဲတာပဲဖြစ်ဖြစ်၊ ပြင်ဆင်တာပဲဖြစ်ဖြစ်၊ ရုပ်သိမ်းတာပဲဖြစ်ဖြစ် လုပ်ပိုင်ခွင့်ရဲ့အာဏာဟာ ပြည်ထောင်စုလွှတ်တော် ဒါမှမဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ရဲ့ လုပ်ပိုင်ခွင့်အာဏာပဲရှိပါတယ်။ တခြားမည်သည့်အဖွဲ့အစည်းကမှ ဥပဒေတစ်ခုကို ပြဋ္ဌာန်းလို့မရပါဘူး။ ဒီမှာ ခုနပြောသွားတာတစ်ခုရှိပါတယ်။ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေတစ်ခုကို ဖွဲ့စည်းပြီးတော့ ပေးတဲ့တာဝန်ဟာ မူလဖြစ်တဲ့ အင်္ဂလိပ်ဘာသာကို အများပြည်သူနားလည်ဖို့အတွက် ဘာသာပြန်ဆိုခြင်းတာဝန်ကို

ပေးတာဖြစ်ပါတယ်။ ဒီဘာသာပြန်ဆိုလိုက်တာနဲ့ မူရင်းဥပဒေက ရုပ်သိမ်းပြီးသားဖြစ်သွားတယ်ဆိုတာတော့ ဒါတော့ ဥပဒေပြုရေးနားလည်တဲ့လူတိုင်း ပိုပြီးတော့သိမယ်လို့ယုံကြည်ပါတယ်။ ကျွန်တော်တို့က လွှတ်တော်ထဲမှာ အရင်ရှိပါတယ်။ ကျွန်တော်တို့ပြတဲ့ မြန်မာဥပဒေပြဋ္ဌာန်းရင်တောင် အင်္ဂလိပ်ဥပဒေခုနှစ်ကို ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်လို့ ဥပဒေပြဋ္ဌာန်းခွင့်အာဏာရထားတဲ့ လွှတ်တော်ကတောင် ဒီလိုဥပဒေမှာ ထည့်ရေးရပါတယ်။ ဥပဒေပြဋ္ဌာန်းခွင့်အာဏာမရထားတဲ့ ဘာသာပြန်ကော်မရှင်ကတော့ ဘာသာပြန်လိုက်ရုံနဲ့တော့ ဥပဒေရုပ်သိမ်းပြီးသား တည်ဆဲမဟုတ်တော့ဘူး၊ မရှိတော့ဘူးဆိုတာကတော့ ဒါလုံးဝမဖြစ်နိုင်ပါဘူး။ ဒါကို ကျွန်တော်တို့ အကျေအလည်တော်တော်လေး ဆွေးနွေးပါတယ်။ အင်္ဂလိပ်လိုမူရင်းဥပဒေက တည်ဆဲဥပဒေ ပြည်ထောင်စုလွှတ်တော်က လုံးဝမရုပ်သိမ်းထားသေးဘူး။ အခုဘာသာပြန်က မြန်မာလိုပြန်တယ်။ အခုပြင်မယ့်အချက်က မြန်မာလိုပြန်တယ်။ ဒါကို ကျွန်တော်တို့က ဆွေးနွေးပါတယ်။ ပြင်မယ့်အချက်ကို မူရင်းဥပဒေက တည်ဆဲပဲရှိနေတယ်။ အင်္ဂလိပ်က။ ပုဒ်မ ၄ ကို ပြင်မယ်ဆိုရင် မူရင်းဥပဒေပုဒ်မ ၄ အင်္ဂလိပ်ထဲမှာ မြန်လိုထည့်မှာလား။ ဒါဆိုအင်္ဂလိပ် တစ်ပိုဒ်၊ မြန်မာတစ်ပိုဒ် ဒါမဖြစ်နိုင်ဘူး။ ဒါအငြင်းပွားစရာရှိမယ်။ ဒါဆိုရင် မြန်မာလိုပြင်မယ်။ ဘာသာပြန်ဆိုထားတဲ့ မြန်မာလိုရဲ့ ပုဒ်မ ၄ ကိုပြင်မယ်။ အဲဒီတော့ ပုဒ်မ ၄ ကိုပြင်ရင် အင်္ဂလိပ်မူရင်းပုဒ်မ ၄ မှာမပြင်ဘူး။ မပြင်တဲ့အတွက်ကြောင့်မို့လို့ ပုဒ်မ ၄ ချင်းက မတူတော့ဘူး။ မတူဘူးဆိုရင် ဒီဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၁၂ အရ မူရင်းစာမူနှင့် အလားတူရမယ်လို့ ပြောထားတယ်။ အလားမတူတော့ဘူးဆိုရင် ဒါဟာ အာဏာတည်တယ်၊ မတည်ဘူးဆိုတာ အငြင်းပွားဖွယ်ရာတွေဖြစ်လာနိုင်တယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က မူရင်းအင်္ဂလိပ်လို ပြင်ဆင်သင့်တယ်ဆိုပြီးတော့ ကျွန်တော်တို့ဆွေးနွေးတယ်။ နောက်တစ်ခုက ဘာသာပြန်ကော်မရှင်ဥပဒေရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ဘာသာပြန်လုပ်ငန်းဆိုသည်မှာ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို မြန်မာဘာသာသို့ ဘာသာပြန်ဆိုခြင်းဖြစ်သည်လို့ပြောတယ်။ ဘာသာပြန်ကော်မရှင်ဥပဒေအရ အင်္ဂလိပ်လိုရှိတဲ့ဥပဒေကို မြန်မာလိုပဲပြန်ဆိုခွင့်ပေးတာ။ မြန်မာဥပဒေမှာလာပြီးတော့ ဘာသာပြန်ဆိုရတဲ့ဥပဒေပုဒ်မ ၄ မှာ မြန်မာလိုပြင်ပြီးတော့ အင်္ဂလိပ်ဥပဒေမှာ ဘာသာပြန်ပြီးထည့်သွင်းလို့မရဘူး။ ဒါပေးထားတဲ့လုပ်ပိုင်ခွင့်မရှိဘူး။ ဒါလေးကိုလည်း ကျွန်တော်တို့ လွှတ်တော်သို့ သေချာတင်ပြလိုပါတယ်။ နောက်တစ်ခုကတော့ ဥပဒေတစ်ခုဟုတ်တယ်၊ မဟုတ်ဘူးဆိုတာကို ကျွန်တော် Power Point လေး ဆက်အသုံးပြုခွင့်ပြုပါဗျ။ ဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၁၂ မှာ ရေးထားတာရှိပါတယ်။ ရှင်းရှင်းလေးပါ။ ကော်မရှင်သည် မိမိအတည်ပြုသော မြန်မာဘာသာပြန်ဆိုသည့်ဥပဒေ မူလစာမူနှင့်

အလားတူ အာဏာတည်ရမည့်အမိန့် ဒီအမိန့်ဟာ အာဏာတည်ရမယ့်အမိန့်၊ ဥပဒေကဲ့သို့ အာဏာတည်ရမယ့်အမိန့်မဟုတ်ပါဘူး။ ဒါရှင်းရှင်းလေးပါ။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ၂၀၀၈ ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ် ၅၈ မှာ နိုင်ငံတော်သမ္မတဟာ နိုင်ငံတစ်ဝန်းလုံးမှာတည်ပြီးတော့ နိုင်ငံသားအားလုံးရဲ့ အထွတ်အထိပ်နေရာမှာ ရှိသည်လို့ဖော်ပြထားတာရှိပါတယ်။ နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်ရဲ့ အကြီးအကဲ၊ အုပ်ချုပ်မှုရဲ့အကြီးအကဲ၊ နိုင်ငံသားအားလုံးရဲ့ အထွတ်အထိပ်ဖြစ်တဲ့ နိုင်ငံတော်သမ္မတတောင် ဥပဒေကဲ့သို့ အာဏာတည်တဲ့အမိန့်ကို ထုတ်မယ်ဆိုရင် ပြည်ထောင်စုလွှတ်တော်ရဲ့ အတည်ပြုချက်ကိုရယူရပါတယ်။ ပြည်ထောင်စုလွှတ်တော်က အတည်ပြုရင်တောင် ပြည်ထောင်စုလွှတ်တော်က အာဏာတည်မယ့်အချိန်ကာလကို သတ်မှတ်ပေးရပါတယ်။ ပြည်ထောင်စုလွှတ်တော်က အတည်မပြုရင် အဲဒီအမိန့်ထုတ်ပြီး အတည်မပြုတဲ့နေ့ကပြီးတော့ အာဏာတည်ခြင်းက ရပ်ဆဲရမယ်။ အခုထုတ်ပြန်ထားတဲ့ ပုဒ်မ ၁၂ က အာဏာတည်ရမယ့်အမိန့်ပါ။ ဥပဒေကဲ့သို့ အာဏာတည်ရမယ့်အမိန့်မဟုတ်ပါဘူး။ ဥပဒေကဲ့သို့ အာဏာတည်ရမယ့်အမိန့်ကို နိုင်ငံတော်သမ္မတတစ်ဦးတည်းက ထုတ်ပြန်ခွင့်ရှိပြီးတော့ ပြည်ထောင်စုလွှတ်တော်ရဲ့ အတည်ပြုချက်ကို ရယူရတာဖြစ်ပါတယ်။ ဒါကြောင့်မို့ အခြားပုဂ္ဂိုလ်၊ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းကမှ ဥပဒေကဲ့သို့ အာဏာတည်တဲ့အမိန့်ကို ထုတ်ပြန်ခွင့်မရှိပါဘူး။ ကျွန်တော်အဓိကဆိုလိုချင်ကတော့ ပုဒ်မ ၁၂ အရ ထုတ်ပြန်လိုက်တဲ့ ဥပဒေဟာ ထုတ်ပြန်လိုက်တဲ့ဘာသာပြန်ဆိုချက်က ဥပဒေတစ်ခုအဖြစ် ရပ်တည်ခြင်းမရှိသေးပါဘူးဆိုတာကို လွှတ်တော်ကြီးကို တင်ပြလိုခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့က အငြင်းပွားမှုလည်းမရှိရအောင်၊ ပိုမိုလည်းဆီလျော်အောင် ကျွန်တော်တို့က မူရင်းဥပဒေပုဒ်မကို ပြင်ပါ။ ပြင်ပြီးလို့ရှိရင် ဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၁၂ အရ ဘာသာပြန်ပြီးတော့ ထည့်လိုက်မယ်ဆိုရင် ဥပဒေနဲ့ညီတယ်။ အငြင်းပွားဖွယ်ရာမရှိဘူး။ မြန်မာလိုပြင်ပြီးမှ သွားထည့်မယ်ဆိုရင် အငြင်းပွားဖွယ်ရာရှိတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့က အင်္ဂလိပ်လိုပြင်ဆင်ခြင်းသာလျှင် အငြင်းလည်းပွားစရာမရှိဘူး။ ပိုမိုပြီးတော့ သင့်လျော်ဆီလျော်တာ တွေ့ရတဲ့အတွက်ကြောင့်မို့လို့ လွှတ်တော်ကြီးကနေပြီးတော့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီရဲ့ အင်္ဂလိပ်လိုပြင်ဆင်ချက်အပေါ် အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

| ပြင်ဆင်ရန်တင်ပြသူ | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်/အပိုဒ်ခွဲ |
|---|---|---|---|
| ဥပဒေကြမ်းကော်မတီ | ၁ | ၁ | ပြင်ဆင်သည့်ဥပဒေကြမ်းကို အင်္ဂလိပ်ဘာသာဖြင့် ပြင်ဆင်ရန် |
| ဒေါ်ခင်မို့မို့အောင် (လသာမဲဆန္ဒနယ်) ဦးစောသလေးစော (ရွှေကျင်မဲဆန္ဒနယ်) | | | ပြင်ဆင်သည့်ဥပဒေကြမ်းကို မြန်မာဘာသာဖြင့် ပြင်ဆင်ရန် |

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အင်္ဂလိပ်ဘာသာဖြင့်ပြင်ဆင်ပြဋ္ဌာန်းသင့်ကြောင်းနှင့် ဒေါ်ခင်မို့မို့အောင်၊ လသာမဲဆန္ဒနယ်နှင့် ဦးစောသလေးစော၊ ရွှေကျင်မဲဆန္ဒနယ်တို့က မြန်မာဘာသာဖြင့် ပြင်ဆင်ပြဋ္ဌာန်းသင့်ကြောင်း တင်ပြဆွေးနွေးထားပါတယ်။ ဒါ့ကြောင့် တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး လွှတ်တော်ရဲ့ သဘောထားရယူရန် စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးသည့်နည်းလမ်းဖြင့် ဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကိုမူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ထောက်ခံသူများပါက ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်သူများပါက ဒေါ်ခင်မို့မို့အောင်၊ လသာမဲဆန္ဒနယ်နှင့် ဦးစောသလေးစော၊ ရွှေကျင်မဲဆန္ဒနယ်တို့ရဲ့ တင်ပြချက်က အတည်ဖြစ်ပါမယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကိုကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲ ၂၁၃ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၁၃၇ မဲနဲ့ ကြားနေဆန္ဒမဲ ၁ မဲ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံတဲ့ကိုယ်စားလှယ်ဦးရေကများတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကအတည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို

ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက် (၁၄)ချက်ကို တင်သွင်းဖို့ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ ညှိနှိုင်းအစည်းအဝေးများရဲ့ သဘောတူဆုံးဖြတ်ချက်များအရ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်များအတိုင်းသဘောမတူဘဲ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ရန်တင်ပြချက်(၁၄)ချက်ကို လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက်(၁၄)ချက်ကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

[ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက်(၁၄)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| **စဉ်** | **စာမျက်နှာ** | **အမှတ်စဉ်** | **အပိုဒ်နှင့်အပိုဒ်ခွဲ** |
|---|---|---|---|
| (က) | ၁ | ၂၊ ၃ | ဥပဒေခေါင်းစီး၊ အပိုဒ် ၁ ကို အဆိုပြုပြင်ဆင်ချက်အတိုင်းထားရှိခြင်း |
| (ခ) | ၂ မှ ၄ | ၄၊ ၅၊ ၆ | အပိုဒ် ၂၊ အပိုဒ် ၃၊ အပိုဒ် ၄ (အပိုဒ် ၄ ကို ပြင်ဆင်ခြင်း) |
| (ဂ) | ၄ မှ ၇ | ၇ | အပိုဒ် ၅ (ပုဒ်မ ၅ ကို ပြင်ဆင်ခြင်း) |
| (ဃ) | ၇ မှ ၉ | ၈၊ ၉ | အပိုဒ် ၆(ပုဒ်မ ၇ ခေါင်းစဉ်ကို ပြင်ဆင်ခြင်း)၊ အပိုဒ် ၇(ပုဒ်မ ၈ ပုဒ်မခွဲ(၁)(၂)နှင့်(၃)တို့ကိုပြင်ဆင်ခြင်း) |
| (င) | ၉ မှ ၁၁ | ၁၀၊ ၁၁၊ ၁၂၊ ၁၃ | အပိုဒ် ၈ (ပုဒ်မ ၉ ကိုပြင်ဆင်ခြင်း)၊ အပိုဒ် ၉ {ပုဒ်မ ၁၁ ပုဒ်မခွဲ (၂)ကိုပြင်ဆင်ခြင်း}၊ အပိုဒ် ၁၀ (ပုဒ်မ ၁၄ ကိုပြင်ဆင်ခြင်း)၊ အပိုဒ် ၁၁ (ပုဒ်မ ၁၅ ကိုပြင်ဆင်ခြင်း) |
| (စ) | ၁၁ မှ ၁၂ | ၁၄၊ ၁၅ | အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၁၂ ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၁၂ (ပုဒ်မ ၁၉ကို ပြင်ဆင်ခြင်း) |

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုရွေ့နေချုပ်ရုံးရဲ့ သဘောထားပြောပါ။

**ဦးဝင်းမြင့်(ဒုတိယရွှေ့နေချုပ်၊ ပြည်ထောင်စုရွှေ့နေချုပ်ရုံး)**။ ။ကျွန်တော် ဒီပြင်ဆင်သည့် အချက်များနှင့်ပတ်သက်လို့ ပြည်ထောင်စုရွှေ့နေချုပ်ရုံးက သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များ အတိုင်း သဘောမတူဘဲ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်ပြင်ဆင်ချက်(၁၄)ချက်အား အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တရားလွှတ်တော် ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်(၁၄)ချက် သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားလွှတ်တော် ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းခြင်း၊ ဆွေးနွေး ဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြု သွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါးတည်းအတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင် ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**မူကြမ်း**

**ဦးဉာဏ်ဟိန်း၊ သံဖြူဇရပ်မဲဆန္ဒနယ်က တင်သွင်းသည့် မြန်မာ့လျှပ်စစ်ဖြန့်ဖြူးရေးကဏ္ဍတွင် လျှပ်စစ်မီးလင်းရေးကော်မတီများထံ ရင်းနှီးငွေထည့်ဝင်ရန် ဝန်ထုပ်ဝန်ပိုးဖြစ်နေရရှာသော ဆင်းရဲသားအများပြည်သူများလည်း ဝန်ထုပ်ဝန်ပိုးမဖြစ်ဘဲ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရန် နောင်အခါဖြန့်ဖြူးရေးတွင် ပြည်ထောင်စုလျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သင့်တင့်သော ဈေးနှုန်းသတ်မှတ်ပေးခြင်း၊ အရင်းကျေကာလနှင့် အကျိုးခံစားခွင့်ကာလသတ်မှတ်ပေးခြင်းတို့ကို ခိုင်မာသော စာချုပ်ချုပ်ပြီး အများပိုင်ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ဖြန့်ဖြူးစေသောစနစ်ကောင်းတစ်ရပ် ဖော်ထုတ်ပေးပါရန်အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဉာဏ်ဟိန်း၊ သံဖြူဇရပ်မဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့(၈-၂-၂၀၁၉ ရက်နေ့)တွင် တင်သွင်းသွားသည့် မြန်မာ့လျှပ်စစ်ဖြန့်ဖြူးရေးကဏ္ဍတွင် လျှပ်စစ်မီးလင်းရေးကော်မတီများထံ ရင်းနှီးငွေထည့်ဝင်ရန် ဝန်ထုပ်ဝန်ပိုးဖြစ်နေရရှာသော ဆင်းရဲသားအများပြည်သူများလည်း ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရန် နောင်အခါဖြန့်ဖြူးရေးတွင် ပြည်ထောင်စု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သင့်တင့်သော ဈေးနှုန်းသတ်မှတ်ပေးခြင်း၊ အရင်းကျေကာလနှင့် အကျိုးခံစားခွင့်ကာလ သတ်မှတ်ပေးခြင်းတို့ကို ခိုင်မာသောစာချုပ်ချုပ်ပြီး အများပိုင်ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ဖြန့်ဖြူးစေသောစနစ်ကောင်းတစ်ရပ် ဖော်ထုတ်ပေးပါရန်အဆိုပြုချက်ကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ်လေးဦး ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်အောင်(ဒီပဲယင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကျန်းမာစေကြောင်း မေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဒီပဲယင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သံဖြူဇရပ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဉာဏ်ဟိန်းက မြန်မာ့လျှပ်စစ်ဖြန့်ဖြူးရေးကဏ္ဍမှာ လျှပ်စစ်

မီးလင်းရေးကော်မတီများထံ ရင်းနှီးငွေထည့်ဝင်ရန် ဝန်ထုပ်ဝန်ပိုးဖြစ်နေရရှာသော ဆင်းရဲသား အများပြည်သူများလည်း ဝန်ထုပ်ဝန်ပိုးမဖြစ်ဘဲ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရန် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးကဏ္ဍမှာ ပြည်ထောင်စု လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သင့်တင့်သောဈေးနှုန်း သတ်မှတ်ပေးခြင်း၊ အရင်းကျေကာလနှင့် အကျိုးခံစားခွင့်ကာလ သတ်မှတ်ပေးခြင်းတို့ကို ခိုင်မာ သောစာချုပ်ချုပ်ဆိုပြီး အများပိုင်ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ဖြန့်ဖြူးစေသောစနစ်ကောင်း တစ်ရပ်ဖော်ထုတ်ပေးပါရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံ ဆွေးနွေးအကြံပြုသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရရဲ့စီမံကိန်း သို့မဟုတ် မူဝါဒတိုင်းမှာ ကုန်ကျစရိတ်နဲ့အကျိုးကျေးဇူး တွေရှိပါတယ်။ ကုန်ကျစရိတ်ထက် ငွေကြေးဆိုင်ရာအကျိုးကျေးဇူးက အလေးသာလေလေ စီမံကိန်း များက ထိရောက်အောင်မြင်လေလေဖြစ်ပါတယ်။ လျှပ်စစ်စွမ်းအင်ကဏ္ဍမှာ ထုတ်လုပ်စရိတ် တစ်ယူနစ်အတွက် စုစုပေါင်းကုန်ကျစရိတ်က ၁၁၅ ကျပ်ခန့်ရှိပြီး တစ်ယူနစ်အတွက် ၃၅ ကျပ်ပဲ ကောက်ခံနေခြင်းကြောင့် ရေရှည်မှာတိုင်းပြည်အတွက် ဝန်ထုပ်ဝန်ပိုးကြီးဖြစ်သွားမှာ ဧကန် ဖြစ်ပါတယ်။ ကျေးရွာမီးလင်းရေးကော်မတီများကတော့ တစ်ယူနစ်ကို ၅၀ ကျပ်၊ ၅၅ ကျပ်၊ ၇၀ ကျပ် စသည်ဖြင့် ကောက်ခံကြပါတယ်။ ပြဿနာရှိတာမတွေ့ရပါဘူး။ ဒါကြောင့်မျှတတဲ့နှုန်းထားတစ်ခုခု ရအောင် ကျွမ်းကျင်သူပညာရှင်များနှင့်တွက်ချက်သုံးသပ်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေ ဖြင့် ပြင်ဆင်သင့်ရင်လည်း ပြင်ဆင်ကောက်ခံဖို့ တိုက်တွန်းပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အကျိုးကျေးဇူးဆိုတာ ငွေကြေးသက်သက်တော့မဟုတ်ပါဘူးခင်ဗျား။ လူ့ဂုဏ်သိက္ခာနဲ့ လူ့တန်ဖိုးတွေလည်းပါပါတယ်။ လျှပ်စစ်ရဲ့အစွမ်းနဲ့ မြို့ပြ၊ ကျေးလက်လူနေမှုဘဝ ကွဟချက်လျော့နည်းလာတာ၊ လူနေမှုပုံစံပြောင်းလာပြီး မိမိကိုယ်ကိုယ်မိမိယုံကြည်ချက်မြင့်မား လာတာ၊ ပိုမိုပျော်ရွှင်လာတာ၊ အချိန်ကုန်သက်သာပြီး မိမိအလုပ်ကိုပိုလုပ်နိုင်တာ၊ ထင်း၊ မီးသွေး မသုံးရတဲ့အတွက် သဘာဝပတ်ဝန်းကျင်ကိုပိုမိုထိန်းသိမ်းလာနိုင်တာ၊ စက်မှုလက်မှုပိုထွန်းကား လာတဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းပိုများလာတာကြောင့် လျှပ်စစ်ဆိုတာ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရေသောက်မြစ်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ဆိုဗီယက်ခေတ်ခေါင်းဆောင် ကြီးတစ်ဦးက လျှပ်စစ်ဖြင့်ဆိုရှယ်လစ်နိုင်ငံ ထူထောင်မယ်လို့တောင် ကြုံးဝါးခဲ့ဖူးပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းမှာလည်း သိပ္ပံပညာတိုးတက်မှုနဲ့ ၎င်းရဲ့အကျိုးရလဒ်များကို လွတ်လပ်စွာမျှဝေခံစားခွင့်ရှိတယ်လို့ပါပါတယ်။ နိုင်ငံတော်က ငွေကြေးအရ အရှုံးပြနေသော်လည်း လျှပ်စစ်စွမ်းအင်ကို ဆင်းရဲသားပြည်သူလူထုပါ မျှဝေသုံးစွဲနိုင်အောင် ကြိုးစားဆောင်ရွက်နေတဲ့ နိုင်ငံတော်အစိုးရနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကိုလည်း ကျေးဇူးတင်ပါတယ်။ သို့သော်လည်းပဲ ကျေးလက်နေပြည်သူလူထုဟာ လျှပ်စစ်ကိုထိတွေ့သုံးစွဲခွင့်ရဖို့ရန်အတွက် အခက်အခဲများစွာရှိနေဆဲပါ။ ဦးဉာဏ်ဟိန်း ပြောသလို လျှပ်စစ်မီးလင်းရေးကျေးရွာကော်မတီတွေမှာ ရင်းနှီးမတည်ငွေထည့်ဖို့ရန်အတွက် ဝန်ထုပ်ဝန်ပိုးအမှန်တကယ်ဖြစ်ခဲ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့မြို့နယ်တွေမှာ လျှပ်စစ်မီးလင်းနေပါတယ်ဆိုတဲ့ကျေးရွာတွေကို သေချာလေ့လာကြည့်ရင် ရွာရဲ့သုံးချိုးတစ်ချိုးသော အိမ်ထောင်စုများသာ လျှပ်စစ်မီးကိုသုံးစွဲနိုင်တာတွေ့ရပါတယ်။ နိုင်ငံတော်က NEP စီမံကိန်းနဲ့ကျေးလက်ဒေသများ လျှပ်စစ်မီးရရန် ပွင့်လင်းမြင်သာစွာဖြင့် 11 KVA ဓာတ်အားလိုင်းရွာအရောက်ပို့မယ်။ Transformer ပါ တပ်ဆင်ပေးတာကြောင့် ကျေးရွာမီးလင်းရေးကော်မတီတွေရဲ့ ယခင်ကငါးသိန်းအထက်ရှိတဲ့ ရင်းနှီးထည့်ဝင်ငွေမဟုတ်တော့ဘဲ နှစ်သိန်းခွဲ၊ သုံးသိန်းသောထည့်ဝင်ငွေဖြင့် လျှော့ချနိုင်တဲ့အတွက် ရွာအချို့မှာရှိတဲ့ပြည်သူလူထုက တက်တက်ကြွကြွဖြစ်လာပါတယ်။ ဒါတောင်မှပဲ ကျေးလက်နေ ဆင်းရဲသားပြည်သူများဟာ မလှုပ်မယှက်နဲ့ ခေါင်းငုံ့နေကြရှာပါတယ်။ ဒါကြောင့် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေက သိန်း ၂၀၊ သိန်း ၃၀ ကိုသော်လည်းကောင်း၊ VDP က သိန်း ၁၀၀ စသည်ဖြင့် အဲဒီငွေတွေနဲ့ တိုင်းလွှတ်တော်ကိုယ်စားလှယ်၊ ဌာနဆိုင်ရာတွေ၊ ကျေးလက်ပြည်သူတွေနဲ့ညှိနှိုင်းပြီးတော့ ဖြစ်နိုင်သမျှအားပေးထောက်ပံ့ပါမှ ကျေးလက်ဒေသတွေမှာ လျှပ်စစ်မီးလင်းရေးဆောင်ရွက်လို့ရပါတယ်။ ရွာတိုင်းကိုလည်း မကူညီနိုင်တဲ့အတွက် မမျှမတလည်းဖြစ်ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးရွာတွင်းဓာတ်အားလိုင်းတွေမှာရှိတဲ့ ဓာတ်တိုင်တွေနဲ့ ၄၀၀ ဗို့အားလိုင်းတွေ နိုင်ငံတော်က ကူညီပံ့ပိုးပေးမှသာ တစ်နိုင်ငံလုံးလျှပ်စစ်မီးလင်းရေးလုပ်ငန်းက ပိုပြီးအောင်မြင်မှာဖြစ်ပါတယ်။ မြို့ပြနေပြည်သူများနဲ့ ကျေးလက်နေပြည်သူများရဲ့လျှပ်စစ်သုံးစွဲရန်အခွင့်အရေးလည်း တူညီမျှတသွားမှာဖြစ်ပါတယ်။ ဦးဉာဏ်ဟိန်းရဲ့အဆိုအတိုင်း အများပိုင်ကုမ္ပဏီများကို ဆောင်ရွက်စေခြင်းဖြင့်လည်းကောင်း၊ ဒါမှမဟုတ် ကျေးလက်မီးလင်းရေးကော်မတီများကို ဌာနက စနစ်တကျကြီးကြပ်ကွပ်ကဲပြီး ပွင့်လင်းစွာနဲ့စီးပွားရေးလုပ်ငန်းဆန်ဆန်စီမံဆောင်ရွက်

စေခြင်းဖြင့် ဆင်းရဲချမ်းသာမရွေး လူတိုင်းလျှပ်စစ်မီးသုံးစွဲနိုင်ရန် စနစ်ကောင်းတစ်ရပ်ရှာဖွေ ဆောင်ရွက်သင့်ပါကြောင်း ထောက်ခံအကြံပြုအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။မြို့သစ်မဲဆန္ဒနယ်မှ ဦးသာအောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသာအောင်(မြို့သစ်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တာဝန်ရှိသူများအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဒီနေ့ အဆိုဖြစ်တဲ့ သံဖြူဇရပ်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဥာဏ်ဟိန်းရဲ့အဆိုကို ထောက်ခံ အကြံပြုသွားမှာဖြစ်ပါတယ်။ အဆိုရှင်ရဲ့ တိုက်တွန်းမှုဖြစ်တဲ့ မီးလုံးဝမရသေးတဲ့ပြည်သူတွေအတွက် လိုအပ်တဲ့အရင်းရရှိမှု၊ တရားဝင်ငွေကြေးဈေးကွက်ထဲမှ ငွေရရှိအောင်ဆောင်ရွက်ဖို့ တိုက်တွန်း ထားတာတွေ့ရှိရပါတယ်။ အဆိုရှင် အဆိုတင်သွင်းစဉ်က လက်ရှိကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ကျွန်တော်တို့လက်ဝယ်မရောက်ရှိသေးပါဘူး။ အခုတော့ ကျွန်တော်တို့လွှတ်တော်မှာ ဒီဥပဒေရောက်ရှိ နေပါပြီ။ အဲဒီတော့ အကယ်၍ ဒီမှာကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးလုပ်ငန်းဆိုသည်မှာ အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း၏ မူဝါဒနှင့်အညီ လျှပ်စစ်ဓာတ်အားစနစ်ရဲ့အပြင်မှာရှိတဲ့ ကျေးလက်ဒေသဦးစီးဌာနအစီအစဉ်ဖြင့် သို့မဟုတ် ခွင့်ပြုချက်ဖြင့် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်သော လုပ်ငန်းကိုဆိုသည်ဆိုတော့ ကျွန်တော်တို့က များသောအားဖြင့် မီးမရသေးတဲ့ဒေသ တွေက ကျေးလက်တွေဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့လက်ဝယ်ရောက်ရှိနေတဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကိုသာ ဆောင်ရွက်ပြီးခဲ့မယ်ဆိုလို့ရှိရင် ဒါဟာ ဥပဒေအရ ကျေးလက်ဒေသ မီးလင်းရေးအတွက် ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ ဒီမှာ အခန်း(၈)မှာလည်းပဲ ကျေးလက် ဒေသမီးရရှိရေးလုပ်ငန်း ဆောင်ရွက်ပုံအဆင့်ဆင့်ကို ဥပဒေနဲ့ပြည့်ပြည့်စုံစုံတွေ့ပါတယ်။ အဲဒီတော့ အဆိုရှင် ဒီလောက်ဆိုရင် ဒီဘက်တစ်ခြမ်းကိုတော့ စိတ်ချမ်းသာလောက်မယ်လို့ယူဆပါတယ်။ ဒါကဘာလဲဆိုတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေမှာ ကျွန်တော်တို့ကျေးလက်တွေ အတွက် အကြမ်းဖျင်း ဒီဥပဒေမှာ ပါဝင်သွားတာဖြစ်ပါတယ်။ အဲဒီတော့ တစ်ခြမ်းဖြစ်တဲ့ လက်ရှိ NEP အစီအစဉ်နဲ့ပေးမယ့် ဒီကျေးရွာပေါင်း ၅၀၈၀ ကိစ္စ။ ဒါကတော့ ကျွန်တော်တို့ National Grid ခေါ်တဲ့ အမျိုးသားဓာတ်အားလိုင်း 11 KV ရဲ့ နှစ်မိုင်အကွာအဝေးမှာရှိတဲ့ ကျေးရွာတွေကိုပေးမယ့်အပိုင်း ဖြစ်ပါတယ်။ ဒီအပိုင်းဟာ များမကြာမီမှာ ဆောင်ရွက်ကြမယ့်အပိုင်းဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့အနည်းငယ်ပြောလိုပါတယ်။ အဲဒါကတော့ ရှိပြီးသားမီးလင်းရေး ကော်မတီတွေနဲ့

ဆောင်ရွက်ခဲ့တဲ့ ကျွန်တော့်မြို့နယ်ရဲ့အစိတ်အပိုင်းလေး တစ်ခုလောက်တော့ ဥပမာပေးတင်ပြချင်ပါတယ်။ ကျွန်တော့်မြို့နယ်မှာ ကျွန်တော်တို့ ကိုယ့်အားကိုယ်ကိုးနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီတုန်းကတော့ 11 KV လိုင်းကအစ Transformer၊ ရွာတွင်း ၄၀၀ ဗို့လိုင်း ကိုယ့်ဘာသာကိုယ်အားလုံးတည်ဆောက်ရပါတယ်။ အဲဒီမှာ အရင်းလည်းများခဲ့ပါတယ်။ ကော်မတီမှာလည်း အတော်တာဝန်ကြီးခဲ့ပါတယ်။ ကော်မတီတချို့ကလည်း မှန်မှန်ကန်ကန်ဆောင်ရွက်တဲ့အတွက် ပြဿနာမရှိပေမဲ့ ကော်မတီတချို့မှာ သက်ဆိုင်ရာဌာနတွေအရောက် တိုင်စာတွေလည်း တွေ့ပါလိမ့်မယ်။ ကျွန်တော့်မြို့နယ်ကကိုပဲ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို နှစ်ခုလောက်ပို့ထားတာတွေ့ရပါတယ်။ အဲဒီတော့ ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်တို့က အထူးတင်ပြလိုတာကတော့ မီးလင်းရေးကော်မတီသည် ဝန်ကြီးဌာနရဲ့ညွှန်ကြားချက်နဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့တယ်ဆိုတာ သိရပါတယ်။ ဒီညွှန်ကြားချက်ကတော့ မူလက (၂၄)ချက်ရှိခဲ့ပေမဲ့ ဖြေလျှော့ပေးပြီးတော့ ဆောင်ရွက်တယ်လို့သိရပါတယ်။ အဲဒီတော့ လက်ရှိကျေးရွာ ၅၀၈၀ အစီအစဉ်မှာ အကျုံးဝင်ပါလိမ့်မယ်။ အဲဒီတော့ ကာလကလည်းပဲ ကျွန်တော်တို့က ဒီတစ်နှစ်သာသာလောက်နဲ့ ပြီးစီးဆောင်ရွက်မှာဆိုတော့ ဒီကော်မတီတွေနဲ့ဆောင်ရွက်တဲ့အခါမှာ အခက်ခဲတချို့ရှိနိုင်ပါတယ်။ အဲဒါကတော့ နောက်ပိုင်းမှာဖြစ်လာနိုင်ပါတယ်။ များသောအားဖြင့် အဆိုရှင်တင်ပြခဲ့သလို အရင်းရရှိဖို့အခက်အခဲရှိတဲ့ရွာတချို့လည်း ရှိနိုင်ပါတယ်။ သို့သော် နေရာတိုင်းတော့ဖြစ်မှာမဟုတ်ပါဘူး။ ကျွန်တော်တို့ တင်ပြချက်တချို့ကိုကြားရတဲ့အခါမှာလည်း ကျေးရွာပေါင်း ၅၀၈၀ မှာ ကျေးရွာပေါင်း ၁၃၀၀ ကျော်လောက်က အဆင်သင့်ဖြစ်နေပြီးတော့ ကျန်ကျေးရွာများက အဆင်သင့်မဖြစ်သေးဘူးဆိုတာလည်း သိပါတယ်။ သို့သော် ဒါဟာ တကယ်တမ်း လျှပ်စစ်မီးမရောက်ရှိသေးလို့သာ ဒီလိုကြန့်ကြာနေတာလည်း ဖြစ်နိုင်ပါတယ်။ အခုတော့ အားလုံး ပစ္စည်းတွေလည်းအဆင်သင့်ဖြစ်မယ်။ Construction ပိုင်းလည်း မကြာခင်မှာပြီးစီးတော့မယ်ဆိုတဲ့ အဆင့်တွေရောက်တဲ့အခါမှာ လိုအပ်ချက်ဟာ အနည်းငယ်ပဲဖြစ်ပေါ်နိုင်တယ်လို့ယူဆပါတယ်။

အဲဒီတော့ အဆိုရှင်အနေနဲ့ သူကတော့ ကဏ္ဍနှစ်ရပ်လုံးမှာ မတည်ရင်းနှီးငွေအခက်အခဲရှိတဲ့ရွာတွေအပေါ်ကို အဓိကထားပြီးတော့ ညွှန်းဟန်တူပါတယ်။ တစ်ပိုင်းကတော့ ခုနက ကျွန်တော်ပြောသလို ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပြီးစီးသွားရင် အဆင်ပြေပါလိမ့်မယ်။ တစ်ပိုင်းကတော့ နည်းနည်းလိုပါလိမ့်မယ်။ တကယ်တမ်းကျတော့ ဒါတွေဟာ ဝန်ကြီးဌာနက စိုက်ထုတ်လုပ်ပေးဖို့တာဝန်ယူရမှာဖြစ်ပါတယ်။ ဒါပေမဲ့လည်း အခုအချိန်အခါမှာတော့ ဌာနကိုယ်တိုင်ကိုက အရှုံးပေါ်

နေတဲ့အတွက် ဒီကိစ္စဟာ ကျွန်တော်တို့အားလုံး ဝိုင်းဝန်းဖြည့်ဆည်းပြီးမှ ဆောင်ရွက်ရမယ့်အပိုင်း ဖြစ်ပါကြောင်း အဆိုကိုထောက်ခံရင်းနဲ့ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ပါ။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်းရဲ့အဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေးသွားမှာပါ။ အာလုံးသိကြတဲ့အတိုင်း ကျွန်တော်တို့နိုင်ငံဟာ အရှေ့တောင်အာရှ ၁၀ နိုင်ငံမှာ အဆင်းရဲဆုံး၊ အမွဲဆုံး၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံပါ။ နိုင်ငံရဲ့ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးလင်းရေး အဘက်ဘက်က နိမ့်ပါးကျန်ရစ်ခဲ့တာပါ။ အထူးသဖြင့် ကျေးလက်ဒေသတွေ၊ ဝေးလံခေါင်သီတဲ့ဒေသတွေဟာ ဆိုးရွားစွာနိမ့်ပါးကျန်ရစ်ခဲ့တာပါ။ ဒါကြောင့် ဆင်းရဲတွင်းကထွက်နိုင်ဖို့ ကျေးလက်ဒေသတွေဖွံ့ဖြိုးဖို့အတွက် အဓိကလိုအပ်ချက်က လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးလင်းရေးဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေကိုကြည့်ရင် ကျေးလက်အစွန်အဖျားတွေအထိ လမ်းတွေဖောက်၊ လျှပ်စစ်ဓာတ်အားတွေသွယ်တန်းထားလို့ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်၊ ဆင်းရဲတွင်းက လွတ်မြောက်နိုင်ခဲ့ကြပါတယ်။ ဒါကြောင့်လည်း အစိုးရသစ်လက်ထက်မှာ အဘက်ဘက်က နိမ့်ပါးကျန်ရစ်တဲ့ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးလင်းရေး ကဏ္ဍပေါင်းစုံကို အရှိန်အဟုန်မြင့်တင်ဖော်ဆောင်နေတာကို တွေ့ရပါတယ်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြို့ပြရဲ့ ၇၈.၁ ရာခိုင်နှုန်း၊ ကျေးလက်ရဲ့ ၁၅.၂ ရာခိုင်နှုန်း၊ နိုင်ငံတစ်နိုင်ငံလုံးရဲ့ ၃၃.၄ ရာခိုင်နှုန်းသာ လျှပ်စစ်မီးလင်းရာကနေပြီးတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ မြို့ပြအားလုံးနှင့် ကျေးလက်ရဲ့ ၅၀.၁ ရာခိုင်နှုန်းဖြစ်တဲ့ ၃၂၄၃၃ ရွာကို နိုင်ငံတော်ပိုင်ဓာတ်အားလိုင်းက ဒီဇယ်မီးစက်၊ အသေးစားရေအား၊ ဆိုလာ၊ ဇီဝဓာတ်ငွေ့၊ လေအား စတာတွေနဲ့ မီးလင်းပေးနိုင်ခဲ့တာကို တွေ့ရှိရပါတယ်။ ဒီနေရာမှာ နိုင်ငံတော်အစိုးရရဲ့နိုင်ငံသားတွေ လျှပ်စစ်မီးလင်းနိုင်ဖို့ NEP စီမံကိန်းလို စီမံချက်တွေ ချမှတ်ပြီးတော့ ဖော်ဆောင်ရာမှာ အဓိကဖော်ဆောင်ကြတဲ့ ယန္တရားတွေက ကြန့်ကြာအောင်၊ လေးပင်အောင်၊ နှောင့်နှေးအောင်၊ အချိန်တွေဆွဲဆန့်ဆောင်ရွက်နေခြင်းမျိုးတွေ မရှိဖို့ကိုလည်း ကြပ်မတ်တွန်းအားပေး ဆောင်ရွက်သင့်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ကျေးလက်ဒေသများကို လျှပ်စစ်မီးသွယ်တန်းပေးပေမဲ့ ကျေးလက်မီးလင်းရေးကော်မတီများနှင့် မီးလင်းရေးဆောင်ရွက်ရာမှာ

ဆင်းရဲသားပြည်သူတွေ မီးဆွဲဖို့မတတ်နိုင်တဲ့အတွက် လျှပ်စစ်မီးရောင်အောက်မှာ အမှောင်ကျနေတဲ့ ဘဝတွေကို စာနာဖြေရှင်းပေးလိုတဲ့အဆိုရှင်ရဲ့စေတနာကိုလည်း ကျွန်တော်တို့တွေ့မြင်ရပါတယ်။ ကျွန်တော်တို့စေတုတ္တရာမြို့နယ်မှာ ရွာပေါင်း ၃၁ ရွာနစ်မြုပ်ပြီးတော့ လယ်ဧက ၈၀၀၀ ကျော်ဆုံးရှုံးခဲ့တဲ့ ရေအားလျှပ်စစ်စက်ရုံနှစ်ရုံရှိပြီးတော့ မဂ္ဂါဝပ် ၁၅၀ ကျော် ထုတ်လုပ်နိုင်စွမ်းရှိပါတယ်။ ဒါပေမဲ့ ယနေ့အချိန်အထိ ရွာပေါင်း ၁၁၃ ရွာမှာ သုံးရွာသာ လျှပ်စစ်မီးလင်းနိုင်ပြီးတော့ ဆိုလာနှင့် ၂၂ ရွာ၊ အင်ဂျင်နဲ့ ရွာပေါင်း ၂၀ မီးလင်းပေးနေတာကို တွေ့ရှိရပါတယ်။ မကြာခင်မှာတော့ NEP စီမံကိန်းကနေပြီးတော့ ရွာလေးရွာ၊ ဒီနှစ်တိုင်းဒေသကြီးရန်ပုံငွေနှင့်ဖော်ဆောင်မယ့် စေတုတ္တရာ-ဇဖဲလမ်း ၁၅ မိုင်ကို 11 KV လိုင်းဆွဲမယ်လို့ ကျွန်တော်တို့သိရှိရပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့တင်ပြလိုတာက ၂၀၁၃ ခုနှစ်က ကိုယ့်အားကိုယ်ကိုးမီးလင်းခဲ့တဲ့ ကျွန်တော်တို့မြို့နယ်ထဲက အောက်ပုံရွာမှာ ကျေးရွာပိုင်ငွေ ၃၉ သိန်း၊ ကျေးရွာသားတွေရဲ့လုပ်အားတွေနဲ့ ဖော်ဆောင်ခဲ့တဲ့ ကျေးရွာမီးလင်းရေးကော်မတီဆောင်ရွက်ခဲ့ရာမှာ ခြောက်နှစ်ကာလရှိတဲ့ ယနေ့အချိန်အထိ အိမ်ခြေ ၁၆၀ ရှိတဲ့ရွာမှာ အိမ်ခြေ ၁၀၀ သာ မီးလင်းနိုင်ပါတယ်။ နေ့စဉ်မီတာခနှင့် တပ်ဆင်ခ ၂၁၂၀၀၀ ကျပ်သတ်မှတ်ထားတဲ့အတွက် လုပ်အားတွေထည့်ဝင်ခဲ့ကြတဲ့၊ ရွာပိုင်ငွေတွေထည့်ဝင်ခဲ့ကြတဲ့ မရှိဆင်းရဲသားအိမ်ခြေ ၆၀ ကျော်ဟာ ယခုအထိလျှပ်စစ်မီးရောင်အောက်မှာ အမှောင်ကျနေရဆဲပါ။

လမ်းမီးအတွက် အိမ်တိုင်း ၂၀၀ ကျပ် လစဉ်ပေးနေရပေမဲ့ လင်းချင်တဲ့လမ်းကိုမှ လင်းတာ။ သာရေးနာရေးကိစ္စတွေမှာ ကြည်ဖြူသူမ ပေးပြီးတော့ မကြည်ဖြူသူကို လုံးဝသုံးခွင့်မပြုတာ။ လူတစ်ဦးတစ်ယောက်ရဲ့သဘောနဲ့ ခြယ်လှယ်တာ။ စာရင်းတွေမရှင်းလင်းတာ။ တစ်ဦးတည်းသဘောနဲ့ ကော်မတီဝင်တွေကို ထုတ်ပစ်ပြီးတော့ လက်ညိုးထောင်ခေါင်းညိမ့်သူတွေကိုထည့်တာ စတဲ့ မလျော်မကန် မောင်ပိုင်စီးဆောင်ရွက်နေတာတွေဟာ မဖြစ်သင့်၊ မဖြစ်ထိုက်တဲ့ကိစ္စတွေ ဖြစ်ပါတယ်။ ဒီနေ့အခြေအနေဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ဖော်ဆောင်နေတဲ့အချိန်ပါ။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုတရားမျှတမှုကို ဖော်ဆောင်နေတဲ့ကာလလည်း ဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားခ တစ်ယူနစ်ကို နိုင်ငံတော်က ၆၀ ကျပ်ခန့် ပြည်သူ့ဘဏ္ဍာငွေက စိုက်ထုတ်ကျခံပေးနေရတဲ့အကြောင်းလည်း သိရှိရပါတယ်။ ဒါကြောင့် လျှပ်စစ်မီးလင်းနေတဲ့ဒေသတွေအတွက် လျှပ်စစ်မီးမရရှိတဲ့ဒေသပြည်သူတွေ ကျခံနေရတာဟာ မျှတပါရဲ့လားလို့ မေးခွန်းထုတ်စရာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကျေးလက်ဒေသဆင်းရဲသားပြည်သူတွေ နိုင်ငံတော်အစိုးရရဲ့စေတနာအတိုင်း လျှပ်စစ်မီးတွေလင်းနိုင်ဖို့၊ လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်နိုင်ဖို့၊ ဆင်းရဲမှုလျှော့ချနိုင်ဖို့အတွက် သံဖြူဇရပ်မဲဆန္ဒနယ်မှ

**မူကြမ်း**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်း တင်သွင်းတဲ့အဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ**။ ။ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ သံဖြူဇရပ်မဲဆန္ဒနယ်က ဦးဉာဏ်ဟိန်း တင်သွင်းသွားတဲ့အဆို ပထမပိုင်းကို ကျွန်မထောက်ခံသွားမှာဖြစ်ပါတယ်။ မြန်မာ့လျှပ်စစ်ဖြန့်ဖြူးရေးကဏ္ဍမှာ လျှပ်စစ်မီးလင်းရေးကော်မတီထံ ရင်းနှီးငွေထည့်ဝင်ရန် ဝန်ထုပ်ဝန်ပိုးဖြစ်နေကြသော ဆင်းရဲသားအများပြည်သူများ ဝန်ထုပ်ဝန်ပိုးမဖြစ်ဘဲ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရန် နိုင်ငံတော်အစိုးရကနေ ပံ့ပိုးပေးဖို့ကိစ္စကို ကျွန်မထောက်ခံပါတယ်။ အပြည့်အဝထောက်ခံပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ကျေးလက်ဒေသအများစုကို ကိုယ်စားပြုနေရတဲ့ကိုယ်စားလှယ်တွေအားလုံးအသိပဲ ဖြစ်ပါမယ်။ ရှေ့ကကိုယ်စားလှယ်တွေလည်း ဆွေးနွေးပြီးသွားပါပြီ။ မီးလင်းရေးကော်မတီတွေအနေနဲ့ ဆောင်ရွက်တဲ့အခါမှာ အဆင်မပြေမှုများစွာရှိပါတယ်။ အဓိကကတော့ (၁)အချက်အနေနဲ့ ကျွန်မထောက်ခံရတာကတော့ မီးလင်းရေးကော်မတီတွေ ဖွဲ့ပြီးတော့မှ အများပြည်သူရဲ့ထည့်ဝင်ငွေသည် တစ်အိမ်ထောင်ကိုငါးသိန်း၊ ခြောက်သိန်း၊ ခုနစ်သိန်း။ တချို့အိမ်တွေမှာဆိုရင် သိန်းကို ၁၀ ဂဏန်းနဲ့ချီပြီးတော့ ပေးရတာဖြစ်ပါတယ်။ မီးလင်းချင်လွန်းလို့သာ ဒီငွေတွေကို ပေးရတာ။ ကျွန်မတို့မှာ ချေးငှားပြီးတော့ ပေးရတဲ့ဝန်ထုပ်ဝန်ပိုးဖြစ်တဲ့ပြဿနာမျိုးတွေ ကျွန်မတို့အမြဲတမ်းကြားနေ၊ တွေ့နေရတာ ဖြစ်ပါတယ်။ မြို့ပေါ်မှာ မီတာရဖို့အတွက်ကို သောင်းဂဏန်းလောက်ပေးလို့ရတဲ့အချိန်မှာ ကျွန်မတို့ကျေးရွာတွေကမီးလင်းချင်လွန်းလို့၊ လိုချင်လွန်းလို့ဆိုပြီးတော့မှ မရှိ၊ ရှိတာစုဆောင်းပြီးတော့၊ ချေးငှားပြီးတော့ ဒီလိုကုန်နေရတာ လူမှုရေးအရ တရားမျှတမှုလုံးဝမရှိပါဘူး။ (၂)အနေနဲ့ကတော့ ကျေးရွာမီးလင်းပြီးသည့်တိုင်၊ အဲဒီရွာမှာ မီးလင်းပြီးသည့်တိုင်မှာ ငွေမထည့်နိုင်တဲ့သူက မီးမလင်းကြပါဘူး။ အဲဒီအခါမှာ စိတ်အားငယ်မှုတွေ၊ စိတ်ဝမ်းကွဲမှုတွေ ဖြစ်ရပါတယ်။ ကျွန်မတို့က နေ့စဉ် ဒီဟာတွေကို ကြားနေ၊ ကြုံနေရတဲ့ကိစ္စဖြစ်ပါတယ်။ (၃)အချက်ကတော့ ကျေးရွာမီးလင်းရေးကော်မတီတွေရဲ့တာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်းပါ။ ငွေစာရင်းမရှင်းတဲ့ကိစ္စအပါအဝင် ပြဿနာတစ်စုံတစ်ရာရှိတယ်ဆိုလို့ရှိရင် အုပ်ချုပ်ရေးနှင့် လျှပ်စစ်နဲ့က ဘော်လီဘောပုတ်ပြီးတော့မှ ကျွန်မတို့ကို ဒီပြဿနာတွေကို အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းပေးခြင်းမရှိပါဘူး။ အဲဒီအခါမှာ ကျွန်မတို့က ငွေလည်းထည့်ပေးရသေးတယ်။ ကိုယ်ထည့်တဲ့ငွေတွေက အလွဲသုံးစားဖြစ်တယ်ဆိုတဲ့အခါမျိုးမှာ တိုင်ကြားတဲ့အခါမှာလည်း

တာဝန်တွေရှိတဲ့သူတွေက တာဝန်ယူမဖြေရှင်းတဲ့အခါမှာ ကျွန်မတို့ကျေးရွာသူကျေးရွာသားတွေက မိအေးနှစ်ခါမကဘူး နှစ်ခါ၊ သုံးခါဆက်ပြီးတော့ အကြိမ်ကြိမ်နစ်နာရတဲ့အတွက်ဖြစ်ပါတယ်။

ဒုတိယပိုင်းဖြစ်တဲ့ လျှပ်စစ်ဖြန့်ဖြူးတဲ့အခါမှာ ပြည်ထောင်စု လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သင့်တင့်သောဈေးနှုန်းသတ်မှတ်ပေးခြင်း၊ အရင်းကြေကာလနှင့် အကျိုးခံစားခွင့်ကာလသတ်မှတ်ပေးခြင်းတို့ကို ခိုင်မာသောစာချုပ်ချုပ်ပြီး အများပိုင်ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ဖြန့်ဖြူးစေသော စနစ်ကောင်းတစ်ရပ်ဖော်ထုတ်ပေးဖို့ဆိုတဲ့အပိုင်းကိုတော့ ကျွန်မမထောက်ခံနိုင်ပါဘူး။ ဘာဖြစ်လို့လဲ ဆိုတဲ့အခါကျတော့ ကျေးရွာသေးသေးလေးတွေမှာရှိတဲ့ မီးလင်းရေးကို ကျေးရွာမီးလင်းရေးကော်မတီတွေနဲ့ ဆောင်ရွက်တာတောင်မှပဲ ဒီလောက်ပြဿနာအများကြီးဖြစ်နေရသေးတယ်ဆိုရင် တစ်ကြောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းပြီးတော့မှ ဒီစာချုပ်ချုပ်ဆိုပြီးတဲ့အခါမှာ အဆင်ပြေပါ့မလားဆိုတာ ကျွန်မ သံသယရှိလို့ဖြစ်ပါတယ်။ ကျွန်မ ဒီလိုမထောက်ခံရတဲ့အတွက် နမူနာပြစရာရှိပါတယ်။ မကြာသေးခင်ကမှ ၂၀၁၆ ခုနှစ်ကုန်ပိုင်းလောက်မှာ တနင်္သာရီတိုင်းဒေသကြီးအစိုးရက Global Grand Services Co., Ltd နှင့် ဓာတ်အားပေးဖို့အတွက်ကို စာချုပ်ချုပ်ပြီးတော့မှ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကနေပြီး တစ်ရက်ကို ဓာတ်ငွေ့ကုဗနှစ်သန်းပေးပြီးတော့ ကုမ္ပဏီက ဒေသအတွင်းကို ပြန်လည်ဖြန့်ဖြူးတာက တစ်ယူနစ်ကို ကျပ် ၂၀၀ ဖြင့်ရောင်းချခဲ့ပါတယ်။ ဒါပေမဲ့ ဒီဓာတ်ငွေ့ဖိုးတွေပေးဖို့ဆိုတဲ့အခါကျတော့ ကျပ်သိန်းပေါင်း တစ်သိန်းလောက်ရှိပါတယ်။ ပထမအကြိမ်မှာ ကျပ်သိန်း ၃၀၀၀ ပေးပါတယ်။ ဒုတိယအကြိမ်နှင့်တတိယအကြိမ်မှာ ကျပ်သိန်း ၅၀၀၀ ပေးပြီးတော့ ကျန်နေတဲ့ကျပ်သိန်းပေါင်း ၈၀၀၀ ခန့်ကို အခုအချိန်ထိမရသေးတဲ့ကိစ္စဖြစ်ပါတယ်။ အဲဒီကိစ္စအပေါ်မှာ ဒီ MOGE က တာဝန်ရှိတဲ့သူက စာချုပ်ချုပ်ထားတဲ့ တနင်္သာရီတိုင်းဒေသကြီးအစိုးရမှာ တာဝန်ရှိတယ်လို့ပြောပါတယ်။ ဒါပေမဲ့ တနင်္သာရီတိုင်းဒေသကြီးအစိုးရဘက်က တာဝန်ရှိတဲ့သူဆိုတဲ့ အခါကျတော့ GGS ကုမ္ပဏီနဲ့ သူတို့က တိုက်ရိုက်စာချုပ်ချုပ်ထားတာမှန်ပေမဲ့လည်း ဓာတ်အားဝယ်ယူတဲ့ဟာ ပြည်ထောင်စုအစိုးရနှင့်သာဆောင်ရွက်တာဖြစ်တယ်ဆိုပြီးတော့ တိုင်းဒေသကြီးအစိုးရနှင့် ပြည်ထောင်စုအစိုးရနှင့် ဘော်လီဘောပုတ်နေတာတွေ ဖြစ်ပါတယ်။ ကျွန်မတို့ က ဒီလိုတာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်းမှာ အားနည်းနေတယ်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရတောင ဒီလိုဖြစ်နေသေးတယ်ဆိုရင် တစ်ကြောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းစာချုပ်ချုပ်တွေချုပ်ပြီးတော့ စာချုပ်တွေ မည်မျှသည့်ခိုင်မာသည့်မူဝါဒဖြစ်နေပါစေကာမူ ဒီစာချုပ်တွေကိုကြပ်မတ်တဲ့၊ အကောင်အထည်ဖော်တဲ့ သူတွေရဲ့တာဝန်ယူမှု၊ တာဝန်ခံမှုမရှိတဲ့အခါမှာ ကျေးလက်ဒေသတွေအတွက်ကို ကောင်းကျိုးထက်

ကိုမှ ဆေးအတွက်လေးတာဖြစ်မှာဆိုးတဲ့အတွက်ကြောင့်မို့လို့ ဒီအပိုင်းကိုတော့ ကျွန်မ မထောက်ခံရခြင်း ဖြစ်ပါတယ်။

အခု ကျွန်မတို့မှာ ကမ္ဘာ့ဘဏ်နှင့်ချေးငွေဆောင်ရွက်ပြီးတော့ NEP စီမံကိန်းပထမအဆင့်မှာ နှစ်မိုင်အတွင်းမှာ အကျိုးပြုကျေးရွာ ၅၀၈၀ လင်းမှာဖြစ်ပါတယ်။ ဒီစီမံကိန်းကိုတော့ တာဝန်ရှိနေတဲ့ ဌာနကနေပြီးတော့မှ အချိန်ကာလဆိုင်းနေတာမဟုတ်ဘဲနဲ့ အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးအကောင်အထည်ဖော်လာတဲ့အခါမှာ ကျွန်မတို့ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသမီးလင်းရေးတွေဟာ မြင်သာလာမှာဖြစ်ပါတယ်။ NEP စီမံကိန်းရဲ့ဒုတိယအဆင့်အနေနဲ့ ငါးမိုင်အတွင်းရွာတွေ ၇၆၃၉ ရွာကိုလည်း လျာထားပြီးသား ဖြစ်ပါတယ်။ နောက်ပြီးတော့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနကနေပြီးတော့လည်း ဓာတ်အားခွဲရုံတွေနဲ့ဝေးလံတဲ့နေရာတွေမှာဆိုလို့ရှိရင် တခြားဆိုလာနှင့် မီးလင်းစေတဲ့နည်းတွေလည်း လုပ်နေတာတွေ ရှိပါတယ်။ ဒါအတွက်ကြောင့်မို့လို့ အစိုးရရဲ့တာဝန်ယူမှု၊ တာဝန်ခံမှုတွေကိုသာ ပိုပြီးတော့မှ တိုးမြှင့်အောင်လုပ်ပြီးတော့ ကျွန်မတို့ရဲ့နိုင်ငံတော်ရဲ့သဘာဝအရင်းအမြစ်တွေ၊ ဘဏ္ဍာငွေတွေကို ကြပ်ကြပ်မတ်မတ်လုပ်လိုက်ပြီးရင် ဒါတွေသာအကောင်အထည်ဖော်လာခဲ့မယ်ဆိုရင်တော့ ကျွန်မတို့ရဲ့ကျေးရွာတွေက မီးလင်းလာမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဆိုရှင်ရဲ့အဆိုကိုဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ဦးဉာဏ်ဟိန်း၊ သံဖြူဇရပ်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်း၏ မြန်မာ့လျှပ်စစ်ဖြန့်ဖြူးရေးကဏ္ဍတွင် လျှပ်စစ်မီးလင်းရေးကော်မတီများထံ ရင်းနှီးငွေထည့်ဝင်ရန် ဝန်ထုပ်ဝန်ပိုးဖြစ်နေရရှာသော ဆင်းရဲသားအများပြည်သူများလည်း ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရန် နောင်အခါဖြန့်ဖြူးရေးတွင် ပြည်ထောင်စုလျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက သင့်တင့်သောဈေးနှုန်းသတ်မှတ်ပေးခြင်း၊ အရင်းကျေကာလနှင့် အကျိုးခံစားခွင့်ကာလသတ်မှတ်ပေးခြင်းတို့ကို

ခိုင်မာသောစာချုပ်ချုပ်ပြီး အများပိုင်ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ဖြန့်ဖြူးစေသော စနစ်ကောင်း တစ်ရပ် ဖော်ထုတ်ပေးပါရန်အဆိုနှင့်ပတ်သက်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ကျွန်တော် ဒုတိယဝန်ကြီးက ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့နိုင်ငံမှာ လက်ရှိအခြေအနေမှာ မဟာဓာတ်အားလိုင်စနစ်ကနေ လျှပ်စစ်ဓာတ်အားရရှိသော အိမ်ထောင်စုဦးရေ ရာခိုင်နှုန်းဟာ ၄၃.၈ ရာခိုင်နှုန်းအထိ ပြီးခဲ့တဲ့ ဇန်နဝါရီလ လကုန်မှာ ရောက်ရှိခဲ့တာဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် မတ်လမှာတုန်းက မဟာဓာတ်အားလိုင်းစနစ်ကနေ လျှပ်စစ်ဓာတ်အားရရှိတဲ့ အိမ်ထောင်စုဦးရေဟာ ၃၄ ရာခိုင်နှုန်းသာ ရှိသေးတဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒီအချိန်တိုကာလအတွင်းမှာ ၃၄ ရာခိုင်နှုန်းမှသည် ၄၄ ရာခိုင်နှုန်းနီးပါးအထိ ၁၀ ရာခိုင်နှုန်းတိုးမြှင့်လာခဲ့တဲ့တာဟာ မြင့်မားတဲ့အရှိန်နဲ့ တိုးမြှင့်ရောက်ရှိခဲ့တာဖြစ်ပါတယ်။ မဟာဓာတ်အားလိုင်တွေ ကျေးရွာတွေကို တိုးတက်ရောက်ရှိပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးတဲ့အဆိုမှာက အကယ်၍ ကျေးရွာကို 11 လိုင်းတွေ ရောက်ရှိသည့်တိုင်အောင် ၄၀၀ ဗို့လိုင်းတွေကို ကျေးရွာသူကျေးရွာသားများက ရန်ပုံငွေကျခံတည်ဆောက်ရမယ်ဆိုရင် ရန်ပုံငွေအခက်အခဲကြောင့် သူတို့တွေလျှပ်စစ်ဓာတ်အားမရရှိတဲ့ ပြဿနာတွေရှိမယ်ဆိုတာ တင်ပြသွားတာရှိပါတယ်။ ဒါကို ကျွန်တော်တို့အနေနဲ့ တစ်စိတ်တစ်ပိုင်းအားဖြင့် လက်ခံပါတဘ်။ သို့သော် ကျွန်တော်ဥပမာလေး တစ်ခုကို တင်ပြချင်တာက ကယားပြည်နယ်အတွင်းမှာရှိတဲ့ကျေးရွာတွေကို 11 KV လိုင်းရော၊ ထရန်စဖော်မာရော ၄၀၀ ဗို့တွေလိုင်းတွေရော အိမ်ခြေတွေရဲ့လမ်း၊ အိမ်ရှေ့တွေအထိ တည်ဆောက်ဆောင်ရွက်ပေးခဲ့သည့်တိုင် အဲဒီကျေးရွာမှာရှိတဲ့ နေအိမ်တွေက မီတာဘောက် လျှောက်ထားပြီး လျှပ်စစ်မီးသွယ်တန်းမှုတွေ မပြုကြပါဘူး။ ဆိုလိုချင်တာက ၄၀၀ ဗို့လိုင်းအထိ တည်ဆောက်ပေးရင်တောင်မှ လျှပ်စစ်ဓာတ်အားရရှိသွားမယ်ဆိုတဲ့ အနေအထားထက် အဲဒီကျေးရွာသူကျေးရွာသားများအနေနဲ့ လျှပ်စစ်မီးကိုရယူအသုံးပြုဖို့ရန်အတွက် သူတို့ရဲ့အိမ်တွင်းဝါယာကြိုးစရိတ်တွေ မတတ်နိုင်ဘူးဆိုတာမျိုးတွေ၊ လျှပ်စစ်ဓာတ်အားသုံးစရာမလိုဘဲ သူတို့ရဲ့ မူလနေထိုင်မှုဓလေ့စရိုက်အရ ဆက်လက်ပဲနေထိုင်လိုတယ်ဆိုတဲ့ အနေအထားတွေအပေါ်မှာလည်းပဲ ကွာခြားနေတာကို ကျွန်တော်တို့လက်တွေ့တွေ့မြင်ရတာရှိကြောင်း တင်ပြလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့အဆိုမှာ ပထမအချက်ဆိုပြီး တင်ပြသွားတဲ့အချက်ကလေးက လူထုတွေ့ဆုံပွဲတိုင်းမှာ အစိုးရလျှပ်စစ်ဓာတ်အားသုံးစွဲခွင့်ရနေတဲ့ ရွာနေဆင်းရဲသားပြည်သူများက မီးလင်းရေးကော်မတီထံ ရန်ပုံငွေမထည့်နိုင်လို့မီးမသုံးရပါ။ ကိုယ်စားလှယ်တော်ကြီးက ကူညီပေး

ပါလို့ ညှိုးငယ်သောမျက်ဝန်းများဖြင့် အကူအညီတောင်းခံရလေ့ရှိပါတယ်ဆိုပြီး တင်ပြသွားတာရှိပါတယ်။ မီးလင်းရေးကော်မတီများက ကျေးရွာတွေရဲ့ ကျေးရွာတွင်းဓာတ်အားလိုင်းတွေ တည်ဆောက်ဖို့ ကျေးရွာမှာရှိတဲ့ နေအိမ်တွေဆီကနေ အချိုးကျရန်ပုံငွေတွေ ကောက်ခံလေ့ရှိပါတယ်။ ထိုသို့ ကောက်ခံကြတဲ့အချိန်မှာ ကော်မတီဝင်များနှင့် ကျေးရွာသူကျေးရွာသားများအချင်းချင်းကြားမှာ ပုဂ္ဂိုလ်ရေးအဆင်မပြေသူများက ငွေကြေးထည့်ဝင်မှုမပြုတတ်တာတွေလည်းရှိသလို တတ်နိုင်မှုမရှိလို့ ထည့်ဝင်ခြင်းများမပြုတာတွေလည်းရှိပါတယ်။ တချို့ကတော့ တတ်နိုင်ပါလျက်နဲ့ ရွာမှာ လျှပ်စစ်ရောက်ရှိပြီဆိုတဲ့အချိန်ကျမှ ငွေထည့်စရာမလိုဘဲ လျှပ်စစ်သုံးခွင့်ရအောင် ကြိုးစားမယ်ဆိုပြီး တွေးပြီး တမင်မထည့်ကြတာတွေလည်း ရှိနေကြတာဖြစ်ပါတယ်။

ရွာမှာလျှပ်စစ်ရလာတဲ့အချိန်ကျမှ ကနဦးကငွေမထည့်ခဲ့တဲ့ရွာသားတွေက ရန်ပုံငွေမထည့်တော့ပဲ လျှပ်စစ်မီးသုံးခွင့်ရရေးကို ကိုယ်စားလှယ်ကြီးကကူညီပါလို့ တောင်းတာမျိုးတွေလည်း ကြုံရမှာဖြစ်ပါတယ်။ မီးလင်းရေးကော်မတီတွေကို ဝန်ကြီးဌာနက ညွှန်ကြားချက်နှင့် ဖွဲ့စည်းတယ်ဆိုတဲ့ ဆွေးနွေးတင်ပြချက်ဟာ တစ်စုံတစ်ရာမမှန်ကန်ဘူးလို့ ပြန်လည်တင်ပြလိုပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ မီးလင်းရေးကော်မတီများကို ဖွဲ့စည်းပါလို့ ညွှန်ကြားချက်မရှိပါဘူးခင်ဗျား။ မီးလင်းရေးကော်မတီများကို ကျေးရွာသူကျေးရွာသားတွေက သူတို့သဘောဆန္ဒအလျောက် စုစည်းဖွဲ့စည်းလာပြီးတော့မှ သူတို့ဒီလိုဖွဲ့စည်းထားပါတယ်။ ကျေးရွာရဲ့ အကျိုးအလို့ငှာ သူတို့ဆောင်ရွက်လိုပါတယ်။ ဒီအတွက်ရန်ပုံငွေတွေ ကောက်ခံပြီးတော့မှ သူတို့ဓာတ်အားလိုင်းတွေတည်ဆောက်ဖို့ကို ခွင့်ပြုပါလို့ ကျွန်တော်တို့ဌာနကို တင်ပြတဲ့အချိန်မှာ ကျေးရွာတွေလျှပ်စစ်မြန်မြန်ရစေဖို့ဆိုတဲ့ စေတနာနဲ့ ဝန်ကြီးဌာနက လုပ်ငန်းဆောင်ရွက်ခွင့်ကိုပြုတာ ဖြစ်ပါတာ်။ မီးလင်းရေးကော်မတီကို ဖွဲ့ရန်ညွှန်ကြားချက်မရှိသလို၊ မီးလင်းရေးကော်မတီကို ဖွဲ့ထားတာကိုလည်း အတည်ပြုပေးခြင်းမျိုး ဝန်ကြီးဌာနကဆောင်ရွက်တာ မဟုတ်ပါကြောင်းလည်း ရှင်းလင်းတင်ပြလိုပါတယ်။ ကိုယ်စားလှယ်ကြီးဆွေးနွေးသလို မီးလင်းရေးကော်မတီထဲကို ရန်ပုံငွေမထည့်နိုင်လို့ ထိုရွာတွေမှာမီးလင်းဖို့အတွက် အများပိုင်ကုမ္ပဏီကိုလုပ်ပိုင်ခွင့်ပေးပြီး ထိုကုမ္ပဏီကပဲ ထရန်စဖော်မာထိုင် ၄၀၀ ဗို့လိုင်းဆွဲ Service ကြိုးများဆက်ပေး၊ မီတာဘောက်တွေလည်းတပ်ပေး၊ အိမ်တွင်းကြိုးနှင့်မီးခလုတ်များရိုက်ပေးတဲ့ အထိ တာဝန်ယူရင်းနှီးမြှုပ်နှံပေးဖို့ဆိုပြီးလည်း ဆွေးနွေးသွားတာဖြစ်ပါတယ်။ ထိုကုမ္ပဏီတွေရဲ့ အရင်းတွေကြေဖို့၊ အမြတ်တွေပြန်ရဖို့၊ ဝန်ကြီးဌာနကဈေးနှုန်းတွက်ချက်သတ်မှတ်ပေးရမယ်လို့ ဆွေးနွေးတဲ့အခါမှာ လက်တွေ့သာဆောင်ရွက်ခဲ့မယ်ဆိုခဲ့ရင် တစ်နိုင်ငံလုံးမှာရွာတွေ သောင်းနှင့်

ချိပြီး များပြားတဲ့အခါမှာ ရွာတစ်ရွာချင်းရဲ့အခြေအနေတွေမတူညီမှု၊ တစ်အိမ်ချင်းရဲ့ လိုလားချက်တွေ မတူညီမှုတို့ကြောင့် ကုမ္ပဏီတစ်ခုချင်းစီက တစ်ရွာစီမှာ အရင်းတွေစိုက်ပြီးလုပ်ကိုင်ရတဲ့ ပမာဏတွေကို လိုက်လံတွက်ပေးဖို့ဆိုတာ လက်တွေ့မှာအတော်မလွယ်ကူတဲ့ကိစ္စရပ်ဖြစ်လာမှာ ဖြစ်ပါတယ်။ ဝန်ကြီးဌာနရဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ကုန်ကျစရိတ်ကိုပင်လျှင် လျှပ်စစ်အသုံးပြုသူတွေက စရိတ်ကြေအောင် ပေးချေမှုမရှိသေးတဲ့ စနစ်အခြေအနေမှာ အများပိုင်ကုမ္ပဏီရဲ့ အရင်းကိုကြေပြီး အမြတ်ရဖို့ဈေးနှုန်းသတ်မှတ်ပေးရမယ်ဆိုခဲ့လို့ရှိရင် တစ်ရွာတစ်ပုတ်ဆန်း လျှပ်စစ်ဈေးနှုန်းတွေ ပေါ်ပေါက်လာပြီး လက်တွေ့မှာအင်မတန် ရှုပ်ထွေးတဲ့လုပ်ငန်းစဉ်တွေနဲ့ နောင်အနာဂတ်ကာလမှာ အခက်အခဲများစွာပေါ်ပေါက်လာမယ်ဆိုတာလေးကိုလည်း ကြိုတင်ချင့်ချိန်စဉ်းစားဖို့ အထူးလိုအပ်တာဖြစ်ပါတယ်။

အဆိုရှင်က လျှပ်စစ်ဆိုတာ နိုင်ငံတကာမှာစီးပွားရေးပါပဲ။ ကြိုက်ရောင်းကြိုက်ဝယ်လုပ်ငန်းပါလို့ ဆွေးနွေးခဲ့တာ ဖြစ်ပါတယ်။ မှန်ပါတယ်။ နိုင်ငံတကာမှာ လျှပ်စစ်ဆိုတာစီးပွားရေးပါ။ တစ်နည်းအားဖြင့် လျှပ်စစ်ဈေးနှုန်းကို လုံးဝအရှုံးမခံဘဲ ရောင်းချနေတဲ့ကိစ္စဖြစ်တဲ့အတွက်ကြောင့် ကြိုက်ရောင်းကြိုက်ဝယ်လုပ်ငန်းအဖြစ် အဆိုရှင်ပြောကြားတာမှန်ပေမဲ့ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေကတော့ လျှပ်စစ်ဓာတ်အားကို အကြီးအကျယ်အရှုံးခံရောင်းချနေရတဲ့ အခြေအနေမှန်လေးကိုပဲ ထည့်သွင်းစဉ်းစားပြီး မတူညီတဲ့နိုင်ငံခြားရဲ့အခြေအနေနဲ့ ထပ်တူထပ်မျှတိုင်းတာလို့ခက်ခဲနေတာ ဖြစ်ပါတယ်။ အများပိုင်ကုမ္ပဏီဖွဲ့စည်းပြီး အရင်းကြေကာလအကျိုးခံစားခွင့်တွေသတ်မှတ်ပြီး ဈေးနှုန်းတွက်ချက်ဆောင်ရွက်မယ်ဆိုခဲ့ရင် အဆိုပါအများပိုင်ကုမ္ပဏီမှာ အစုရှယ်ယာပါဝင်တဲ့လိုတဲ့ လူတွေက သူတို့ရဲ့အခုစိုက်ထုတ်လိုက်တဲ့အရင်းအနှီးကို အမြတ်ပြန်လည်ရယူလိုမှုဆန္ဒတွေကြောင့် ဈေးနှုန်းတွေဟာကြီးမားလာပြီး မူလကကျေးရွာသူကျေးရွာသားတွေ ငွေကြေးမတတ်နိုင်လို့ ဒီနည်းလမ်းကို ရှာဖွေလိုက်ကာမှ ဒီကုမ္ပဏီရဲ့လုပ်ပိုင်ခွင့်ရမယ့်ကာလ သက်တမ်းတစ်လျှောက်လုံးမှာ ငွေကြေးမတတ်နိုင်တဲ့ ကျေးရွာသူကျေးရွာသားတွေဟာ နှစ်ရှည်လများစရိတ်စကမြင့်မားစွာ ပြန်လည်ခံစားလာရမှာကိုလည်း ကျွန်တော်တို့စဉ်းစားကြရမှာဖြစ်ပါတယ်ခင်ဗျား။ ကျေးရွာများအတွင်းမှာ ၄၀၀ ဗို့ဓာတ်အားလိုင်းများကို တကယ်တမ်းကတော့ နိုင်ငံတော်ကတာဝန်ယူဆက်လက်ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ကအခုလိုဆောင်ရွက်ဖို့ရန် လက်တွေ့မှာ လျှပ်စစ်ဓာတ်အားကို နှစ်စဉ် ဘီလီယံပေါင်းများစွာ အရှုံးခံရောင်းချနေရတဲ့အချိန်မှာ ထိုဘဏ္ဍာငွေများကို ၄၀၀ ဗို့ဓာတ်အားလိုင်းများအထိ တည်ဆောက်ရေးအတွက် ဘတ်ဂျက်သုံးစွဲ

နိုင်မှု အားနည်းမှုတွေဖြစ်ပေါ်လာရာကနေ ဒီလိုဖြစ်စဉ်တွေ ပေါ်ပေါက်လာရတာဖြစ်ပါတယ်။ ဘဏ္ဍာငွေတွေကို ကုမ္ပဏီကို ရင်းနှီးမြှုပ်နှံစေခြင်းဖြင့် ဝန်ဆောင်မှုပေးရန်အဆိုပြုထားပေမဲ့ လက်တွေ့မှာ ကုမ္ပဏီများက မည်သည့်ဝန်ဆောင်မှုကိုမျှ ကောင်းကောင်းမပေးဘဲ မီတာခကိုသာ ကောက်ခံရန်စိတ်ဝင်စားကြကြောင်း အများပိုင်ကုမ္ပဏီများအနေနဲ့ ဖရန်ချိုင်းလို့အမည်တပ်ထားတဲ့ အဖွဲ့အစည်းတွေက ရန်ကုန်မြို့ မန္တလေးမြို့တို့အပါအဝင် နယ်မြို့ကျေးရွာတွေမှာ ဆောင်ရွက်နေတဲ့ ကိစ္စရပ်တွေကို မကျေနပ်တဲ့အတွက်ကြောင့် ဝန်ကြီးဌာနကို တင်ပြမှုတွေနဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတွေရဲ့ ဝေဖန်ထောက်ပြအကြောင်းကြားမှုတွေလည်း လက်တွေ့တွေ့ရှိနေကြတာ ဖြစ်ပါတယ်။ ဒါကြောင့် အများပိုင်ကုမ္ပဏီတွေဆောင်ရွက်လိုက်တာနဲ့ အရာရာအဆင်ပြေသွားမယ်လို့ ကျွန်တော်တို့ မျှော် တွေးဖို့ရန်အင်မတန်ခက်ခဲတာဖြစ်ပါတယ်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းတွေကို ရင်းနှီးမြှုပ်နှံဆောင်ရွက်တဲ့အခါမှာ ရင်းနှီးမြှုပ်နှံရမည့်ပမာဏတွေက များပြားပါတယ်။ နည်းပညာဆိုင်ရာကိစ္စရပ်တွေဟာ သာမန်အဆင့်ထက် ပိုလွန်တာဖြစ်ပါတယ်။ အများပြည်သူကို လျှပ်စစ်ဓာတ်အားရောင်းချရမည့်ဈေးနှုန်းဟာလည်း အများပိုင်ကုမ္ပဏီတွေဆောင်ရွက်လာမယ်ဆိုရင် ဈေးနှုန်းတွေမြင့်မားလာပြီး ယှဉ်ပြိုင်နိုင်စွမ်းတွေ၊ စက်မှုလက်မှုလုပ်ငန်းတွေ ကျေးရွာတွေမှာ ဖြစ်ပေါ်လာဖို့ရန် အင်မတန်အဟန့်အတားပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ ဆောင်ရွက်မယ့်ကုမ္ပဏီရဲ့ အကျိုးအမြတ်ရရှိဖို့ ဝန်ကြီးဌာနက စဉ်းစားပေးရမယ်ဆိုရင် အစိုးရအနေနဲ့သာ ထိုကုမ္ပဏီတွေကို နှစ်ရှည်ထပ်မံပြီး အရှုံးထပ်ခံပေးမှသာ ကုမ္ပဏီတွေရဲ့ စီးပွားရေးဖြစ်နိုင်ခြေ ပေါ်ပေါက်လာမှာဖြစ်တော့ လက်ရှိပြည်သူကို ရောင်းချရတဲ့အရှုံးနှင့် အများပိုင်ကုမ္ပဏီတွေ ရင်းနှီးမြှုပ်နှံရင်သူတို့ရဲ့ ရပ်တည်ရေးအတွက် အစိုးရထပ်မံအရှုံးခံရမည့်အရှုံးတွေသာ ထပ်မံပေါ်ပေါက်လာမှာလည်း ဖြစ်ပါတယ်။ ပြည်သူတို့ရဲ့အကျိုးထက် ကုမ္ပဏီရဲ့အကျိုးကို ရှေ့တန်းတင်လုပ်ကိုင်လာမယ့် ကျေးရွာပေါင်းများစွာမှာပေါ်ပေါက်လာနိုင်မည့် အများပိုင်ကုမ္ပဏီများရဲ့ ပြဿနာတွေအားလုံးဟာ တစ်နိုင်ငံလုံးအနှံ့ မြန်ဆန်စွာ ဖြစ်ပေါ်လာမယ်ဆိုရင် ယခု ကျေးရွာမီးလင်းရေးကော်မတီများရဲ့ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ရတဲ့အနေအထားထက် ပိုမိုခက်ခဲမှုတွေပေါ်ပေါက်လာမယ်ဆိုတာတွေကို ကျွန်တော်တို့ ကြိုတင်စဉ်းစားကြဖို့လည်း လိုအပ်တာဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ ကျေးရွာမီးလင်းရေးကော်မတီများဖွဲ့ကာ ရွာမီးလင်းရေးလျှောက်ထားမှုကို အနာဂတ်ကာလတစ်ခုမှာ ယခုကာလကဲ့သို့ ဆက်လက်ဆောင်ရွက်မှုများ မပြုတော့ရန်လည်းပဲ စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီအတွက် 11 KV လိုင်းတွေ၊ 11.4 ထရန်စဖော်မာတွေ NEP Plan နဲ့

JICA ချေးငွေနဲ့ KFU ချေးငွေတို့နဲ့ တပ်ဆင်သွားတဲ့ ကျေးရွာတွေမှာ ၄၀၀ ဗို့လိုင်းတွေ လိုအပ်နေမှုတွေကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့က ဝန်ကြီးဌာနက ဆောင်ရွက်နေတဲ့ အစီအစဉ်နှင့် အချိန်ကိုက်ညီအောင် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်များမှာ ဘဏ္ဍာငွေထည့်ဝင်ဆောင်ရွက်ပေးသွားနိုင်မယ်ဆိုလို့ရှိရင် ပြေလည်သွားနိုင်တယ်ဆိုတာကိုလည်း ကျွန်တော်တို့စဉ်းစားထားတာဖြစ်ပါတယ်။ ဒီအတွက် ဝန်ကြီးဌာနအနေနဲ့ ဥပမာအားဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ညှိနှိုင်းတဲ့အခါမှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေနဲ့ သူ့ရဲ့တိုင်းအတွင်းမှာ NEP Plan နဲ့ 11 KV လိုင်းတွေ၊ 11.4 ထရန်စဖော်မာတွေ တည်ဆောက်တပ်ဆင်ပေးမယ့် ကျေးရွာများအားလုံးအတွက် လိုအပ်သော ၄၀၀ ဗို့ဓာတ်အားလိုင်းများရဲ့ ဘဏ္ဍာရန်ပုံငွေကို တိုင်းဒေသကြီးရဲ့ ဘဏ္ဍာနှစ်အလိုက်ရန်ပုံငွေမှာ အချိန်မီထည့်သွင်းလျာထားဆောင်ရွက်ပေးသွားမယ်လို့ ကျွန်တော်တို့ညှိနှိုင်းသဘောတူညီချက်ရှိပါတယ်။ အဆိုပါကဲ့သို့သော ညှိနှိုင်းသဘောတူရရှိချက်များကို ကျန်သောတိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များနှင့် ကျွန်တော်တို့ပြည်ထောင်စုဝန်ကြီးဌာနဟာ ဆက်လက်ညှိနှိုင်းသွားမှာဖြစ်ပါတယ်။ အကယ်၍သာ အလားတူညှိနှိုင်းသဘောတူရရှိခဲ့မယ်ဆိုရင် ကိုယ်စားလှယ်ကြီးတွေစိတ်ပူနေတဲ့ ၄၀၀ ဗို့ဓာတ်အားလိုင်းများအတွက် ကျေးရွာသူကျေးရွာသားတွေ ရန်ပုံငွေစိုက်ထုတ်ရမည့်ဝန်ထုတ်ဝန်ပိုးဟာလည်း များစွာလျော့နည်းပပျောက်ပြီး ပြေလည်သွားမှာဖြစ်ပါတယ်။ ဒီအခါမှာဆိုလို့ရှိရင် ကျေးရွာမီးလင်းရေးကော်မတီတွေဆိုတာလည်း မလိုအပ်။ အများပိုင်ကုမ္ပဏီတွေဆိုတာလည်းမလိုအပ်ဘဲနဲ့ ကျေးရွာသူကျေးရွာသားများအနေနဲ့ မြို့နေအိမ်ခြေများကဲ့သို့ တစ်ပြေးညီတန်းတူညီမျှအခွင့်အရေးတွေလည်း ရရှိလာမှာဖြစ်ပါတယ်။ သို့တိုင်အောင် လိုအပ်တဲ့ဘဏ္ဍာရန်ပုံငွေတွေမြောက်မြားစွာ ဆက်လက်ရှိနေဦးမှာဖြစ်တဲ့အတွက်ကြောင့် ဒီလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့အတွက် လက်ရှိအလွန်နည်းပါးနိမ့်ကျနေတဲ့ လျှပ်စစ်ဓာတ်အားနှုန်းထားကို ပြင်ဆင်သတ်မှတ်လိုက်နိုင်မယ်ဆိုခဲ့ရင် ဘတ်ဂျက်ဆုံးရှုံးမှုတွေမရှိတော့တဲ့အခါမှာ ပြန်လည်ကာမိသွားမယ့် ရန်ပုံငွေများဖြင့် ကျေးရွာများအတွက်လိုအပ်နေတဲ့ ၄၀၀ ဗို့ဓာတ်အားလိုင်းတွေကိုလည်း နှစ်စဉ်တိုးချဲ့တည်ဆောက်ဆောင်ရွက်ပေးသွားနိုင်မယ်ဆိုတဲ့ အခွင့်အလမ်းကိုရရှိလာမှာ ဖြစ်ပါတယ်။ အဆိုပါအခြေအနေကိုလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများထံ မနေ့က ၂ နာရီကျော်ကြာ ကျွန်တော်တို့ ဝန်ကြီးဌာနက အသေးစိတ်ရှင်းလင်းတင်ပြပြီးဖြစ်ပါတယ်ခင်ဗျား။ ဒီအတွက်ကြောင့် အမှန်တကယ် ရေရှည်မှာပြေလည်စေနိုင်မည့်နည်းလမ်းကို ဖြေရှင်းဆောင်ရွက်သွားဖို့ ဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့အခြေအနေကို ဝိုင်းဝန်း

ထောက်ခံပေးပါရန်နှင့် လက်ရှိလျှပ်စစ်ဓာတ်အားမရရှိသေးသော ကျေးရွာသူကျေးရွာသားများ အတွက် လျှပ်စစ်ဓာတ်အားကို ဝန်ထုပ်ဝန်ပိုးမရှိဘဲ အသုံးပြုနိုင်ရန်အတွက် စေတနာအထူးရှေ့ထား ပြီး တင်သွင်းခဲ့တဲ့အဆိုရှင်ကိုလည်း အသိအမှတ်ပြုပါကြောင်းနှင့် ထိုအဆိုကိုမှတ်တမ်းအဖြစ် ထားရှိ ပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးဉာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စုဆောင်းငွေမထားနိုင်လောက်အောင်ကို ဆင်းရဲနွမ်းပါးရရှာသော အများပြည်သူများအဖို့ ရင်းနှီးမတည်ငွေထည့်ဝင်ရခြင်းဆိုတဲ့ ဝန်ထုပ်ဝန်ပိုးကင်းစွာ လျှပ်စစ်ဓာတ်အား သုံးစွဲခွင့်ရစေလိုသောစေတနာအဖြစ်တင်သွင်းခဲ့တဲ့ကျွန်တော်ရဲ့အဆိုအပေါ်မှာ ဝိုင်းဝန်းဆွေးနွေးပေး ကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ စိတ်ဝင်တစားနဲ့နားစိုက်ထောင်ပေးကြသော အစည်းအဝေး ခန်းမအတွင်းမှာရှိတဲ့ဂုဏ်သရေရှိပုဂ္ဂိုလ်များနှင့် သဘောထားမှတ်ချက်ပေးပါသော သက်ဆိုင်ရာ ပြည်ထောင်စုဒုတိယဝန်ကြီးတို့ကို မဲဆန္ဒရှင်များရဲ့ကိုယ်စားအထူးပဲကျေးဇူးတင်ကြောင်း ပဏာမ ပြောကြားလိုပါတယ်။ အလျဉ်းသင့်လို့ ကျွန်တော်တစ်ခုတင်ပြချင်ပါတယ်။ ၂၀၁၅ ခုနှစ် ကိုယ်စားလှယ် အဖြစ် ရွေးချယ်ခံရပြီးတဲ့အချိန်မှာ ကျွန်တော်ရဲ့ဆရာတော်က ဆုံးမသွားတဲ့စကားလေးတစ်ခွန်းကို မျှဝေချင်ပါတယ်။ ဒါယကာကြီးတာဝန်ထမ်းတဲ့အချိန်မှာ အများပြည်သူအကျိုးစီးပွားကိုသာ ရှေးရှုပါ။ ကိုယ်ရဲ့ချည်မပါစေနဲ့ဆိုတဲ့ဆုံးမစကားဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်ဒီအဆိုတွေ တင်တယ်။ မေးခွန်းတွေမေးတဲ့အချိန်တိုင်းမှာ ကျွန်တော်ရဲ့ဆန္ဒကိုဦးစားမပေးပါဘူး။ အများပြည်သူရဲ့အကျိုး စီးပွားကိုပဲ ကျွန်တော်ရှေးရှုပါတယ်။ နောက်တစ်ချက်က ကျွန်တော် အင်မတန်လေးစားရတဲ့ ဟံသာဝတီသတင်းစာ ဆရာကြီးဦးဝင်းတင်ရဲ့လမ်းညွှန်စကားဖြစ်ပါတယ်။ ကျွန်တော်တို့တွေရဲ့ဘဝမှာ အခက်အခဲတွေနဲ့ကြုံလာရင် ထွက်ပေါက်ရှာတတ်လေ့ရှိပါတယ်တဲ့။ ထွက်ပေါက်မရှာပါနဲ့တဲ့။ ဖောက်ထွက်လိုက်ပါလို့ ပြောပါတယ်။ ဒီလိုအချက်တွေကြောင့် ကျွန်တော်အခုနကပြောခဲ့တဲ့ နိုင်ငံကလည်းပဲ ဘဏ္ဍာငွေမတတ်နိုင်၊ ဖြန့်ဖြူးမှုအတွက် အခက်အခဲကလည်းရှိဆိုတဲ့အချိန်မှာ ဖောက်ထွက်သောအဆိုအတွေးအခေါ်လေးတစ်ခုကို တွေးမိပြီးတော့ အဆိုတင်ခြင်းဖြစ်ပါတယ်။ နောက်ကျွန်တော်တို့ဆိုခဲ့တဲ့ ဒီမိုကရေစီအုပ်ချုပ်ရေးမှာလည်းပဲ မျှတမှုဆိုတာ အင်မတန်မှအရေးပါတဲ့ အင်္ဂါရပ်တစ်ချက်ဖြစ်ပါတယ်။ ဆိုခဲ့တဲ့သုံးစွဲခွင့်ရနေတဲ့ပြည်သူတွေရှိသလို သုံးစွဲခွင့်မရတဲ့ပြည်သူတွေ

လည်းရှိပါတယ်။ လျှပ်စစ်ကဏ္ဍမှာ ကဏ္ဍကြီးသုံးရပ်ဖြစ်တဲ့ ထုတ်လုပ်ခြင်းကဏ္ဍနဲ့ ဆက်သွယ်ခြင်းကဏ္ဍကို နိုင်ငံတော်ကနေပြီးတော့မှ တာဝန်ယူခဲ့ပါတယ်။ ဖြန့်ဖြူးရေးကဏ္ဍကျမှသာလျှင် တာဝန်မယူနိုင်တဲ့အခြေအနေရောက်သွားလို့ လက်ရှိစနစ်တွေနဲ့ ကြည့်သုံးနေရတာ ဖြစ်ပါတယ်။ ဆိုခဲ့တဲ့ရင်းနှီးမှုနှင့် ဆက်သွယ်မှုကဏ္ဍနှစ်ရပ်မှာ ကျွန်တော်စောစောပိုင်းကတင်ပြခဲ့တဲ့ ဆင်းရဲနွမ်းပါးသောပြည်သူများလည်း သက်ဆိုင်တယ်ဆိုတာကို ကျွန်တော်တင်ပြချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့က အမြတ်ခွန်တို့၊ ဝင်ငွေခွန်တို့သာ မဆောင်တာလျှင်နေရမယ်။ သုံးစွဲနေတဲ့ ကုန်သွယ်ခွန်တွေကိုတော့ သူတို့ဆောင်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီကဏ္ဍတွေမှာလည်း သူတို့ရဲ့အရင်းအနှီးပါကြောင်းကို သယံဇာတတွေလည်းပါသလို သူတို့ရဲ့အရင်းအနှီးတွေလည်းပါတာကို ကျွန်တော်တို့မေ့ထားလို့မရပါဘူး။

အခု စောစောပိုင်းက ဝန်ကြီးတင်ပြသွားသလိုပါပဲ။ ကယားပြည်နယ်အဖြစ်အပျက်မျိုးကို ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှာ လာလုပ်ပေးမယ်ဆိုရင်တော့ အဲဒီလို မယူတဲ့သူတွေရှိတယ်လို့ သွားပြောမိရင်တော့ တော်တော်များများကတော့ ဝါးလုံးကွဲအောင် ရယ်ကြပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့မှာမျှော်လင့်နေကြတဲ့လူချည်းပဲ ဖြစ်ပါတယ်။ သို့သော်လည်းပဲ အခုအခြေအနေ၊ ဝန်ကြီးဖြေကြားချက်ရော၊ ဆွေးနွေးချက်တွေအရရောဆိုရင် ကျွန်တော်တို့ကနှစ်လမ်းပဲရှိတယ်။ ဒါကို ကျွန်တော်အဆိုတင်တဲ့နည်းလမ်းကို မဆောင်ရွက်နိုင်ရင် နိုင်ငံတော်ကပဲကဏ္ဍသုံးရပ်လုံးကို တာဝန်ယူရမယ့်နည်းဖြစ်ပါတယ်။ လက်ရှိမှာလည်းပဲ မွန်ပြည်နယ်အစိုးရကတော့ပံ့ပိုးပေးနေပြီဖြစ်ပါတယ်။ နောက်တစ်ချက်က ပြည်ထောင်စုဖွံ့ဖြိုးရေးဆိုင်ရာရန်ပုံငွေတွေနဲ့လည်းပဲလွှတ်တော်ကိုယ်စားလှယ်များက ချပေးပြီးတော့ ကျေးရွာကလည်းတတ်နိုင်သလောက်သူတို့စုဆောင်းတဲ့နည်းနဲ့လည်း ၄၀၀ ဗို့အားကြိုးတွေကို ဆက်သွယ်နိုင်လာတဲ့ကာလရောက်လာတဲ့အတွက် ဒီဟာကိုအခုအစိုးရရော၊ နောင်လာမယ့်အစိုးရတွေရော မျှတမှုအတွက်ကို တာဝန်ရှိကြောင်းကို အဆိုတင်လိုက်နိုင်တဲ့အတွက်ကို ကျွန်တော်တို့ဆင်းရဲသားအများပြည်သူများရဲ့ကိုယ်စား ကျွန်တော်ကျေနပ်ပါတယ်။ ဒါကြောင့် ဝန်ကြီးတင်ပြသလိုပဲ မှတ်တမ်းတင်ရေးကို ကျေကျေနပ်နပ်လက်ခံပါကြောင်း ပြန်ကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဉာဏ်ဟိန်း၊ သံဖြူဇရပ်မဲဆန္ဒနယ်ကတင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ်လေးဦးက ဆွေးနွေးပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကအဆိုအား မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း မှတ်တမ်းတင်ပေးရန်

ရှင်းလင်းပြောကြားခဲ့ပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးဉာဏ်ဟိန်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်မည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၀)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ မတ်လ ၄ ရက်(တနင်္လာနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၄၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ၁၂း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ (၁.၃.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




**Dr Tun Naing** **U Tin Aye**




**Dr Tun Naing** **U Tun Tun**




**Dr Tun Naing** **U Zone Teint**




**Dr Myint Htwe** **Dr Saw Naing**




**Dr Myint Htwe** **U Kyaw Htay**




**Dr Myint Htwe** **U Myint Oo**

pyithu.hluttaw.mm



Dr Myint Htwe



Dr Than Aung Soe

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်